www.burmeseclassic.com



BURMESE CLASSIC .com

နွေမိုးဆောင်းစာပေ

# နေမင်းရောင်ခြည်

တ မ လွန် မှ တ ယော သံ

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၈၄၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၅၁၀၆၀၉

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်လ – ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၈၀၀ ကျပ်
အုပ်ရေ – ၅၀၀
မျက်နှာဖုံး – ယု၀

ထုတ်ဝေသူ
ဦးကျင်ဝမ်(၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ်(၆၅)၊
ဗွာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းပုံနှိပ်သူ
ဒေါ်ခင်နွဲ့(မြ–၀၆၅၆၇)၊ နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃
နေမင်းရောင်ခြည်
တမလွန်မှတယောသံ/နေမင်းရောင်ခြည်၊-ရန်ကုန်၊
နွေမိုးဆောင်းစာပေ၊ ၂၀၀၉။
၁၉၂-၁၁၊ ၁၂ × ၁၈ စင်တီ။
(၁) တမလွန်မှတယောသံ

BURMESE CLASSIC .com

## ပါဝင်သောအခန်းများ

❋ လေပြင်းတိုက်သောညတစ်ည
❋ ကျိန်စာသင့်သောတယောတစ်လက်
❋ ကံဆိုးရှာသောချစ်သူ
❋ သန်းခေါင်ယံဂီတာ
❋ ကိုယ်တွေ့ကြုံမှုပုံတစ်ပြို
❋ သရဲရှိမရှိ
❋ အိပ်မက်လေလားနိုးတခါး
❋ အနက်ရောင်ကြောင်တစ်ကောင်
❋ လူမိုက်၏နိဂုံး
❋ အွန့်ရာယ်ကင်းတံသိပ်တော်

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com

# လေပြင်းတိုက်သောညတစ်ည

ရွာလယ်လမ်းတောစ်လျှောက်
လူတစ်ယောက် ရယ်မောလိုက်သံလို အသံကြီးကို
ရွာထဲမှ လူတော်တော်များများကြားလိုက်ရ၏။
သတ္တိရှိသူအချို့ကချောင်းကြည့်သော်လည်း
ဘယ်သူ့ကိုမျှ မမြင်ရချေ။





မှောင်မိုက်သောညတစ်ညဖြစ်သည်။ ရောဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းရှိ နေရောင်ကာ ဓနိပါတ်ဟုအမည်ရသည့် ရွာကလေးသည် အမှောင်ထဲတွင် တိတ်ဆိတ်စွာ အိပ်မောကျနေခဲ့၏။ ညဦးပိုင်းသာရှိသေးသော်လည်း တောသဘာဝအရ တစ်နေ့ကုန်လယ်အလုပ်၊ ရေလုပ်ငန်းအလုပ်များဖြင့် ပင်ပန်းခဲ့သဖြင့် ညအခါတွင် သွားသွားလာလာ သိပ်မရှိတတ်တာလည်း သူတို့ထုံးစံလိုဖြစ်နေသည်။

တကယ်တော့ ရွာအမည်ကို နေရောင်ကာဓနိပါတ်ဟူ၍ တွဲပြီးခေါ်လေ့ရှိသော်လည်း အမှန်စင်စစ် နေရောင်ကာနှင့် ဓနိပါတ်သည် တစ်ရွာစီဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာမှာ ဝေးလှသည်တော့မဟုတ်။ ဒီဘက်ရွာက ကလေးငိုလျှင် ဟိုဘက်ရွာမှ ကြားရလောက်သည်အထိ ရွာချင်းကနီးသည်။ တစ်ရွာတည်းလိုလိုဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ရွာမှာ ရွာအလယ်တည့်တည့်တွင် ဖြတ်သန်းစီးဆင်းသွားသော ကျယ်ဝန်းသည့်ချောင်းကလေးကြောင့် နှစ်ရွာကွဲသွားခြင်းဖြစ်သည်။ ချောင်း၏မြောက်ခြမ်းကို နေရောင်ကာတောင်ဘက်ခြမ်းကို ဓနိပါတ် ဟူ၍ခေါ်ကြသည်။ တောင်ရွာ၊ မြောက်ရွာဟုလည်း အလွယ်ခေါ်ကြသေးသည်။ တစ်ရွာနှင့်တစ်ရွာကိုမူ လှေကလေးများဖြင့် ကူးကြရသည်။ အုပ်ချုပ်ရေးပိုင်းအရ နှစ်ရွာဟု ခွဲခြားထားသော်လည်း နေရောင်ကာနှင့် ဓနိပါတ်သည် တစ်ရွာတည်းလိုပင် ရောယှက်နေတော့သည်။ သို့သော် ဘယ်လိုအကျိုးပေးလဲတော့မသိ။ တစ်ရွာထဲလို နီးကပ်စွာတည်ရှိသော်လည်း ချောင်း၏မြောက်ဘက်မှ နေရောင်ကာရွာထက် ချောင်း၏တောင်ဘက်မှ ဓနိပါတ်ရွာက ဥစ္စာနေပို၍ ကြွယ်ဝသည်။ စီးပွားဥစ္စာ ဖြစ်ထွန်းကြသည်။ လယ်ပိုင်ယာပိုင်ကြေးရေတက် ပို၍ပေါသည်။ နေရောင်ကာရွာဘက်ခြမ်းတွင်တော့ ဘောက်(ခေါ်)လက်လုပ်လက်စား၊ တံငါ၊ သူရင်းငှား၊ ကောက်စိုက်သမ စသူတို့သာများသည်။ ဥစ္စာခနေ သိပ်ပြီးခိုင်မာတောင့်တင်းသူ မရှိသလောက်ရှားသည်။ ဒါကတော့ ထူးခြားမှုတစ်ခုဖြစ်သည်။ သို့သော် သူတို့နှစ်ရွာပေါင်းတွင်မှ ဘုန်းတော်ကြီးကျောင်းကမူ တစ်ကျောင်းတည်းရှိသည်။ စင်စစ် ရွာနှစ်ရွာပေါင်းကာမှ အိမ်ခြေ(၈၀)မျှသာရှိသည်မို့ ချောင်းကမ်းပါးမှ ရွာတန်းစုလေးမျှသာဖြစ်နေသဖြင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းလည်း မလိုအပ်ပါချေ။ ဘုန်းကြီးကျောင်းမှာမူကား အစဉ်အဆက်ကပင် ဆင်းရဲသောရွာဘက်ခြမ်းတွင်တည်ရှိလေသည်။ နေရောင်ကာ ဘုန်းကြီးကျောင်းဟုခေါ်၏။





ထိုနေ့က ညသည် နေရောင်ကာရွာကလေးအတွက် ထူးခြားသောညတစ်ညဖြစ်ခဲ့သည်။ သန်းခေါင်အချိန်ရောက်သည်နှင့် ကြည်သင်နေသော ကောင်းကင်သည် မိုးသားများ ရုတ်တရက် စုဝေးညို ...င်းကာ ကောင်းကင်သည် မှောင်မည်းသွား၏။ ၎င်းနောက် ရွာဦး ...ကျောင်းဘက်ဆီမှ စတင်၍ခွေးအူသံကြားရသည်။ ခွေးများအူပုံမှာ ...တစ်စုံတစ်ရာမကောင်းဆိုးဝါးကိုမြင်ရ၍ အူပုံမျိုးနှင့် ကျက်သရေ ...ငံလာမရှိစွာ တစ်နေရာမှ တစ်နေရာသို့ ကူးကာ အူနေကြ၏။

ခွေးအူသံနှင့် မရှေးမနှောင်းမှာပင် လေများတဝေါဝေါတိုက် ...လာတော့သည်။ ပထမသော် အုန်းပင်ထိပ်ဖျားများ ယိမ်းနွဲ့ နွဲ့ရုံသာ ...လေကတိုက်သည်။ နောက်တော့ တဝေါဝေါ တဝူးဝူးဖြင့် ရွာထဲမှ ...အိမ်လေးများ သိမ့်သိမ့်တုန်အောင် လေသည် တရကြမ်းဝှေ့လာ ...တော့သည်။ ခွေးအူသံများကြားခြင်း၊ လေပြင်းတိုက်ခြင်းကြောင့် ...ယ်သူမျှ အိမ်အပြင်မထွက်ရဲကြ။ အိမ်ထဲမှာပဲ စောင်ခြုံ၍ ကုတ်နေ ...ကြသည်။ အချို့ကလည်း နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ယန္တနိုးလာ ...ကြသည်။

"ဝေါ ... ဝေါ ... ဝေါ"

ထိုအခိုက်ဝယ် ဆူညံနေသော လေတိုက်သံများကြားမှ ...သာယာချိုပြောင်းသော တယောသံသဲ့သဲ့က တစ်ချက်တစ်ချက် ပျံ့ ...နှံ့လာသည်။ ဤမျှ ရာသီဥတုဆိုးဝါးနေချိန်တွင် မည်သူသည် စိတ် ...အားလက်အား တယောထိုးနေသနည်း။

လေတိုက်သံ၊ တယောသံများထွက်ပေါ်နေဆဲအချိန်မှာပင် ...သည် လမ်းမတစ်လျှောက် လူတစ်ယောက်ရယ်မောလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



အသံကြားတို့ရွာထဲမှ လူတော်တော်များများ ကြားလိုက်ရ၏။ သတ္တိရှိသူအချို့ ချောင်းကြည့်သော်လည်း ဘယ်သူ့ကိုမျှ မမြင်ရချေ။ အချို့ကတော့ ဖြူဖြူသဏ္ဌာန်တစ်ခု ရွာလယ်လမ်းအတိုင်းလျှောက်သွားပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်ဟု မြင်ရ၍ အချို့က အရိုးသမီးတစ်ယောက်ကိုမြင်ရကြောင်း နံနက်လင်းတော့ ပြောကြသည်။ ဘယ်သူ့စကားကမှန်လဲ စဉ်းစားမရပေ။

နောက်ဆုံး အရုဏ်တက်ခါနီးမှ လေသည် အပြင်းထန်ဆုံးသိမ့်ခနဲတစ်ချက်တိုက်လိုက်ပြီး တယောသံရော၊ ရယ်သံရော ရုပ်ဖျောက်ကွဲယ်သွားတော့သည်။





နောက်တစ်နေ့နံနက်တွင် ညကအဖြစ်အပျက်ကြောင့် ရွာသားများသည် ထိတ်လန့်တုန်လှုပ်ကာ ကျေးရွာဥက္ကဋ္ဌဖြစ်သော ရွာလူကြီး ဦးတိုးညွန့်၏အိမ်ရှေ့သို့ စုပြုံရောက်ရှိလာခဲ့တော့၏။ ဦးတိုးညွန့်ကိုယ်တိုင်လည်း တောက်တီးတောက်တဲ့တွေ အယုံအကြည်မရှိသော်လည်း သူကိုယ်တိုင်ကြုံရ ကြားရသောကိစ္စတစ်ခုဖြစ်၍ စဉ်းစားခက်လှသည်။ ပို၍ထူးဆန်းသည်မှာ ညက သူတို့ရွာကလေးတွင် အမှတ်မထင် သိမ့်သိမ့်တုန်အောင် လေကြီးမိုးကြီးကျ၍ ရယ်သံများ၊ တယောသံများ ကြားသော်လည်း တစ်ဖက်ရွာ ခနိုပါတ်မှာ ညက လေလည်းမတိုက်၊ ဘာသံမှလည်းမကြားဟု ပြောနေကြခြင်းပင်ဖြစ်သည်။

"ရွာမသန့်တော့ဘူးထင်တယ် ... စုံစမ်းပေးပါ ဥက္ကဋ္ဌ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကလေးတွေက ညဥ့်ရောက်မှာတောင် ကြောက်နေ
[illegible]

"ရွာသူနှောင့်ယှက်တာဟဲ့"

"အများအပွင့်းဘယ်သူလုပ်မိကြသလဲ ကွင်းပိုင်ကြီးစိတ်ဆိုးပြီထင်တယ်"

"အဲဒါကြောင့်ပြောတာ ရွာထိပ်က သစ်ပင်ကြီးကို မလှဲပါနဲ့ဆို ကာလသားတွေဟာ မိုက်ကိုမိုက်တယ်"

"ကျုပ်တို့နဲ့ဘာဆိုင်လဲဗျ ... ခင်ဗျားတို့လူကြီးတွေ လိုင်စင်မဲ့ အရက်ပုန်းချက်တာနဲ့ နွားခိုးပေါ်တာကို ဆိုင်ရာပိုင်ရာက မကြိုက်လို့ သတိပေးတာနေမှာပေ့ါ"

"ကဲ ... တော်ကြပါတော့ကွာ"

ဟု ဥက္ကဋ္ဌ ဦးတိုးညွန့်က စကားများနေသူများကို ငေါက်လိုက်သည်။

"ခင်ဗျားတို့မှာ ဒီပြင် ထိထိရောက်ရောက်အကြံပေးနိုင်တဲ့သူ မရှိတော့ဘူးလား ..."

"ဒီလိုရှိပါတယ်ဥက္ကဋ္ဌ ... ညတုန်းက မိုးမှောင်ကျပြီး လေတွေ တိုက်တုန်းက တယောထိုးသံသဲ့သဲ့ကြားမိပါတယ် ... ဒီရွာမှာလည်း တယောထိုးတတ်တဲ့လူဆိုလို့ ရွာအစွန်မှာနေတဲ့ မောင်ရဲမာန်တစ်ယောက်ပဲရှိတာမို့ ဒီကိစ္စ သူ့ကိုခေါ်မေးကြည့်ရင် ကောင်းမယ်ထင်ပါတယ် ..."

ရွာလူကြီး ဦးတိုးညွန့်သည် ခေတ္တမျှစဉ်းစားလိုက်ပြီး အခြား အထွေအထူးလည်းတွေးတော၍မရသဖြင့် ...





"အေး ဟုတ်တယ် ... ကဲဖိုးထူးရေ ... ရွာအပြင်ချောင်းကွေ့မှာနေတဲ့ ရဲမာန်ကိုသွားခေါ်ချေကွာ ... ဥက္ကဋ္ဌခေါ်တယ်လို့ပြော ... မြန်မြန်သွား ... မြန်မြန်လာခဲ့ ... လူစုံတုန်း ရှင်းရမယ့်ကိစ္စမို့ သူ အလုပ်လုပ်နေလည်း ခဏထားပြီးလိုက်ခဲ့ဖို့ပြော ကြားလား"

"ဟုတ်ကဲ့ခင်ဗျ ..."

"သတိဝီရိယတော့ ထားပြီးသွားကွာ ... ဟိုတလောက ခနဲ တောထဲမှာမိကျောင်းတစ်ကောင်တွေ့လို့တဲ့"

ဖိုးထူးက ပေ့ါပါးစွာ သူကြီးအနီးမှ ပြေးထွက်သွားသည်။

"ကဲ ... အားလုံးပဲ စိတ်အေးအေးထားကြပါဟုတ်လား ... ပုဏ္ဏာရှိမှတော့ အဖြေရှိရမှာပေ့ါ ..."

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌ"

"အေးပါတော် ... ဒီကိစ္စရှင်းမှပါပဲ"

"ဟုတ်ပ့ါဗျာ ... ညကအဖြစ်အပျက်မျိုး မကြုံဖူးပါဘူး ... အခုမနက် ဟိုတောင်ဘက်ရွာကလာတဲ့ သာအေးကို ညက သူတို့ရွာဘက် ရာသီဥတုအခြေအနေမေးကြည့်တော့ ဘာမှမထူးပါဘူးတဲ့ ... တစ်ညလုံးလင်းပြီး လေပြင်းတစ်ချက်တောင် မတိုက်ဘူးတဲ့လေ ... ဒါနဲ့ ညကအဖြစ်အပျက်ကိုပြောပြတော့ ဒီကောင်တောင် ကျောချမ်းသွားသတဲ့ ..."

"အေးလေ ... ကြုံကြုံဖူးပါဘူး တကထဲ"

ရွာသားများ တစ်ယောက်တစ်ပေါက် စကားပြောနေချိန်တွင် ဖိုးထူးတစ်ယောက် ရွာနှင့်တစ်ခေါ်လောက်ဝေးသော ချောင်းကွေ့ဟု ခေါ်သည့်အရပ်ရှိ မနီတောအုပ်ကလေးသို့ ရောက်နေပြီ။ ထို



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်လွှန်လျှင်တော့ ရဲမာန်နေသည့် ဝါးတဲလေးသို့ရောက်ပြီ
ရဲမာန်က လူထူးလူဆန်းတစ်ယောက်ဖြစ်သည်။ အများနှင့်အတူ
ရွာထဲမှာမနေဘဲ ရွာအစွန်မှာ တဲထိုးပြီးတစ်ယောက်တည်းနေသည်
အသားညိုညို။ ရင်အုပ်ကားကား။ ကျန်းမာကြံ့ခိုင်သောခန္ဓာကိုယ်
သည်။ မျက်နှာမှာ မေးရိုးပေါ်ပေါ်၊ ကြည်လင်သောမျက်စိနှင့် ကျ
လှစ်သောနှုတ်ခမ်းများပိုင်ရှင် ရဲမာန်ကို ရွာထဲကကောင်မလေးတော်
တော်များများက သဘောကျကြသည်။ သို့သော် ရဲမာန်ကတော့
မိန်းကလေးများနှင့် ရောရောယှက်ယှက်မနေဘဲ ရွာပြင်မှာသာ
တသီးတသန့်နေသည်။

ဖိုးထူး ဓနိတောအုပ်များရောက်သည်နှင့် တိုက်ခတ်လာသော
လေပြင်းက မွှေ့ပတ်လျက် ဓနိပင်များကို ဆွဲကိုင်ခါယမ်းနေသည်
တောအုပ်ကလေးကို ဖြတ်သန်းလာစဉ် လေကပိုပြင်းလာသည်
ခုနကတင် လေငြိမ်နေလျက် ရုတ်တရက် လေတိုက်လာ၍ ဖိုးထူး
အံ့ဩသွားသည်။ သူ့စိတ်ထဲ၌ ညတုန်းက အဖြစ်အပျက်ကို သတိ
ကာ တုန်လှုပ်ချောက်ချားသွားသည်။ မနက်ခင်းရာသီဥတုအကောင်း
ကြီးကနေ ဘယ်လိုဖြစ်ရပြန်တာတုံးဟုတွေးနေမိသည်။ ကြောက်
ကြောက်နှင့်အပြေးတစ်ပိုင်းလှမ်းလာသော ဖိုးထူး လမုပင်တစ်ပင်
ဘေးမှ အဖြတ် သစ်ကိုင်းအဖျားတစ်ခုက ဖိုးထူးမျက်နှာကိုဖြတ်
ရိုက်လိုက်သည်။

"ဖျန်း ..."

"အမလေးဗျ"

"ဝုန်း"





အလန့်တကြားအော်ဟစ်ရင်း အနီးရှိ ဗွက်အိုင်ထဲသို့လဲကျ
သွားသည်။ ထို့နောက် အိုင်တွင်းမှ လူးလဲထပြီး ဖနောင့်နှင့်တင်ပါး
တစ်သားတည်းကျအောင် သုတ်ခြေတင်၍ပြေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲကလေး၏တိုင်ကိုမှီလျှက် ရဲမာန်တစ်ယောက် စိတ်ပျက်
လက်ပျက်ထိုင်နေသည်။ ခုတလော ဘာ့တစ်ခုမှ လုပ်ချင်ကိုင်ချင်
စိတ်မရှိ။ တကယ်တော့ လူတင်မက စိတ်ကပါ နုံးခွေနေပါသည်
သည်တဲကလေးမှာ အထီးကျန်စွာ သူတစ်ယောက်တည်းနေလာတာ
ကြာပြီ။ သူ့အဖေနှင့်အမေလည်း ဤရွာမှာပင် ကွယ်လွန်ခဲ့သည်
သူက ဆွေမျိုးမောင်နှမ မရှိသော တစ်ကောင်ကြွက်။ သူ့အဖေထာ
ခဲ့သော လယ်ကလေးကို လုပ်ကိုင်စားသောက်သဖြင့် ဝမ်းစာ
အတွက်တော့ ဖူလုံသည်။ သို့သော် သိပ်ပြီး အချောင်လည်ကြီးတော့
မဟုတ်။ တောသဘာဝ ရရစားစားဝါးဝါးမျိုမျိုဘဝမျိုးဖြစ်သည်
မြို့သူမြို့သားတို့၏အမြင်နှင့်ကြည့်လျှင်တော့ အလွန်ဆင်းရဲနွမ်း
သော ဘဝတစ်ခုဖြစ်မည်ထင်သည်။ လူနေမှုအဆင့်မမြင့်သော်
လည်း လွတ်လွတ်လပ်လပ်နှင့် စိတ်ချမ်းသာမှုကားအပြည့်ရှိသော





ဘဝတစ်ခုပင်ဖြစ်ပါသည်။ သို့သော် ခုတလော သူ မပျော်မရွှင်နိုင်
ဖြစ်နေသည်။

လွန်လေပြီးသောကာလတုန်းကတော့ သည်လိုအထီးကျန်
ဘဝမျိုးမှ ရုန်းထွက်နိုင်အောင် အားထုတ်ခဲ့ဖူးသည်။ အခြေအနေ
ဆေးခဲ့သည်။ စိတ်ကူးယဉ်ခဲ့သည်။ ပျော်ရွှင်ကြည်နူးခဲ့ဖူးသည်။ ယခု
တော့ အရာရာသည် အိပ်မက်ပမာသာ။

လက်ရှိအဖြစ်တွင် သူ့အနားမှာ အဖော်အဖြစ်ရှိနေသည်က
တယောအိုကလေးတစ်လက်သာ။

"ဟင်း ..."

သူ့နှုတ်ဖျားမှ သက်ပြင်းရှည်အဖြစ် ထွက်ပေါ်လာသော ရင်
တွင်းမှရှိုက်သံက တယောကြိုးများကို လှုပ်ခတ်သွားတော့မယောင်ရှိ
သည်။ အတိတ်၏ဂီတသံက သူ့ရင်ကို ပြန်လည်ရိုက်ခတ်သည်။
ထရံတွင်ထောင်ထားသော တယောလေးကို အသာအယာလှမ်းယူ
လျက် ညင်သာစွာ ပွတ်သပ်ကိုင်တွယ်မိသည်။ အတိတ်ကဖြစ်ရပ်
များသည် စိတ်အာရုံပိတ်ကားပေါ်ဝယ် ရုပ်ရှင်ပြသလို ပေါ်လာပြန်
၏။

"သည်လိုကိုင် မေးဖျားလေးနဲ့ ဒီလိုထိန်းထားရတယ် ...
အသက်ရဲ့"

"ရှူးတိုးတိုးလုပ်ပါ ကိုရဲရယ် ... အသက် အသက်နဲ့တော်ကြာ
အဖေတို့ကြားသွားမှဖြင့် ခက်နေမယ်"

"ဟင်း ... ဟင်း ... အင်းပါအသက် ... အဲ ... မြသက်ရယ်"

မြသက်ဆီမှ ချစ်စရာမျက်စောင်းကလေးတစ်ချက် လှတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်နှဘုံသာထဲ စီးဆင်းသွားသည်။ ထို့အတူ ရဲမာန်မျက်ဝန်းထဲ မှ ဒေဝဗြဟ္မာဆိုဗိတ်အချစ်စိတ်များသည်လည်း မြသက်ဆိုသော ကောင်မလေးရင်ထဲသို့ ဝင်သွား၏။ မြသက်ဆိုသောတောင်ဘက် နေ့ပါတ်ရွာမှ တွမ်းတောင်ကိုင်ကောင်မလေးကို ရဲမာန်က အိမ်တိုင် ရာရောက် တယောထိုးသင်ပေးနေခြင်းဖြစ်ပါသည်။

"ကျို ... ကျို ... ကျို ... ကျို"

"ပခုံးထက်တွင် မေးတင်ထားသော တယောလေးကို ကိုင် ထားသော မြသက်လက်ကလေးပေါ် ရဲမာန်က သူ့လက်ဖြင့် အုပ် ကိုင်လျှက် ဘိုးတံ၏အဖိအဖော့တို့မှ ထွက်ပေါ်လာသော သံစဉ်များ မှာ ကြည်နူးဖွယ် လွမ်းဆွတ်ဖွယ်ထွက်ပေါ်လာပါသည်။

နှစ်ကိုယ်ထပ်ပုံ တောင်ပံခတ် ကိန္နရီမောင်နှံအလားထင်မှား ဖွယ်ရာပင်။

"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ်"

"ဟေ့ကောင် ရဲမာန်"

"ဟေ့ကောင် ရဲမာန်"

သူ့အတွေးကို ချိုးဖျက်လျက်ဝင်လာသော ရေးကြီးသုတ်ပျာ အသံကြောင့် ရဲမာတ်စိတ်ကူးယဉ်ကမ္ဘာထဲမှ လန့်နိုးကာ အသံလာ ရာဆီသို့ ကြည့်လိုက်၏။ သူ့တဲဆီသို့ အမောတကြီးနှင့်ရောက်လာသူ မှာ ဖိုးထူးဖြစ်နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ရွှံ့တွေဗွက်တွေ အလူးလူးနှင့် ...

"ရှာများလဲ ဖိုးထူးရာ ... မင်းကလည်း အလန့်တကြားနဲ့"

"ဟေ့ကောင်ရဲမာန် ... ခုနတုန်းက ဒီမြ...ပြေပြင်းတိုက်သွား





သေးလား ..."

"ကြံကြီးစည်ရာကွာ ... ဘာလေမှမတိုက်ပါဘူး ... လေကို ငြိမ်လို့ ဘာဖြစ်လို့ မေးတာလဲ"

"အင်း ... ဒါဆိုရင်တော့ ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ငါ့ကို သရဲခြောက်တာပါပဲ ..."

"ဘာဟုတ်တာလဲ ... နောက်ပြီး မင်းတစ်ကိုယ်လုံး ရွှံ့တွေ ဗွက်တွေနဲ့ ဘယ်အိုင်ဝင်လူးလာတာလဲ"

"ကဲ ... အဲဒါတွေ အသာထားပြီး ... ငါနဲ့ရွာကို မင်းလိုက်ခဲ့စမ်း ပါ ... ကျေးရွာဥက္ကဋ္ဌဦးတိုးညွန့်က မင်းကိုခေါ်ခိုင်းလိုက်တယ်ကွ"

"ဘာကိစ္စရှိလို့လဲကွာ"

"ဟိုကျရင် မင်းသိလိမ့်မယ်ကွာ ... လာမြန်မြန် ... လူကြီးအိမ် မှာရွာသားတွေစောင့်နေကြတယ်"

ပြောပြောဆိုဆို ဖိုးတူးကလာလမ်းအတိုင်းလှည့်ပြန်သွား သည်။ ဥက္ကဋ္ဌခေါ်ခိုင်းလိုက်သောအဖြေကို သိသလိုလိုတော့ရှိသည်။ တကယ်တော့ ရဲမာန်နှင့်ရွာကြားမှာ ဘာမှပြဿနာမရှိပါ။ တစ် ကောင်ကြွက်၊ တစ်မျက်နှာဖြစ်နေသည်ကတစ်ကြောင်း၊ လူအများ နှင့် ရောရောနှောနှောမနေတတ်သည်ကတစ်ကြောင်း၊ ဖခင်အမွေ ဖြစ်သော တယောထိုးခြင်းကို လွတ်လွတ်လပ်လပ်ပြုလုပ်လိုသည်က တစ်ကြောင်းတို့ကြောင့် ရွာအစွန်ချောင်းကွေ့မှာ တစ်ကိုယ်တည်း လာနေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ... ညကကိစ္စနဲ့ပတ်သက်ပြီး အားလုံးကထိတ်လန့်နေကြတယ် ... တချို့ကလည်း အမျိုးသမီးတစ်ယောက်ရှာလယ်လမ်းအတိုင်း လျှောက်သွားတာမြင်သတဲ့ အချို့ပြောကြတာက ချောင်းကွေ့ဘက်ကိုထွက်သွားတာတွေ့တယ်ဆိုပဲ ..."

ရဲမာန်သည် တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချင့်ချိန်နေ၏။ အားလုံး၏မျက်ဝန်းများက သူ့အဖြေကိုစိတ်ဝင်တစားနားစွင့်ကြည့်နေကြလေသည်။

"ညက ... လာတာ ကျွန်တော့်ကောင်မလေးပါ"

"ကျွန်တော့်အိမ်ထဲကို ဝင်လို့မရလို့ ရွာထဲမှာလျှောက်သွားနေတာပါ"

"မောင်ရဲမာန်ကလည်းကွာ ... ညကြီးမင်းကြီး ကိုယ့်ဆီကိုတကူးတကလာတဲ့သူကို အိမ်တံခါးဘာလို့ဖွင့်မပေးရတာလဲ"





"ကျွန်တော် တံခါးဖွင့်ပေးလည်း သူဝင်လာလို့မရဘူး"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ချစ်သူနဲ့ကျွန်တော်က ဘဝခြားနေလို့ပါပဲ ... သူက သေပြီးနေပါပြီ"

"ဟင် ..."

"ဟယ် ..."

"အမလေး ..."

စသည်ဖြင့် ထိတ်လန့်တကြား ရေရွတ်သံများ ဆူညံသွား၏။

"ကျွန်တော် ထင်တာတော့ ကျွန်တော့်ရည်းစားမြသက်ဟာ ကျွန်တော့်ကို စွဲလမ်းတဲ့စိတ်နဲ့ မကျွတ်မလွတ်ဖြစ်ပြီး ဟိုဟိုဒီဒီသွားလာနေတယ်လို့ထင်ပါတယ်"

မြသက်သည် ဟိုဘက်ရွာမှ ကွမ်းတောင်ကိုင် မိန်းမချောလေးဖြစ်သည်။ မြသက်နှင့် ရဲမာန်၏ဇာတ်လမ်းကိုလည်း ရွာမှလူတော်တော်များများက သိထားကြသည်။ မြသက်သည် တောင်ဘက်ရွာမှဖြစ်သော်လည်း မြသက်၏အစ်မဖြစ်သူ မမြခက်ကတော့ သူတို့မြောက်ရွာမှ ကိုအေးမောင်ဆိုသူနှင့် အိမ်ထောင်ကျကာယောင်နောက်ဆံထုံးပါဆိုသလို မြောက်ရွာခေါ် နေရောင်ကာရွာသို့ လာရောက်အခြေချနေသူဖြစ်ပါသည်။

ရဲမာန်မှာ သူစိတ်ထင်ရာကို ဘွင်းဘွင်းကြီးဖွင့်ပြောလိုက်သော်လည်း ရပ်ကွက်လူကြီးအိမ်တွင် စုဝေးနေကြသူများအနက် မြခက်ပါ ပါဝင်နေသဖြင့် သူ့ညီမမြသက်အကြောင်းကို ပြောပြီးမှ အားနာသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... တစ်မျိုးမထင်ပါနဲ့ ... မမြခက် ... ကျွန်တော်ပြောတာ နည်းနည်းလောသွားတယ် ... ကျွန်တော်ဆိုလိုတာက ညက ခြောက်တဲ့ကိစ္စက ဟိုဥစ္စာ ဟိုဒင်း"

"ငါ နားလည်ပါတယ် မောင်ရဲမာန်ရယ် ... ညီမလေးစိတ်ကို အစ်မကောင်းကောင်းသိပါတယ် ... သူက စိတ်ထက်တယ် ... စိတ်ကြီးတယ် ... မဟုတ်မခံ ငယ်ငယ်ထဲက ဒါဆိုဒါပဲ ... အရမ်းအစွဲအလမ်းကြီးတယ် ... ပြီးတော့ သူသေတော့လည်း အစ်မသေဆိုတော့ ငါ့မောင်ပြောတာ ဖြစ်နိုင်ပါတယ် ... နောက်ပြီး အစ်မလည်း ညက ထူးဆန်းတဲ့အိပ်မက်တစ်ခုကို မက်တယ် ... "

"ဘာအိပ်မက်များလဲဟဲ့ မမြခက်ရဲ့ ... အားလုံးသိအောင် ပြောလို့ရရင်ပြောပြပါလား"

ဟု ဦးတိုးညွန့်က စကားလမ်းကြောင်းပေး၏။ မမြခက်က ကောင်းပါပြီဟုဝန်ခံလျက် အောက်ပါအဖြစ်အပျက်ကို ရွာသားများအား ပြောပြလေသည်။





မြို့သို့တက်၍ ဈေးဝယ်ပြန်လာပြီး ခရီးပမ်းလာသဖြင့် မမြခက်နှင့် ကိုအေးမောင်တို့ လင်မယားနှစ်ယောက်လုံး စောစီးစွာ အိပ်ရာဝင်ခဲ့ကြသည်။ အိပ်ရာဝင်ပြီး မကြာမီပင် နှစ်ဦးသားနှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားကြ၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ မမြခက်နားထဲဝယ် ခွေးဟောင်သံလိုလို ခွေးအူသံလိုလို လေတိုက်သံလိုလိုအသံများကို ကြားလာရသည်။ မိမိခန္ဓာကိုယ်မှာ ရွာထိပ်လမုပင်အိုကြီးမှာ ငယ်စဉ်အခါက ဒါန်းစီးကစားကြသလို ရင်ထဲမှာ သိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်နေသည်။ သူနှင့်သူ့ယောက်ျားအေးမောင် ထိုလမုပင်အောက်ရောက်နေကြပြန်သည်။ သူတို့သမီးရည်းစားဖြစ်ကြတုန်းက ချိန်းတွေ့ကြရာ လမုပင်အိုကြီး။ ညဘက်လမိုက်ရက်များတွင် ထိုလမုပင်အိုကြီးသည် မကောင်းဆိုးဝါးတစ်ကောင်အလား ကြောက်မက်ဖွယ်ရာကောင်းသော်လည်း မြခက်တို့

www.burmeseclassic.com



ခြောက်အားပါ။ မြခက်တို့အတွက်တော့ ချစ်ကွန်းခိုရာအလားပါ။ မြခက်တို့တစ်ယောက်နှင့်တစ်ယောက် ကြည်နူးစွာရှိနေကြဆဲ ညီမလေး မြသက်ရောက်လာသည်။ ညီမလေးသည် ကွယ်လွန်စဉ်က ဝတ်ထားသော အဝတ်အစားအတိုင်းပင် တွေ့ရသည်။

ညီမလေးနှင့်အတူ ခွေးနက်ကြီးတစ်ကောင်ပါလာသည်။ နောက်ပြီး ခပ်ပြင်းပြင်းတိုက်ခတ်လာသောလေ။ လေထဲတွင် သူမ၏ ရှည်လျားနက်မှောင်သော ဆံပင်များမှာ ဖားလျားလွင့်မြောလျှက်။ သွေးစုပ်သတ္တဝါနွယ်ရှင်များပမာ တွန့်လိမ်ကွေးကောက်လျှက်ရှိသည်။

မျက်နှာကို သဲကွဲစွာမမြင်ရသော်လည်း သည်ကိုယ်လုံးကိုယ်ထည်နှင့် လှပစွာဖွဲ့စည်းထားသော ကောက်ကြောင်းက သူ့ညီမ မြသက်မှန်း မမြခက်အတတ်သိသည်။

"ဒီကောင်မနှယ် ... ခွေးကြောက်တတ်လျှက်နှင့် ဘယ့်နှယ်ကြောင့် သူ့ဘေးမှာခွေးနက်ကြီးတစ်ကောင်က လိုက်ပါလာရသလဲ"

ဆိုတာမမြခက်မတွေးတတ်။ ကြည့်နေရင်း ကြက်သီးထသွားသည်။ သူမတို့ဆီသို့နီးလာသော သဏ္ဍာန်ဆီမှ နီရဲသော မျက်လုံးနှစ်လုံးကို မမြခက်မြင်လိုက်ရသည်။ သူ့လိုပင် ကိုအေးမောင်လည်း မြင်လိုက်ရသည်။

"ဟင်မြသက် ညီမလေးမြသက်မဟုတ်လား"

"ဟုတ်ပါရဲ့ ကိုအေးမောင် ... ဒါ ညီမလေးပဲ ညီမလေး"

မမြခက်ကတော့ ညီမဆိုတော့ မကြောက်။ သူ့ယောက်ျား ကိုအေးမောင်က အလန့်တကြားအော်ဟစ်ကာ နောက်သို့ဆုတ်ပြေး





သည်။ မြခက်ကမကြောက်ပါ။ မတွေ့တာကြာပြီဖြစ်သော သိပ်ချစ်ရသည့် ညီမလေးကို ပြေးကာပွေ့ဖက်လိုက်သည်။

"ညီမလေး မြသက်"

"ဝုန်း ..."

မမြခက် ဖက်လိုက်မိသည်က လေထဲကိုသာ။ မြခက် မြသက်ပေါ် မှောက်လျှက်လဲကျသွားသည်။ လဲကျနေရာမှ သူမော့ကြည့်လိုက်သည်။ ညီမလေးမျက်လုံးနှစ်လုံးသည် မီးလျှံလို ရဲရဲနီနေ၏။

"မမ မြခက်"

"ညီမလေး မြသက်"

"ညီမလေးကို ကူညီပါမမ"

"ပြောလေ ဘယ်လိုကူညီရမလဲဆိုတာကို မမကူညီပါ့မယ်"

"ညီမလေး ကိုရဲမာန်ကိုတွေ့ချင်တယ် ... သူနဲ့ပေါင်းသင်းနေချင်တယ်"

ထိုအချိန်တွင် အကြောက်ပြေ၍ အနားသို့ပြန်ရောက်လာသော အေးမောင်က သတ္တိမွေး၍ဝင်ပြော၏။

"ဟာ ... မဖြစ်ဘူး ... မဖြစ်နိုင်ဘူး ... နင်နဲ့ငါ သူငယ်ချင်း ရဲမာန်က ဘဝခြားသွားပြီပဲမဖြစ်ဘူး ... မဖြစ်ဘူး"

မြသက်က ရှေ့တိုးလာမလိုရှိရာ အေးမောင်ကြီးက သူ့အကျႌအိတ်ထဲတွင် အမြဲဆောင်ထားသော သိမ်ဝင်ပုတီးနှင့် လယ်တီဆရာတော်ဘုရားကြီး၏အန္တရာယ်ကင်းတံဆိပ်တော် ကတ်ပြားလေးကို လက်ဆန့်တန်း၍ မြသက်အား ဟန့်တားလိုက်၏။ မြသက်အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ နောက်ဆုတ်သွားသည်။ တယ်စွမ်းတဲ့ တံဆိပ်တော်နဲ့ ပုတီးပါ သာဘာ့ ကိုအေးမောင်တွေးလိုက်မိသေးသည်။

မြသက်က အဝေးရောက်မှ ...

"ငါနဲ့ ကိုရဲမာန်မပေါင်းရရင် နင်တို့တစ်ရွာလုံး ငါ့အကြောင်း သိရစေမယ် ... ဟား ... ဟား ... ဟား"

ဟု အော်ဟစ်ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မဖြစ်ချက်ရော အေးမောင်မှာ အိပ်ရာမှ တစ်ပြိုင်နက်တည်း လန့်နိုး လေသည်။





"အဲဒါပါပဲဟယ် ... စိတ်ချောက်ချားပြီး အိပ်မက်မက်တယ် လို့ပြောရအောင်လည်း အိပ်မက်တစ်ခုထဲကို နှစ်ယောက်ပြိုင်တူမက် တာ မထူးဆန်းဘူးလား ... ကိုအေးမောင်ရော အစ်မရော အိပ်မက် ဟာ ထပ်တူထပ်မျှပဲ"

ရဲမာန်က ခေါင်းငိုက်စိုက်ချကာ ရပ်ကွက်လူကြီး ဦးတိုးညွန့်ကို ကြည့်လိုက်သည်။ ဦးတိုးညွန့်၏နောက်တွင် မတ်တတ်ရပ်လျက် မျက်လုံးရွဲကြီးများဖြင့် ရဲမာန်ကိုစိုက်ကြည့်နေသူကား ကျေးရွာ ဥက္ကဋ္ဌ ဦးတိုးညွန့်၏ တစ်ဦးတည်းသောသမီး နေရောင်ကာရွာ၏ အချောဆုံး အလှဆုံးမိန်းကလေး ရွှေရည်ပင်ဖြစ်သည်။ မျက်နှာငယ် လေးနှင့်ရပ်နေသော ရွာလူကြီးသမီးချောလေး မရွှေရည်၏မျက်ဝန်း ထဲတွင် ရဲမာန်အပေါ် စိတ်ဝင်စားမှုအရိပ်အယောင်များက အထင်း သားပေါ်လွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးညွန့်ကခေါင်းကို တဆတ်ဆတ်ညိတ်၍ ...

"ပြောရမှာ စိတ်မကောင်းပါဘူး ... ဒါပေမဲ့ သေသွားရှာပြီ ဖြစ်တဲ့ကလေးမလေးက မင်းအပေါ် တော်တော်စွဲလမ်းနေတယ်ကွဲ့ ဘဝခြင်းခြားသွားတာတောင် သံယောဇဉ်က မပြတ်ရှာသေးဘူးထင် ပါရဲ့ ... ဒီတော့ သူကလေးကောင်းရာမွန်ရာဘဝရောက်အောင် ပြု လုပ်ပေးဖို့ရာ မောင်ရဲမာန်လည်း တာဝန်ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌ ... ကျွန်တော်တတ်နိုင်သမျှလုပ်ပေးပါ့ မယ်"

"အေး ... ဒါမှမဟုတ်ရင်တော့ အခြားနည်းလမ်းရှာရမှာပေါ့ တစ်ခုတော့စဉ်းစားမိတယ် မောင်ရဲမာန်"

"ဟုတ်ကဲ့ပြောပါ ဦး"

"ပြဿနာတစ်ခုဖြစ်ပြီဆိုရင် ဒီပြဿနာရဲ့ဇာစ်မြစ်ကိုလိုက် ကြည့်မှလည်း ဘယ်လိုဖြေရှင်းသင့်လဲဆိုတာ ဆုံးဖြတ်နိုင်တာမျိုးရှိ တယ် ... ဒီတော့ မင်းတို့လူငယ်တွေကိစ္စဆိုတာ တို့လူကြီးတွေက နှိုက်နှိုက်ချွတ်ချွတ် မသိသင့်ပေမယ့် အခုကိစ္စမှာတော့ သိတန်သလောက် သိသင့်တယ်လို့ယူဆတယ် ... ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက တစ်ရွာလုံးနဲ့ ဆိုင်လာပြီမို့လား ... "

"ဟုတ်ကဲ့ ... အားလုံးလည်း ဟိုဘက်ရွာနဲ့ဒီဘက်ရွာကိစ္စကို သိတန်သလောက်သိကြမှာပါ ... ဒါပေမဲ့ မြသက်နဲ့ ကျွန်တော့် အကြောင်းကို ထပ်ပြောပြပါ့မယ် ... ကျွန်တော့်မှာ ကျွန်တော့်အဖေ ရဲ့အမွေဖြစ်တဲ့ တယောလေးတစ်လက်ရှိတာ ဦးသိမှာပေါ့"

"ဟာ ... သိပါသော်ကော ရဲမာန်ရာ ... မင်းတင်မဟုတ်ပါ





ဘူး ... မင်းအဖေဆိုတာလည်း တယောထိုးအလွန်ကောင်းတာက သား ... တကယ်တော့ မင်းအဖေက တို့ရွာသားမဟုတ်ပါဘူး ... မြို့သားတစ်ယောက်ပါသူနဲ့အတူပါလာတဲ့ တယောသံလေးဟာ တို့ရွာသူမင်းအမေကို ဖမ်းစားပြီး ဖူးစာဖက်ခဲ့ကြတယ်"

"ဟုတ်ပါတယ် ဦး... ဒီတယောကြောင့်ပဲ အမေဟာ ကျွန် တော့်ကိုမွေးပြီး မီးတွင်းထဲမှာဆုံးခဲ့တာတဲ့ ... အခုလည်း ဒီတယော ကြောင့် မြသက်နဲ့ကျွန်တော်နဲ့ဆုံခဲ့ကြတယ် ... ဒီတယောကြောင့် ကျွန်တော့်ဘဝဟာ နာကျင်မှုတွေနဲ့ ပြည့်နှက်ခဲ့ရတယ်"

ရဲမာန်က သူ့စကားအဆုံးတွင် အဝေးသို့ ငေးမျှော်ကြည့် လိုက်သည်။ သူ့မျက်ဝန်းထဲမှာမျက်ရည်ကြည်တို့ ဝေ့သီလာသည်။ တကယ်တော့ သူနှင့်မြသက်တို့ပုံရိပ်များက မနေ့တစ်နေ့ကလို ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျိန်စာသင့်သောတယောတစ်လက်

သာယာအေးချမ်းနေသော သူ့ဘဝအတွင်းသို့
တံကြမ္ဘာနိမိတ်ဆိုးများ စတင်ဝင်ရောက်သလိုရှိသည်
တယောအို၏ ပယောဂလား၊ ကျိန်စာလား
မဝေခွဲတတ်ပြီ ... သို့သော် ...

နွေမိုးဆောင်း တပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီနေ့တော့ ဒီလောက်ပဲပေါ့ မြသက်"

တယောဆရာရဲမာန်က ပါးစပ်မှ လေသံတင်းတင်းနှင့်ပြော တ်သော်လည်း မျက်စိတစ်ဖက်ကို ဖျတ်ခနဲမှိတ်ပြလိုက်တော့ သက်စိတ်ထဲမှာ ရယ်ချင်မိသွားသည်။

"ဟုတ်ကဲ့ရှင့်"

ခပ်လှမ်းလှမ်းမှ ကွမ်းယာဝါးနေသော မြသက်၏ဖခင် ထွန်းဇော်က ရဲမာန်ကိုလှမ်းကြည့်သည်။

"ထမင်းစားပြီးမှပြန်ပါလား မောင်ရဲမာန်"

"မစားတော့ပါဘူးခင်ဗျာ ... ကျွန်တော်လယ်ထဲပြန်ပြီး လုပ်လုပ်လိုက်ပါဦးမယ်"

"အေးကွယ် ... သမီးကို လာပြီးသင်ပေးတာ ကျေးဇူးတင်ပါ ယ် ... မောင်ရင်သိတဲ့အတိုင်းပဲ ... ဦးမှာက သမီးနှစ်ယောက်ပဲရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘာ _ ဒီအသယ်ခြေသက်က လိမ္မာသလောက် ဟိုအကြီးမ မြခက်က ငြောရှိခဲ့က်တယ် ... အခုကြည့်လေ ... အတန်တန်ပြောရက်နဲ့ ဘာမဟုတ်တဲ့အေးမောင်ဆိုတဲ့ကောင်နဲ့ လိုက်ပြေးသွားတယ် ... အခု ဒင်းကို နောက်ကျဉ်အောင် ပစ်ထားလိုက်တယ် ... ငါ့သမီး အငယ်မကတော့ တော်ရှာပါတယ် ... သူ့ နားမထောင်တာဆိုလို့ တစ်ခုပဲရှိတယ် ... သမီးရယ် မိန်းကလေးတန်မဲ့ တယောထိုးမသင်ပါနဲ့ဆိုတာ ပြောမရဘူးလေ ... ဟား ... ဟား ... ဟား ... ဟား"

ရဲမာန်တို့ နေရောင်ကာရွာနှင့် မြသက်တို့ ခနိပါတ်ရွာမှာ ချောင်းတစ်ခုကခြားလျက်ရှိသည်။ ရဲမာန် မြသက်ဆီလာလျှင် သူ့လှေကလေးကိုလှော်၍ မြသက်တို့ရွာဘက်ကူးရသည်။ ထို့ကြောင့်ယခုလည်း မြသက်ကို တယောထိုးသင်ပြီးသည်နှင့် သူ့တယောလေးကိုကိုင်ကာ ပြန်လာသည်။ အချိန်က နေဝင်ဖြိုးဖျ ညနေစောင်းအချိန်ဖြစ်သည်။

အိပ်တန်းဝင် ငှက်ကလေးများက တကျီကျီတကျာကျာနှင့် မြခက်နှင့်တွေ့ဆုံကြည်နူးရသောအဖြစ်ကလေးများက သူ့ရင်ထဲမှာ နွေးထွေးစွာ စီးဝင်နေဆဲ။ ခြေလှမ်းတိုင်းမှာ စိတ်ကူးယဉ်ပန်းပွင့်ကလေးတွေ ပွင့်ပြီးရင်းပွင့်ကာ ကျန်ရစ်ခဲ့သည်။

"ဟိတ် ... ရပ်လိုတ်စမ်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံနှင့်အတူ ဓားရှည်တစ်ချောင်းက သူ့ရင်ဝမှာ လာထောက်သဖြင့် ထိတ်ခနဲတော့ ဖြစ်သွားသည်။ ထိုဓားသမားဘေးတစ်ဖက်တစ်ချက်ဆီမှာလည်း မိုက်တိမိုက်ကန်းပုံနှင့် တပည့်နှစ်ယောက်ပါသေးသည်။ ဓားသမားကတော့ ရုပ်





ဆိုးလှ၏ အသက်အစိတ်ခန့် လူရည်သန့်သည်။ ဝတ်ကောင်းစားကောင်းဝတ်ထားသဖြင့် ငွေကြေးကြွယ်ဝသူတစ်ဦးဖြစ်ပုံရသည်။ သို့သော်ပုံစံကိုနှင့် သူ့မျက်နှာက အော့နှလုံးနာစရာကောင်းလှသည်။

"မင်းလားကွ ... ဟိုဘက်ရွာက တယောဆရာရဲမာန်ဆိုတာ"

ခပ်တင်းတင်းအမေးခံရသောကြောင့် ရဲမာန်ရင်ထဲမှ မခံချင်စိတ်က သွေးတို့ကိုဆူပွက်စေသည်။

"အေးဟုတ်တယ် ... ရဲမာန်ဆိုတာ ငါပဲ ... ကဲ ... မင်းတို့ဘာလုပ်ချင်လဲပြော"

တယောအိုကလေးကို ညင်သာစွာကိုင်ခဲ့သောလက်သည် ယခုအခါ ဓားတစ်လက်ကို ဆုပ်ကိုင်ထားသကဲ့သို့ တင်းတင်းရင်းရင်း အဆင်သင့်ရှိသွားသည်။

ထိုလူက ရဲမာန်၏ ဘာမထီဟန်ပန်ကြောင့် ရင်ညွန့်တွင် ထောက်ထားသော ဓားဦးကိုပြန်ရုပ်သိမ်းလိုက်သည်။ ရဲမာန်မျက်နှာကို မထီမဲ့မြင်အကြည့်ဖြင့် ကြည့်သည်။ ထို့နောက် ခပ်ထေ့ထေ့ပြုံး _

"ဟင်း ... ဟင်း ... ဟင်း ... အခုတော့ ဘာမှမလုပ်သေးပါဘူး _ အေး ... ဒါပေမဲ့ မင်းအဆင့်ကိုမင်းနားလည် ... အနူလက်နဲ့ ကြက်ကိုကိုင်ပြီး အပိုင်ယူဖို့ကြံရင်တော့ ဒီမယ်ကိုယ့်လူ ငါ့လက်က မရွေးဘူးနော်"

"ရတယ်လေ ... ရဲမာန်ဆိုတဲ့ငါကလည်း မတရားတာဘာမှ မလုပ်ဘူး ... ငါ့အပေါ်မှာ မတရားစော်ကားလာရင်လည်း ခေါင်းငုံ့ခံနေမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ကြိုက်ပြီ ... တစ်ရွာသားရေ သိ[...] ကြိုက်သွားပြီ ... ကဲကဲ ... လာလမ်းသာမြန်းပါတော့ ... ငါ့ကိုလည်[...] ခေါ်ရင်မှတ်ထားလိုက် မြသက်နဲ့လူကြီးချင်းသဘောတူထား[...] စိုးကြီးဆိုတာငါပဲ"

အခုတော့ သူ့အားရန်လိုသူကို ရဲမာန်သိလိုက်ပြီ။ တစ်ခါ[...] မဆုံဘူးသေးသော်လည်း နာမည်ကိုကြားဖူးနေသည့် ခနိုပါတ်ရွာ[...] ရွာလူကြီးသား စိုးကြီးပေပဲ။ နောက်ပြီး လူကုံထံခြင်းပူးပေါင်းသည်[...] အနေဖြင့် လယ်ပိုင်ရှင်သူဌေးသမီး မြသက်ကို စပါးကုန်သည်[...] ကျေးရွာလူကြီးသား စိုးကြီးနှင့်နှစ်ဖက်မိဘများက သဘောတူထား[...] ကြသည်ဟု သတင်းသန့်သန့်ကြားရသည်။ မြသက်ကတော့ ထိုကိ[...] ကိုမဟုတ်ပါ။ စိုးကြီးက သူ့ဘာသာသလိုရာစွဲ၍ပြောနေခြင်းသာ ဖြ[...] သည်ဟု ပြောဖူးသည်။

လက်ထဲမှ လှော်တက်ကို ရေထဲစိုက်လိုက်တိုင်း ထ,သွား[...] သော ရေပွက်တွေကို အတွေးများက ရဲမာန်ရင်ထဲမှာ ဂယက်လှိုင်[...] ထနေသည်။ သူတို့နှစ်ဦးရဲ့ဘဝချင်းက ဝေဟင်နှင့်မြေပြင်လို ခြားနား[...] လှသည်မဟုတ်ပါလား။

ထိုညက သူ့တယောသံသည် သာယာနွဲ့ပျောင်းမနေ၊ ပေါက်[...] ကွဲသံစဉ်များကိုသာ တီးခတ်မိသည်။ တစ်ခါတလေတော့လည်း[...] သည်တယောအိုလေးကို စွန့်ပစ်ရန် ကြံစည်မိသည်။ သူ့မိခင်၏[...] မျက်နှာကိုမှမြင်ခွင့်မရခဲ့သောအဖြစ်။ လူမှန်းသိတတ်ကတည်းက[...] အမြဲတမ်းလို နာကျင်ဆွေးမြေ့ဟန်ပေါ်နေသော ဖခင်မျက်နှာညှိုး[...] လျှလျှများ။ ယခုလည်း သာယာအေးချမ်းနေ[...] သူ့ဘဝအတွင်း[...]





[...] ကံကြမ္မာနိမိတ်ဆိုးများ စတင်ဝင်ရောက်လာသလိုရှိသည်။ [...]ယောအို၏ပယောဂလား ကျိန်စာလား မဝေခွဲတတ်ပြီ။ သို့သော် [...]ချစ်သောမြသက်နှင့် ဖူးစာဆုံခဲ့ရသည်မှာလည်း ဒီတယောကြောင့် [...]ဖြစ်၍ တယောလေးကို အပြစ်မတင်ရက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com


ကြည်နူးနေသော ချစ်သူနှစ်ဦးသည် တစ်ဦးလက်ကိုတစ် က ဆုပ်ကိုင်ကာ ပွေ့ဖက်ထားကြရင်း ပတ်ဝန်းကျင်ကို တ လျော့သွားသည့်အခိုက်တွင် ဦးထွန်းဇော်က သူတို့ကိုတွေ့မြင်သွ ၏။

"တောက် ... မိုက်ရိုင်းလိုက်တဲ့ကောင် ... တန်ရာတန် မမှန်းဘူးကွာ ... တော်ပါပေ့သမီးရယ် ... မွဲချင်တဲ့ခွေး ပြာပုံတိုး ပေါ့ဟုတ်လား"

မျက်ထောင့်နီကြီးနှင့် သူတို့နားရောက်လာသော ဦးထွ ဇော်ကို ချစ်သူနှစ်ဦး အလန့်တကြားမော့ကြည့်လိုက်ကြသည်။

"လာစမ်း အမိုက်မ"

ဟုဆို၍ ဦးထွန်းဇော်က မြသက်လက်ကို ဆောင့်ဆွဲခေါ်လို ၏။ ဦးထွန်းဇော်မျက်နှာထက်ဝယ် ဒေါသခိုးများ တလိပ်လိပ်တ



နေကာ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်နေတော့သည်။

"ဟဲ့သမီး ... နင်ကပြောတော့ ကိုရဲမာန်လက်က အနုပညာလက်တဲ့ ... ငါကတော့ အနုပညာကိုဗန်းပြပြီး ငါ့သမီးကိုမြှူဆွယ်ဖျားယောင်းတတ်တဲ့ အချောင်သမားလို့ပဲထင်တယ်သိလား"

"ဦးလေး ကျွန်တော့်ကို ဒီလိုမပြောပါနဲ့ဗျ ... မြသက်ကို ကျွန်တော် တကယ်ချစ်တာပါ"

"ပြောတယ်ကွ ... ပြောတယ် ... ဒီမယ် ပြောရုံတင်မကဘူး ဟောဒီလိုလုပ်တယ်ကွာ ..."

ဦးထွန်းဇော်က ပြောပြောဆိုဆိုနှင့် ရဲမာန်ကို လက်သီးဖြင့် တစ်ချက်ထိုးလိုက်ကာ တယောကိုလည်း ရိုက်ချိုးရန် ဆွဲယူလိုက်၏။ ရဲမာန်က သူ့လက်တွင်းမှ တယောကို မလွှတ်ဘဲ တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။ ဆွဲယူလို့မရသည့်အဆုံး ရဲမာန်ရော တယောကိုပါ ဆောင့်တွန်းလိုက်သည်။ အထိုးခံရသည့်ဒဏ်ရာကြောင့် ရဲမာန် နှုတ်ခမ်းထောင့်မှ သွေးတို့ စိမ့်ထွက်လာ၏။

"အဖေ ... မလုပ်ပါနဲ့ ... သမီးတောင်းပန်ပါတယ်"

"ဟိတ် ... အိမ်သားတွေ ဒီကောင့်ကို ဆွဲထုတ်လိုက်ကြစမ်း၊ နောက်ကို ငါ့အိမ်ရိပ်တောင် မနင်းစေနဲ့"

ဦးထွန်းဇော်၏ တပည့်များက ရဲမာန်ကို ဆွဲခေါ်ထုတ်သွားသည်။ ဦးထွန်းဇော်က သူ့သမီးလက်ကိုဆွဲခေါ်ပြီး အိမ်ထဲသို့ဝင်သည်။ ဖခင်ဖြစ်သူ၏လက်ထဲတွင် လိုက်ပါသွားရင်း သူ့အား သမင်လည်ပြန်ကြည့်နေသော ချစ်သူ မြသက်၏ရုပ်သွင်က သူ့နှလုံးသားထဲမှာ ခတ်ပုံရိုက်ထားသလို စွဲထင်နေတော့သည်။ တစ်နေ့တော့


www.burmeseclassic.com

www.burmeseclassic.com

[illegible]တွေ့ရမည်ကို ခန့်မှန်းမိသော်လည်း တကယ်တမ်း [illegible]တွေ့ကြုံရသောအခါ ခွဲခွာခြင်း၏အရသာက ခါးသီးလှသည်။

သည့်နောက်တော့ ရဲမာန်နှင့်မြသက်တို့ ဆုံတွေ့ခွင့်မရတော့။ ယခင်က ဆက်နွယ်သော အချစ်ချောင်းကလေးသည် သောက ချောင်းကလေးပမာ ပြောင်းလဲသွား၏။





မြသက်အခန်းထဲသို့ ထမင်းသွားပို့သော အိမ်ဖော်ကောင်မ လေးက ထမင်းနှင့်ဟင်းများထည့်လာသော လင်ဗန်းအသစ်ကို စားပွဲပေါ်သို့တင်လိုက်သည်။ မနက်ကထားခဲ့သော ထမင်းနှင့် ဟင်း များမှာ အရာမယွင်းဘဲရှိသည်။ လုံးဝစားရသေးဟန်မတူ။ ပြဿနာ ဖြစ်သောနေ့မှစကာ ဦးထွန်းဇော်က သူ့သမီးမြသက်ကို အခန်းထဲမှ အပြင်သို့ မထွက်စေတော့။ အစားအသောက်ကို အခန်းထဲသို့ပို့ပေး သည်။ တပိုတပါးသွားလျှင်ပင် အိမ်ဖော်တစ်ယောက်၏အစောင့် အကြပ်ဖြင့်သာ အိမ်သာသို့ သွားစေသည်အထိ တင်းကြပ်စွာ ချုပ် ကိုင်ထားခဲ့သည်။ မြသက်ကလည်း ပြတ်သည်။ သူ့အတွက်ယူလာ သော ထမင်းဟင်းများကို လှည့်၍ပင်မကြည့်ဘဲ အသံတိတ်ဆန္ဒပြ နေသည်မှာ နှစ်ရက်ကျော်လာခဲ့ချေပြီ။ အိမ်ဖော်ကောင်မလေး မပေါက်က သူ့မမလေး၏ဖြစ်အင်ကို မကြည့်ရက်တော့သဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါမမလေးရယ် ... တော်ကြ
မလေး အားဖြစ်ပြီး ဒုက္ခရောက်နေပါဦးမယ် ... ဟောဒီမှ
နောက်စာတွေပြန်ယူသွားမယ် ... အခုယူလာတာတွေစားလိုက်နော်

မြသက်က ဘာမှပြန်မပြောသဖြင့် အိမ်ဖော်မလေးအခန်းထ
မှ ပြန်ထွက်လာခဲ့၏။ ဦးထွန်းဇော်တို့လင်မယား ဧည့်ခန်းတွင်ထိုင်၍
စကားပြောနေကြသည်။ အိမ်မလေးက အခန်းထဲမှထွက်လာပြ
ဦးထွန်းဇော်ကို ခေါင်းခါပြလိုက်သည်။

"ဘာ ... မစားဘူး ဟုတ်လား"

ဦးထွန်းဇော်က ကွမ်းတစ်ယာ ယာစားနေရင်းမှ မေးလိုက်
သည်။

"ဟုတ်ကဲ့ ..."

မိခင်ဖြစ်သူ ဒေါ်ခင်မေရီက သူ့သမီး ထမင်းမစားသည်ကို
ကြား၍ စိတ်မကောင်းဖြစ်ကာ မျက်ရည်တစမ်းစမ်းဖြင့် ...

"ကဲ ... ကိုထွန်းဇော် ဒီလိုပုံဆို ရှင့်သမီးတော့ ဘေးတွေ
တော့မယ် ... ကျွန်မ ဖျောင်းဖျောင်းဖျဖျပြောပါဦးမယ်ရှင်"

"အို ဘာဖျောင်းဖျနေရဦးမှာလဲ ... ခင်းက ငါ့အကြောင်းက
သိရက်နဲ့ သွေးတိုးစမ်းနေတယ် ... ဟေ့ကြည့်လိုက်စမ်းမယ် ... ဒင်
မစားမသောက်ဘဲ ဘယ်နှစ်ရက်နေနိုင်မလဲလို့ ..."

"အခုပဲ နှစ်ရက်ကျော်လို့ သုံးရက်စွန်းလာပြီရှင့် ... တော်
ကြာ"

"တော်ကွာ ... တော် ... မကြားချင်ဘူး ... ဒင်းကိုသာ ကြ
ကြပ်မတ်မတ်ကြည့်ထားကြ ... ဟိုအကြီးမလို မဖြစ်စေနဲ့ ...





အကြီးမလို လင်နောက်လိုက်ပြေးလို့ကတော့ မလွယ်ဘူးမှတ် ...
ငါ ရွာလူကြီးဆီသွားလိုက်ဦးမယ် ... ဒင်းကို မောင်စိုးကြီးနဲ့မြန်မြန်
စီစဉ်မှဖြစ်မှာပါ ..."

"အဲသလိုဆိုရင် သမီးလေးတစ်သက်လုံး စိတ်ဆင်းရဲနေပါဦး
မယ်ရှင် ..."

"ဟေ့ ... စိတ်ဆင်းရဲရုံနဲ့ တော်မသေနိုင်ဘူး ... လူဆင်းရဲရင်
တော်သေနိုင်တယ်ကွသိလား ... တော်ကွာ ... တော်တော့ ဆက်
မပြောနဲ့တော့ ငါစီစဉ်သလိုသာ လိုက်နာကြ ... ဒါပဲ"

ဒေါသအဆိပ် ငယ်ထိပ်တက်ကပ်နေသော ဦးထွန်းဇော်၏
နောက်ကျောပြင်ကိုကြည့်လျက် ဒေါ်ခင်မေရီ သက်မချမိသည်။

တကယ်ဆို စပါးပွဲစားကြီးနှင့်ရပ်ကွက်လူကြီးသား စိုးကြီးကို
သူ မနှစ်မြို့ပါ။ သွားလေရာတွင် တပည့်တပန်းနှင့် ခနီရည်သောက်
လိုက် ကြက်တိုက်လိုက်နှင့်၊ မိန်းမလည်းရှုပ်သည်ဟု နာမည်ထွက်
သော စိုးကြီးလို စရိုက်ဆိုးသည့်ကောင်ကို သူသမက်မတော်ချင်။
သမီးလေးကလည်း နှစ်သက်မှာ မဟုတ်။ သူ့အနေနှင့်ကတော့ သမီး
လေးမြသက်စိတ်ချမ်းသာသလို ဖြစ်စေချင်သည်။ သူတို့မှာက သူတို့
ရပ်ရွာအတိုင်းအတာအရ ဥစ္စာခနေ ကြွယ်ဝပြီးသားဖြစ်သည်။

သူ့ယောက်ျားပြောသလို တယောထိုးသော မောင်ရဲမာန်နှင့်
ရသွားလို့လည်း ဆင်းရဲသွားစရာအကြောင်းမရှိပါ။ ဒေါ်ခင်မေရီ
လည်း တစ်ချိန်က ဆင်းရဲသားလယ်သမားသမီးပင်ဖြစ်သည်။

ဦးထွန်းဇော်တို့က ငွေနှင့်ကြေးနှင့် မက်လောက်အောင်တင်
တောင်းလာ၍ မိဘများအလိုကျ လက်ထပ်ခဲ့ရသော်လည်း ရွှေအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှန်းစံမြန်းရှုံဖြင့် မပျော်ပိုက်။ စရိုက်ဆိုးသော လင်ယောက်ျား အပေါ် စိတ်ကုန်ခဲ့ဖူးပါ၏။ မိမိအပေါ် ယုယကြင်နာသော မိသားစု အပေါ် တာဝန်ကျေသောယောက်ျားအဖြစ်သာ တောင့်တမိပါ၏။ ရဲအာန်ဆိုသော သူငယ်လေးသည် ဆင်းရဲသည်ကလွဲ၍ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်နေသည်မှလွဲ၍ ဘာမှပြောစရာမရှိပေ။

တော်သေးသည်က ဦးထွန်းဇော်တစ်ယောက် အသက်ကြီးကာမှ ကျန်းမာရေးကြောင့် အရက်မသောက်တော့ခြင်းဖြစ်သည်။ ထို့ကြောင့် ဦးထွန်းဇော် ဒေါသပြေပျောက်မည့် ညဦးယံကျမှ သမီးကိစ္စကို ဖျောင်းဖျပြောဆိုမည်ဟု ဒေါ်ခင်မေရီ စဉ်းစားထားလေသည်။





ညဉ့်ဦးယံကျော်လွန်၍ ညဉ့်လယ်ယံပင်တိုင်ခဲ့ပြီ။ တစ်အိမ်လုံးသည် ငြိမ်သက်တိတ်ဆိတ်နေ၏။ ခနိုပါတ်ရွာလေးမှာလည်း အမှောင်ထုအောက်တွင် ပိန်းပိတ်အောင် နစ်ဝင်လျှက်ရှိတော့သည်။ ထိုအချိန်ဝယ် အိမ်ကြီးဆီမှ အထိတ်တလန့် အော်ဟစ်လိုက်သော အသံအဆုံးဝယ် မိန်းကလေးတစ်ယောက်သည် အိမ်ထဲမှ ပြေးထွက်လာပြီး မှောင်ရိပ်ကိုခိုကာ ရွာမြောက်ဘက်ချောင်းကမ်းစပ်သို့ သုတ်ချတင်၍ ပြေးတော့သည်။ ချောင်းစပ်သို့ရောက်သည်နှင့် အသင့်ချယ်ထားသော လှေကလေးတစ်စင်းပေါ်သို့တက်၍ ကမန်းကတန်းလှော်၍ထွက်ခဲ့သည်။ သူ၏ဦးတည်ရာအရပ်ကား ချောင်းတစ်ဖက်ကမ်းတွင်ရှိသော နေရောင်ကာရွာကလေးမှ ချစ်သူရှိရာအိမ်သို့သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



သောကလေးနှင့် ချောင်းကိုဖြတ်ကူးပြီးသောအခါ မှောင်ထဲဝယ် ဘယ်ဆီခြေဦးလှည့်ရမှန်းမသိဘဲ တောင်မြောက်ဝဲယာကို မှုန်ဝါးသောအကြည့်ဖြင့် ကြည့်နေမိသည်။ ထိုအခိုက်ဝယ် ဝှေ့ဝဲလာသော လေပြေညင်းနှင့်အတူ တယောသံသဲ့သဲ့ကိုကြားရသလိုရှိသဖြင့် စောစောကတွေဝေနေဟန်ရှိသော မိန်းမပျိုသဏ္ဍာန်က အသံကြားရာဘက်ဆီသို့ ဆတ်ခနဲခေါင်းလှည့်ကာ နားစွင့်လိုက်၏။ ထို့နောက် လေးမှလွတ်သောမြားတစ်စင်းအလား လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

မြသက်တစ်ယောက် ချစ်သူရှိရာအရောက်လာရန် အိမ်မှထွက်ပြေးလာခဲ့ပြီဖြစ်သည်။ အစာမစားဘဲ ရေအနည်းငယ်သာသောက်ကာ သုံးရက်ခန့်နေခဲ့သဖြင့် အားအင်များကုန်ခမ်းကာ နွမ်းလျလျဖြစ်နေသည်။ သို့သော် ချစ်သူနှင့်ပေါင်းဖက်ရတော့မည်ဟူသောအသိကြောင့် သူ့စိတ်တို့ တက်ကြွရွှင်လန်းနေ၏။

တယောသံသည် ချောင်းစပ်အရောက်တွင် ရုတ်တရက်ကွယ်ပျောက်သွား၏။ ပြေးလွှားနေသော မြသက်တစ်ယောက် ပြေးနေရာမှ ရပ်တန့်သွား၏။ တကယ်တော့ အိမ်ထဲမှအိမ်ပြင် ထွက်ခဲ့သော မြသက်အဖို့ မှောင်ကြီးမည်းမည်း၌ ချစ်သူ ကိုရဲမာန်၏အိမ်ကို အလွယ်တကူမရှာဖွေတတ်ပါချေ။

သူမ အိမ်မှထွက်ပြေးသွားသည်ကို ယခုဆိုလျှင် တစ်အိမ်သားလုံးသိရှိပြီး ခေါင်းတောက်အောင် ရှာဖွေကြပေရော့မည်။ ပြန်၍မိသွားလို့တော့မဖြစ်။ ကြယ်ရောင်ဝိုးတဝါး၌ ချောင်းကမ်းပါး၌ တဲလေးတစ်လုံးကိုတွေ့သည်။ ဒါ သူ့ချစ်သူရဲ့ အိမ်ပဲနေမှာပါပဲ။ ကိုရဲမာန်က





ထဲမှာမနေဘဲ ချောင်းကမ်းပါး၌ တစ်ယောက်တည်း တဲထိုးပြီးနေသည်ဟု သူ့ကိုပြောပြဖူးသည်။ ထိုတဲအိမ်ကို ရှေ့ရှု၍ သူလျှောက်လိုက်သည်။ တဲအိမ်လေးမှာ တံခါးပိတ်ထား၏။ ဒါကိုရဲမာန်တဲဟုတ်ရဲ့လားဟု သူ ဇဝေဇဝါဖြစ်မိသည်။

"အစ်ကို ... အစ်ကို ... တံခါးဖွင့်ပါဦး ... အစ်ကိုရဲမာန်အစ်ကိုရဲမာန် ထပါဦး ... "

တံခါးကိုပုတ်၍နှိုးသော်လည်း အထဲမှ ထူးသံထွက်မလာပေ။ အိမ်မှာ သူ့ချစ်သူအိမ်မှဟုတ်ရဲ့လား။ ဟုတ်လျှင်လည်းပဲ အိမ်ထဲ၌ အစ်ကိုမရှိဘူးလား။ ဇကန္တ အစ်ကိုလည်း သူနှင့်အကြံတူနေပြီး အိမ်သို့ သွားနေသလား။ သူ့ကို လာခိုးဖို့ ကြိုးစားနေသလား။ ဆို မတော်တဆ အဖေတို့အဖွဲ့ထဲမှ တစ်ယောက်ယောက်ကတွေ့သွားလျှင်တော့ အစ်ကို့မှာ အန္တရာယ်ရှိနိုင်သည်။ ညကြီးမင်းကြီး လာတာကိုမြင်လျှင်တော့ အဖေတပည့်တွေက အစ်ကို့ကိုသတ်ပစ်မိမည်။ ချစ်သူ၏အသက်အန္တရာယ်ကြောင့် စိုးရိမ်စိတ်များနှင့် ခေါင်းနားပန်းကြီးသွား၏။

ဟိုဘက်ကမ်းဆီမှ လူသံများ၊ အော်သံများ ကြားရသလို သည်။ ချစ်သူအတွက် စိုးရိမ်စိတ်ကြောင့် ဘာပဲဖြစ်ဖြစ် ရွာသို့ပြန် ခဲ့ သူဆုံးဖြတ်ပြီးလာလမ်းအတိုင်း ပြန်ပြေးလာခဲ့၏။

အိမ်ဝင်းထဲမှာ ရွာထဲမှ လူတော်တော်များများ ရောက်နေကြ ည်။ မီးတွေထိန်နေအောင် ထွန်းထားကြသည်။ ဘာများဖြစ်လို့ သဲဟု မြသက်တွေးရင်း အိမ်နောက်ဘက်မှ လှည့်ဝင်မည်ပြုစဉ် သူ့ အမေ၏ ငိုညည်းသံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... အဖြစ်ဆိုးလှချည်လား သမီးလေးရဲ့"

မြသက်ရင်ထဲမှာ တုန်ခါသွားသည်။ အမေက သူ့ကို တ,ကာ မချိတင်ကဲငိုကြွေးနေပါလား အိမ်ရှေ့ခန်းသို့ ဒရောသောပါး ပြေးထွက်ကြည့်လိုက်မိသည်။

"ဟင် ... "

"ဟိုမှာ ... ဟိုမှာ ... အဲဒါ ... ငါ့ပဲ ... ငါ့ပဲ ... ဘုရား ... ဘုရား ... ဘာတွေဖြစ်ကုန်ပါလိမ့်"

ရွာထဲကလူအချို့၏ အမေးစကားကို သူမ၏မိခင်က ငိုရှိုက်ကာ ပြောပြနေ၏။

"ဟုတ်ပါတယ်ရှင် ... မိုးချုပ်လို့ ထမင်းမစားမှာစိုးလို့ အိမ်ကကောင်မလေးကို သွားကြည့်ခိုင်းလိုက်မှ သူ့ကိုယ်သူ အခန်းထဲမှာ ကြိုးဆွဲချထားတာသိရတာ ... အမလေး ... မကြည့်ရက် မမြင်ရက်စရာပါလားသမီးရဲ့ ... ကိုင်း အဆင့်အတန်းခွဲချင်တဲ့ အဖေကြီး ရှင်ဘာပြောဦးမတုန်းတော်ရဲ့"

"အေးပါကွာ ... ငါမှားပါတယ် ... အဖေမှားသွားပါတယ် ... သမီးလေးရေ အဖေမှားသွားပါတယ် ... အဖေ့ကို ခွင့်လွှတ်ပါကွဲ့"

မြသက် ထိတ်လန့်တုန်လှုပ်သွားသည်။

"ဒါ ... ဒါဆို ... ငါသေပြီပဲ ... ငါ့ကိုယ်ငါကြိုးဆွဲချလိုက်သတဲ့ မဖြစ်နိုင်ဘူး ... ငါ့ကိုယ်ငါ မသတ်ဘူး ... ငါ ကိုရဲမာန်နဲ့မခွဲနိုင်ဘူး။ ငါ သူ့ဆီသွားခဲ့တာပဲ"

မြသက်အလန့်တကြားအော်ဟစ်လိုက်မိသည်။ ဒါပေမဲ့ သူ့အသံကို ဘယ်သူမှ ကြားကြဟန်မတူ။ သူ့အမေကို ဖက်လိုက်သည်။ ဒါပေမဲ့ အမေ့ကိုဖက်မရပါ။ အမေ သမီး ဒီမှာဟုအော်ဟစ်လိုက်သံကို အမေမကြားနိုင်ပါချေ။

အိမ်ပေါ်ထပ် ရှေ့ခန်း၌ အလောင်းတစ်ခုကို ပြင်ဆင်ထားရာ သေသေချာချာကြည့်မှ သူ့အလောင်းဖြစ်နေသည်။ မြသက်မျက်နှာလေးကို ဇာပဝါပါးပါးဖြင့် လွှမ်းခြုံထားသည်။ တစ်ခါက ကြည်စင်နေတော်နေသောမျက်နှာကလေးမှာ အကျည်းတန်အရုပ်ဆိုးနေသယောင်ရှိသည်။ ဒါပေမဲ့ မြသက်မှ မြသက်အစစ်။ သူသေခဲ့ပြီဆိုတာတော့အမှန်။

အိမ်အပေါ်ဘက်ဆီမှ ငှက်ဆိုးတစ်ကောင်ဖြတ်ပျံသွားသံကို အသုဘအိမ်ထဲတွင် ရှိနေကြသူများအားလုံး ကြားလိုက်ကြရချေသည်။

"ဂီး ... ဂီး ... ဂစ် ... ဂစ် ... ဂစ်"

"ဖွဟဲ့ ... ဖွ ... ဖွ ... လွဲစေ ... ဖယ်စေ"

"အေးကွယ် မြသက်လေး ကောင်းရာမွန်ရာရောက်ပါစေ ... ဒီလိုအဖြစ်ဆိုးမျိုး အဖန်ငါးရာငါးကမ္ဘာကို မခံစားပါရစေနဲ့ ... ဝဋ်ရှိခဲ့ရင်လည်း ဒီဘဝနောက်ဆုံးဖြစ်ပါစေ ... "







www.burmeseclassic.com

www.burmeseclassic.com



## ကံဆိုးရှာသောချစ်သူ

တရို့ညတွေမှာ
သူကွယ်လွန်တဲ့အချိန်လောက်ဆို
ကောင်းကင်က မှုန်မှိုင်းသွားပြီး
မွေးတွေရှုလို့ သုံရောက်လာတတ်တယ်

နွေမိုးဝေလောင်း တမေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရဲမာန်တစ်ယောက်မှာ စိတ်ပန်းကိုယ်ပန်းဖြင့် အိပ်ရေးပျက်ရက်များနေသဖြင့် အိပ်မောကျနေ၏။ အိပ်နေသော်လည်း စိတ်ဇောက မြသက်ဆီမှာရောက်နေသလားမသိ။

ခြေသံတရှပ်ရှပ်ကို သူ့တဲရှေ့မှကြားရသလိုရှိသည်။ နောက်ပြီး ရနံ့လေးတစ်ခု၊ သည်ရနံ့က သူနှစ်သက်စွဲလမ်းခဲ့ရသောရနံ့ ဟုတ်သည် ဒါမြသက်ရဲ့ ကိုယ်သင်းရနံ့ပေပဲ။ မြသက် မြသက်ဟု စိတ်ထဲက ရေရွတ်မိစဉ်မှာ ...

ခေါင်းထဲက မူးနောက်နောက်ဖြစ်လာသည်။ စိတ်ပန်းလူပန်းဖြစ်သောကြောင့်ထင်သည် ခုတလော အစားလည်းပျက် အအိပ်လည်းမမှန်ဖြစ်နေပေသည်။ တဲတိုင်လေးကိုမှီ၍ရပ်လိုက်စဉ် ခေါင်းထဲမှ မိုက်ခနဲဖြစ်ကာ သူ့ခန္ဓာကိုယ်သည် ပြိုလဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှားထဲမှာ ပုစဉ်းရင်ကွဲအော်သံများကို ရူးစူးရှရှကြားလာရသည်။ ခေါင်းထဲမှာ မကြည်လင်သေး။ မျက်လုံးကိုဖွင့်မကြည့်သေးဘဲ အသိတရားများကို စုစည်းကြည့်မိသည်။ သူ အိမ်ထဲကြမ်းပြင်ပေါ်မှာရောက်နေပြီး ကိုယ်ပေါ်မှာ စောင်ပါးလေးတစ်ထည်ခြုံထားသည်။ ဘယ်သူခြုံပေးထားသနည်း။ အားယူပြီး မျက်လုံးများကိုဖွင့်ကြည့်လိုက်သည်။ သူ့ကိုမျက်နှာတစ်ခုက ငုံ့ကြည့်နေသည်။ မြင်ကွင်းက မှုန်ဝါးနေရာမှ ကြည်လင်လာသည်။

"ဟော ... သတိရလာပြီလား ... သူငယ်ချင်း"

သူက ဘာမှပြန်မပြောနိုင်သေး။ ဖိုးထူးမျက်နှာကို သဲကွဲစွာမြင်လာရသည်။ ရင်ထဲမှ ရေငတ်မွတ်မှုကြောင့် အာခေါင်မှခြောက်သွေ့နေသည်။





"ငါ ရေသောက်ချင်တယ်"

"အေး ... အဆင်သင့်ပဲ"

သူ့ခေါင်းကိုထူမပြီး ရေခွက်ကို ပါးစပ်နားတေ့ပေးသလိုရှိကာ အားအင်များ ပြန်လည်ပြည့်ဖြိုးလာသည်။

"ငါ ဘာဖြစ်သွားတာလဲ ဖိုးထူး"

"မင်းသတိလစ်ပြီးလဲနေတာကွ ... မင်းဆီငါ မနက်စောစော ရောက်လာတော့ သတိလစ်ပြီးလဲနေတာတွေ့ရတာပဲ ... ငါ ရောက်နောက်ကျရင် မင်းသေနိုင်တယ်"

"ဟုတ်လား ..."

"အေး ... အခု ငါရွာထဲမှာဆေးယူပြီး ပြန်လာတာ ... နှလုံးဆေးဆေးနဲ့သွေးဆေးယူလာတယ် ... ရင်ထဲမှာလန်းသွားအောင် သောက်လိုက်ကွာ ... နောက်မှ အေးအေးဆေးဆေးစကားပြောကြတာပေါ့ ..."

"ကျေးဇူးပဲ ဖိုးထူး"

သူဘာဖြစ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်သည်။ သူ့ဘက်ထဲမှာ တစ်စုံတစ်ခုကို ဆုပ်ကိုင်ထားသလိုဖြစ်နေ၍ ဖြန့်ကြည့်လိုက်သည်။

"ဟင် ... စပယ်ပန်းလေးတွေပါလား"

"ငါသတိရပြီ ဖိုးထူး ... ညကကိစ္စကို ငါမှတ်မိပြီ"

"ပြောပါဦးကွ ..."

"ဟုတ်တယ် မြသက်ကွ ... မြသက် ... မနေ့ညက မြသက် ပေါ်လာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ရဲမာန် ... မြသက် မင်းဆီလာသွားတယ် ဟုတ်လား ..."

"ဟုတ်တယ် ... ငါ့ကိုလာရှာတာ"

"ဘယ်အချိန်ကလဲ"

"သန်းခေါင်မတိုင်ခင်လောက်ကလို့ထင်တယ်"

"ဘာ"

ဖိုးထူး တစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထသွားပြီး ကျောထဲမှ စိမ့်ခနဲဖြစ်သွားသည်။

"တဲပတ်လည်က ခြေသံတရှပ်ရှပ်ကိုကြားနေရတာ ... ငါက ခေါင်းမထောင်နိုင်ဘူးဖြစ်နေတယ် ... နောက်ပြီး ... သူ့ကိုယ်သင်းရနံ့ကိုလည်း ငါရတယ် ... ငါကလည်း သူ့ကိုပြန်ခေါ်တာပဲ ... ဒါပေမဲ့ ပါးစပ်က အသံထွက်လို့မရဘူး ... သူ့အသံက သိပ်သနားဖို့ကောင်းတယ် ... နားထဲမှာ ခုထိမထွက်ဘူး ... တရေးနိုးလို့ ငါထကြည့်တော့ တဲဘေးမှာ သူ့ခြေရာတွေတောင်တွေ့ရသလိုပဲ"

"ရဲမာန် မင်းကို ငါပြောစရာတစ်ခုရှိတယ် ... မင်းစိတ်အေးအေးထားပြီး နားထောင်ကွာ ... သတင်းကောင်းတော့မဟုတ်ဘူး ငါလည်း မပြောရင်မဖြစ်လို့သာပြောရမှာ ... ဘယ်ကဘယ်လို စပြောရမယ်တောင်မသိတော့ဘူး"

"ဘာမို့လို့လဲ မင်းဟာက"

"မြသက်ဆုံးသွားပြီ သူငယ်ချင်း"

"ဘာ ..."





"ဟုတ်တယ် ... ညက သန်းခေါင်မတိုင်ခင်လောက်က သူ့ကိုယ်သူ ကြိုးဆွဲချပြီး အခန်းထဲမှာသတ်သေသွားတာ ... အခုဆို ဟိုဘက်ရွာမှာ တစ်ရွာလုံး ကျွတ်ကျွတ်ညံနေတာပဲ ... အဲဒါ မင်းကို ငါလာပြောတာ"

ရဲမာန်မှာ ကြားလိုက်ရသောသတင်းကို မယုံကြည်နိုင်၊ ယုံကြည်မိသော်လည်း လက်မခံနိုင်ဟန်ဖြင့် စကားပြန်မရဘဲ ငေးကြောင်ကြောင်ကြီးဖြစ်နေသည်။ အတန်ကြာ ကြောင်တောင်တောင်ဖြစ်နေပြီးမှ ...

"မင်း ငါ့ကိုနောက်ပြောင်ကျီစယ်တာတော့မဟုတ်ပါဘူးနော် ဖိုးထူး"

ဟု ခပ်လေးလေးကြီးပြောသည်။

"ဒါနောက်စရာလား သူငယ်ချင်းရာ ... စိတ်ကိုဖြေပါကွာ"

"ဩော် ... မြသက်ရယ် ... ဖြစ်မှဖြစ်ရတယ် ... မင်းမရှိရင် ငါလည်းမနေဘူးကွဲ့"

ဟုဆိုကာ နံရံမှ ဓားမြှောင်ကိုဖြုတ်၍ သူ့ရင်ဘတ်ကိုသူ ဓားနှင့်စိုက်မည်ပြုစဉ် ထိုသို့ပြုလုပ်လိမ့်မည်ဟု ရိပ်စားထားမိသော ဖိုးထူးက သူ့ထက်ဦးအောင် ဓားကိုလုယူ၍ ချောင်းထဲသို့ လွှင့်ပစ်လိုက်၏။

"အဲဒီလို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွာ ... လူ့ဘဝဆိုတာ ရခဲပါတယ် ... တန်ဖိုးလည်းရှိပါတယ် ... လွယ်လွယ်နဲ့ မစွန့်လွှတ်ချင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာ ချော့မော့ပြီးတားသဖြင့် ရဲမာန်သည် သူ့ကိုယ်သူ အသက်အန္တရာယ်မပြုတော့ဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တသိမ့်သိမ့်ရှိုက်ငိုနေပါတော့သည်။





"အဲဒါပါပဲ ... ဦးလေးရယ် ... ကျွန်တော်နဲ့မြသက်ဇာတ်လမ်းက အဲဒီအတိုင်းပါပဲ"

နားစွင့်နေသော ရွာသားများကို ရဲမာန်က သူ့ဇာတ်ကြောင်းကို ပြန်လှန်၍ အစအဆုံးပြောပြလိုက်သည်။ ရဲမာန်စကားကို စိတ်ဝင်တစားနားထောင်နေကြသူများထဲတွင် နေရောင်ကာကျေးရွာလူကြီး ဦးတိုးညွန့်၏သမီး ရွှေရည်ဆိုသော ကောင်မလေးလည်းပါသည်။ ရွှေရည်မှာ အသက်နှစ်ဆယ်ခန့်။ နာမည်နှင့်လိုက်အောင် အသားအရေသည် နူးညံ့၍ ရွှေရောင်ဝင်းနေသည်။ ကွယ်လွန်သွားသော မြသက်သည် ဓနိပါတ်ကျေးရွာ၏အလှသရဖူဖြစ်သလို ရွှေရည်လေးမှာ နေရောင်ကာကျေးရွာ၏ မီးရှူးတန်ဆောင်ဖြစ်တော့သည်။ နေရောင်ကာရွာ၏ကွမ်းတောင်ကိုင် အပျိုချော ရွှေရည်၏မေတ္တာကို လိုချင်သူကာလသားတွေ ဒုနဲ့ဒေးရှိသော်လည်း ရွှေရည်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဥပေက္ခာပြုကာ ရဲမာန်အပေါ်မှာပဲ မေတ္တာမိုးတွေ တိုင်
တခိုးရွာသွန်းဖြိုးမိသည်။

တကယ်တော့ ရွှေရည်သည် ရဲမာန်ကို တစ်ဖက်သတ်စိတ်
ဝင်စားနေခဲ့ရသူတစ်ယောက် ဖြစ်ပါသည်။ ရဲမာန်မှာ ငယ်စဉ်
ကတည်းက ရွှေရည်နှင့်အတူ ကစားဖော်ဖြစ်လျက် သူ့အပေါ် နှ
လေးတစ်ယောက်ထက်မပိုသလို စိတ်ဝင်စားမှုမရှိခဲ့ဘဲ တစ်ရွာသူ
မြသက်ကိုမှ ချစ်ကြိုက်ခဲ့သူဖြစ်ပါသည်။ ရွှေရည်ကတော့ သူ့မှာသူ
ရယ်ပါ။ သဘောကောင်းပြီး စိတ်ထားဖြူစင်ရိုးသားသူဖြစ်၍လည်း
ရဲမာန်၏အချစ်ကို ရယူသွားသော မြသက်အပေါ်မှာ အမုန်းမပွား
စိတ်မကွက်ခဲ့။ သူ့အချစ်ကို ရင်ထဲမှာပင် သိုဝှက်ထားခဲ့သည်။ ယခု
ကဲ့သို့ မြသက်တစ်ယောက် ကောက်ကာငင်ကာ အသေဆိုးဖြင့်သေ
ရှာပြီဟု ကြားရသောအခါ ကံဆိုးရှာသော ချစ်သူနှစ်ဦးအတွက်
ရင်ထဲမှာ နင့်နေအောင် ခံစားရလေသည်။

တစ်ခါတလေတော့လည်း မှန်ထဲကြည့်ကာ ကံကြမ္မာကို
အတော်မကျေမနပ်ဖြစ်မိသည်။ အလွန်ချောမောလှပလွန်းသည်ဟု
အားလုံးက တညီတညွတ်တည်းလက်ခံထားကြသော မိမိကိုမကြိုက်
ဘဲ သူနှင့်အလှချင်းမတိမ်းမယိမ်းသာရှိသော တစ်ရွာသူမြသက်ကို
ရဲမာန်က အဘယ်ကြောင့် သွား၍ချစ်ကြိုက်မိသနည်း။ ဥစ္စာခနချင်း
ရော၊ ရုပ်ရည်ချင်းရော ဂုဏ်အဆင့်အတန်းချင်းပါ မိမိက မြသက်
ထက် မနိမ့်ကျပါဘဲ မိမိကိုမရွေးချယ်ဘဲ မြသက်နောက်ပါသွားသော
ရဲမာန်နှင့် ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့မိလေသည်။





မွေးကတည်းက အသားရည်နုနုနှင့် ရွှေဝါရောင်ဥနေသော
သူမကို အဖေနှင့်အမေက ရွှေရည်လောင်းထားသလိုလှတဲ့သမီးဟု
ဆိုကာ ရွှေရည်ဟုပင် နာမည်မှည့်ခဲ့ကြပါသည်။ ကွမ်းတောင်ကိုင်
အချောအလှဖြစ်သော်လည်း သူ့အဖေ ကျေးရွာလူကြီးအရှိန်နှင့်
သော်ရုံတန်ရုံလူ စိတ်မကူးဝံ့။ အခြားရွာမှလာ၍ စပ်ကြဟပ်ကြသော
သူတား၊ စက်ပိုင်၊ သူဌေးသားဆိုသူများကိုလည်း ရွှေရည်က ငြင်းပယ်
ခဲ့ဖူးသည်။

ရဲမာန်ကလည်း ယောကျ်ားပီပီသသနှင့် ခန့်ငြားချောမောသူ
တစ်ယောက်ဖြစ်သည်။ သို့သော် သူက မိန်းကလေးများနှင့် ရော
နှောနှောနှောမနေ။ တည်တည်တံ့တံ့နေတတ်သည်။ လယ်ထဲတွင်
အလုပ်ရှိလျှင်ရှိ၊ မရှိလျှင် တယောလေးတအီအီနှင့် တစ်ယောက်
တည်း နေတတ်သူသာဖြစ်သည်။

တကယ်တော့ တစ်ရွာသူမြသက်သည် ရွှေရည်ထက်မသာ
ပါ။ သို့သော် ရွှေရည်က ရိုးရိုးအေးအေးနေသလောက် မြသက်က
ခတ်ဆန်သည်။ ရွှေရည်က လယ်ယာအလုပ်၊ တောသဘာဝအလုပ်
ကို လုပ်ရတာ နှစ်သက်သော်လည်း မြသက်က အနုပညာဝါသနာပါ
သည်။ အနုပညာခံစားမှုဓာတ်ခံရှိသည်။ ဒါကြောင့်လည်း ရဲမာန်နှင့်
မြသက် အပေးအယူမျှခဲ့ကြခြင်းဖြစ်သည်။

“နေပါဦးကွ ... မောင်ရဲမာန်ရ ... အဲဒီနောက်ကော မင်း
ကောင်မလေးက မင်းဆီကိုလာပြီး ကိုယ်ထင်ပြသေးလို့လား”

ဦးတိုးညွန့်က ရဲမာန်စကားအဆုံးတွင် တစ်ရွာလုံးက သိချင်
သော မေးခွန်းတစ်ခုကို မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ လာတယ်ဦး ... ဒါပေမဲ့ နေ့တိုင်းတော့မဟုတ်ဘူး တချို့ညတွေမှာ သူ့ကွယ်လွန်တဲ့အချိန်လောက်ဆို ကောင်းကင်က မှုန်မှိုင်းသွားပြီး ခွေးတွေအူလို့ သူရောက်လာတတ်တယ် ... ကျွန်တော် သူ့ကိုမြင်ရတာ နှစ်ခါ သုံးခါရှိပါပြီ ..."





## သန်းခေါင်ယံဂီတ

တယောချင်ကတော့
မျက်စိကိုမှိတ်လျက်သားနှင့်
ပတ်ဝန်းကျင်ပြောင်းလဲမှုကို ဘာမှသတိမထားမိ
သို့သော် တယောသံက ပြောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မောင်ရဲမာန်ပြောသလိုဆိုရင် ဟိုဘက်ရွာက ကောင်မလေးက စွဲလမ်းစိတ်ကြီးပြီး မကျွတ်မလွတ်ဖြစ်နေတာနေမှာ ကွဲ့ ... ဒီကိစ္စကို သူ့မိဘတွေသွားပြောပြန်ရင်လည်း ယုံကြည်ရင် တော်ရဲ့ ... မယုံကြည်ရင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက် စရာတွေဖြစ်မယ် ... ဒီတော့ ဖိုးထူးက ဆရာတော်ဘုရားကို သွား လျှောက်ထား ... တစ်ခါတည်း ပင့်ဖိတ်ခဲ့ ... ညနေကျ ရွာထဲမှာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပေးဖော်မူပါရန်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦးကြွ"

"ကဲ ... ကဲ ... အားလုံးပြန်ပြီး လုပ်စရာရှိတာလုပ်ကြ ... ညနေကျရင် ပရိတ်အိုးကိုယ်စီနဲ့ ရွာလယ်ကိုလာခဲ့ကြ ဟုတ်ပလား"

ရဲမာန်မှာ ရွာလူကြီး ဦးတိုးညွှန့်အိမ်သို့ရောက်လက်ရှိနှင့် ရှေ့ရည်နှင့်အတူ စကားစမြည်ပြောရင်း ရေနွေးကြမ်းသောက်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက်ချင်းပြန်လို့မရ ရွှေရည်က ထမင်းစားပြီးမှ အေးအေး ဆေးဆေးပြန်ရန် ပြောလာသောကြောင့် ဖြစ်သည်။ ရွှေရည် အကြောင်း ရဲမာန်ကောင်းကောင်းသိသည်။ စိတ်ရင်းကောင်းသေ လည်း စိတ်ထက်သည်။ သူပြောသလိုလုပ်မှ ကြိုက်သည်။ ယင် က ဆော့နေရင်း ရဲမာန်က တော်ပြီ ပြန်တော့မယ်ဟုဆိုကာ ရွှေရည် တားနေသည့်ကြားမှ ကစားဝိုင်းမှထွက်မိသဖြင့် စိတ်ဆိုးပြီး ခဲ ကောက်ထုရာ ရဲမာန် မျက်ခုံးကွဲသွားဖူးသည်။

အမှန်မတော့ သူ့ဘဝထဲတွင် ရွှေရည်သည်လည်း အစိ ဇာတ်ကောင်တစ်ဦးပမာရှိခဲ့ပါသည်။ သို့သော် မိန်းမတို့၏ အတွင် စိတ်ကို မရိပ်မိရှာသော ရဲမာန်က ရွှေရည့်အပေါ် မဆန်းပြားရဲ့ခဲ့

ထိုအချိန်မှာပဲ မြသက်နှင့် သူ နီးစပ်မှုဖန်လာစရာအကြော င်း က ဖြစ်လာခဲ့ပါသည်။ ဟိုဘက်ရွာသို့ သွားကာ အလှူပွဲတစ်ခု ချများ၏တောင်းဆိုချက်အရ တယောဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပါသည် တိုက်တိုက်ဆိုင်ဆိုင် သူတယောထိုးစဉ် စည်းဝါးကိုကိုင် သီချင်းသီ နေခဲ့သူကား မြသက်ဖြစ်နေခဲ့သည်။ သူတို့နှစ်ဦး၏ အဆိုနှင့်အတ လက်သံမှာ သာယာညီမွှဲညောင်းလွန်းသဖြင့် ကြားရသူတိုင်းက နှ သက်ကြသည်။

အဲဒီနောက်မှာတော့ ဇာတ်လမ်းက ခပ်ရှင်းရှင်းပဲဖြစ်သည် မြသက်က ဖခင်နှင့်မိခင်ကို အပူကပ်ကာ တယောဆရာကို အိမ် ပင့်ပြီး တယောပညာသင်ယူသည်။ ကြာတော့ အိုးချင်းထား အိုးချ ထိကာ လူငယ်တွေပီပီ သံယောဇဉ်တွေတွယ်ခဲ့ကြသည်။ ထို့နော





ခါတော့ အများသိပြီးဖြစ်သည့် ကြေကွဲစရာဖြစ်ရပ်များက ဆက် တိုက် လိုက်ပါလာတော့သည်။

"ဟဲ့ ရဲမာန်"

ရုတ်တရက် သူ့နောက်မှကပ်ကာ ခေါ်လိုက်သဖြင့် ရဲမာန် ဆတ်ခနဲတုန်သွားသည်။

"ဟာ ... လန့်လိုက်တာ ရွှေရည်ရယ်"

"ဘာလဲ ... နင် မြသက်အကြောင်း တွေးနေတာမဟုတ်လား ဟင် ရဲမာန် ... ငါ့ကိုမညာနဲ့ ... နင့်မှာ မြသက်ကလွဲပြီး တွေးစရာမရှိ တော့ဘူးလား ... "

"ဒါကတော့ ရွှေရည်ရယ်"

ဟုသာ သူပြောနိုင်တော့သည်။ တကယ်လည်း ရွှေရည်ပြော တာမှန်နေသည်ကိုး ...

"ကဲ ... ဒါကတော့ လုပ်မနေနဲ့လာ ... ထမင်းသွားစားကြ မယ် ... ပြီးတော့ ချောင်းထဲလှေသွားစီးကြမယ် ဟုတ်ပလား"

"အေးပါ ... အေးပါ ... နင့်သဘောအတိုင်းပါပဲ"

ရွှေရည်၏အစီအစဉ်အတိုင်း ထမင်းစားပြီးသောအခါ ချောင်းထဲမှာ လှေလှော်စီးကြသည်။ ယခုလို ရဲမာန်နှင့်လှေ ကလေးကို စိတ်အေးလက်အေးလှော်ကာ မစီးရတာကြာခဲ့ပြီ ဖြစ်သဖြင့် ရွှေရည့် မျက်နှာကလေးမှာ ကြည်လင်လန်းဆန်းနေ သည်။

"ရဲမာန်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းက တို့နှစ်ယောက် လှေစီးရင်း နင်ကသီချင်းလေးဆို လို့ ငါကတော်ပါတော့လို့ နင်မခံချင်အောင်စတော့ ငါ့ကိုရေနဲ့ပက် ငါကလည်းပြန်ပက်နဲ့ ပျော်ခဲ့ကြတာ သတိရသေးရဲ့လား"

ရွှေရည့်အပြုံးကလေးကြားမှ ဆွေးရိပ်သဲ့သဲ့ကိုမြင်ရသည်။

"ငါမှတ်မိပါတယ် ရွှေရည် ... ဘယ်မေ့မှာလဲ"

"ရဲမာန်"

"ဘာလဲရွှေရည်"

"ညကျ နင်ရွာမှာပဲအိပ် ... ဖိုးထူးဆီမှာအိပ်ပေါ့"

"ဘာဖြစ်လို့လဲ ရွှေရည်"

ဖိုးထူးက ရွှေရည်နှင့်အိမ်နီးချင်းဖြစ်သည်။

"ငါ့ကို ဒီညတယောထိုးပြ"

"ဘုရားရေ ကြားသားမိုးကြိုး ... နင်ရွှေရည်မှဟုတ်ရဲ့လား"

"အံမာ ... ငါလည်း ခံစားတတ်ပါတယ်နော် ... ကဲ လျှာရှည် မနေနဲ့ ... ညကျ ငါ့ကိုတယောထိုးပြ"

"ဟ ... ငါ့မှာ တယောမှ ပါမလာဘဲ ရွှေရည်ရ"

"ဟင်း ... ဟင်း ... ငါ ခုနကပဲ ဖိုးထူးကို နင့်တယောသွားယူ ခိုင်းလိုက်ပြီသိလား"

"ဟာ ... နင်ကတော့လုပ်ပြီ ... ဖိုးထူးကို အားနာစရာ"

"ဘာလဲ နင်က ငါ့ကိုတယောထိုးမပြချင်လို့လား"

"မဟုတ်ပါဘူးဟာ ... တယောထိုးရတာ ငါ့အတွက်အပန်း မကြီးပါဘူး ... ဒါပေမဲ့ မြသက်ကဆုံးပြီးကာစဆိုတော့ တီးရမှာက တာ ကောင်းပါ့မလားလို့ တွေးမိလို့ပါ ..."



"မဆိုင်ပါဘူးဟယ်"

"ဒါဆိုလည်းပြီးရောဟာ"

ပြုံးရွှင်သွားသော ရွှေရည့်မျက်နှာကိုကြည့်ကာ ရဲမာန်လည်း အပျော်ခာတတ်တို့ကူးစက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးစက်တိတ်ဆိတ်နေသော ညဦးယံမှာ ကြယ်ရောင်ဖျဖျ လကွေးကလေးဖြင့် မှုန်မှုန်ဝါးဝါးလင်းလက်နေသည်။

ညနေခင်းက ရွာကျောင်းဆရာတော်ဘုရားက အန္တရာယ်ကင်း ပရိတ်များ ရွတ်ဖတ်ရသဇ္ဈာယ်ပြီး မေတ္တာပို့ အမျှဝေခဲ့သည်။ ဒီညတော့ စိတ်ချလက်ချအိပ်နိုင်ပြီဟူသောအသိနှင့် ရွာကလေးမှာ ငိုက်မြည်းစပြုနေပေပြီ။ ခပ်စောစောက ဖိုးထူးသည် သူတို့နှင့်အတူ ထိုင်ကာ သီချင်းနားထောင်နေသေးသော်လည်း နောက်တော့ အိပ်ရာသွားခင်းလိုက်ဦးမည်ဟုဆိုကာ အလိုက်တသိရှောင်ထွက် သွား၏။

ထိုအချိန်၌ တယောသံကလေးက ညင်သာစွာ လွမ်းမောဖွယ် ရာ ထွက်ပေါ်လာခဲ့လေသည်။ မကြားရတာကြာပြီဖြစ်သော ရဲမာန် ၏ တယောသံကလေး။ လေအသော့မှာ ဖော့ဖော့လေးဝင်လာ





သာ တယောသံကလေးက ညရေးရေးနှင့် လိုက်ဖက်ညီစွာ င့်တယ်လှပနေတော့သည်။

တရုတ်စကားပင်ခြေရင်းမှာ မှီလျက် စိတ်ပါလက်ပါတယော ိုးနေသော ရဲမာန်ဘေးတွင် ရွှေရည်ငြိမ်သက်စွာ နားထောင်နေမိ ည်။ ပြောရလျှင် ရွှေရည်တစ်ယောက် အခုလို ရဲမာန်တယောသံ ို တစ်ခါမှ သေချာစွာနားမထောင်ခဲ့ဘူးပါချေ။ သူ့တယောသံသည် ယာညင်းပျောင်းရှိလှ၏။ မျှော်လင့်စောင့်စားနေသူတစ်ယောက် ၏ နှလုံးသားတံခါးကို လာခေါက်နေသလိုရှိတော့သည်။

တယောသံရှင် ရဲမာန်၏စိတ်ထဲဝယ် မည်သို့ခံစားနေရသည် ိုတော့မသိ။ ရွှေရည့်ရင်ထဲတွင်တော့ တလှပ်လှပ်တနွေးနွေးနွေး ွနေသလိုပင်။ ထိုအခိုက်ဝယ် ရုတ်ချည်းဆိုသလို တိမ်ညိုတစ်အုပ် ာ လမင်းလေးကို ဝါးမျိုဖုံးအုပ်သွားသည်။ အမှောင်သန်းသွားသလို သတစ်ချက်လည်း ခပ်ကြမ်းကြမ်းတိုက်ခတ်လာသည်။

ညဥ့်ငှက်တချို့အော်မြည်လျက် ဝေါခနဲ ပျံသန်းသွားကြသည်။ ားမှုတို့ တိတ်ဆိတ်သွားလျက် ရွှေရည့်ရင်ထဲမှာ ထိတ်ခနဲဖြစ် ွားသည်။

တယောရှင်ကတော့ မျက်စိကိုမှိတ်လျက်သားနှင့် ပတ်ဝန်း ျင်ပြောင်းလဲမှုကို ဘာမှသတိမထားမိသလိုရှိနေသည်။ သို့သော် ူ့တယောလက်သံက ပြောင်းလဲသွားသည်။ သာယာနူးညံ့ပျောင်း သာ ချိုအီသည့်အသံမှ ခြောက်ကပ်ကပ်နိုင်သော ထိတ်လန့်ဖွယ် သံမျိုးဖြစ်လာသည်။ ဘိုးတံနှင့် ကြိုးဆံတို့ထိတွေ့ပွတ်တိုက်မှုက ြင်းထွန်စွာ ပေါက်ကွဲထွက်လာသလိုမျိုး။ တယောသံက ခပ်ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင် သာယာစဖွယ်ရှိသော်လည်း အနီးကပ်နားထောင်လျှင် နည်းကြမ်းရ၍ ကြောက်ဖွယ်ကောင်းသော ရေတံခွန်စီးသံတစ်ခုလိုသာဝင်။

လကာမိုက်ဆဲ၊ တိမ်တိုက်က မည်းမှောင်ဆဲ၊ လေပြင်းက ဝေ့၍တိုက်နေဆဲတွင် တယောသံက ကျိုးပျက်ပေါက်ကွဲလျက် ရွှေရည်အထိတ်တလန့်ဖြင့် ရဲမာန်ပခုံးကိုလက်ဖြင့် ဆုပ်ကိုင်ထား လိုက်သည်။ ရှာတောင်ဘက်ဆီမှ ခွေးတစ်အုပ်၏ မသတီစရာ သံရှည်ဆွဲအူသံက ရွှေရည့်စိတ်ကို တုန်လှုပ်ချောက်ချားလာစေသည်။

"ဝူး ... ဝူး ... ဝူး ... အူး ... အူး ... အူး"

"ဝေါ ... ဝေါ ... ဟဲ ... ဟဲ ... ဝိုး ... ဝိုး"

လေတိုက်သံသည် ရွှေရည့်နားထဲမှာ နာနာဘာဝတို့ ခြောက်လှန့်သံတွေလို ထင်မြင်လာသည်။

ရုတ်တရက် အရိပ်မည်းမည်းတစ်ခု သူ့ရှေ့ခပ်လှမ်းလှမ်း သစ်ပင်အောက်၌ ရပ်နေတာတွေ့ရသည်။ ရဲမာန်က မျက်စိမှိတ်ထားသဖြင့် မမြင်။ ရွှေရည်ပဲမြင်ရသည်။ ကြောက်စိတ်နှင့် ပါးစပ်ဟောင်းလောင်းဖြစ်ကာ ကြည့်နေဆဲ ထိုမည်းမည်းသဏ္ဌာန်က အမှောင်ရိပ်ထဲမှ ရှေ့သို့တစ်လှမ်းထွက်လိုက်သောအခါ မြသက်ဖြစ် နေသဖြင့် သူ ထိတ်လန့်တကြားအော်ဟစ်လိုက်သည်။

"အား ..."

သူ့အော်သံကြောင့် ... ရဲမာန်က တယောထိုးနေရာမှ ရုတ်တရက်ရပ်လိုက်၏။

"ဘာဖြစ်တာလဲ ရွှေရည်"





"မြသက် မြသက် ခုနက အနားကိုရောက်လာတယ်"

"ဟင် ... ဟုတ်လား ... ဘယ်မှာလဲ"

မြင်ရသောနေရာသို့ သတ္တိမွေး၍ ထပ်ကြည့်လိုက်သည်။ လေတိုက်၍ လှုပ်ယမ်းနေသော သစ်ကိုင်းတစ်ခုမှလွဲ၍ ဘာမှရှိမနေတော့ချေ။

"ငါမြင်လိုက်တာ သေချာတယ် ... သူ ငါ့ကိုစိုက်ကြည့်နေတယ် ... ငါကြောက်တယ်ရဲမာန် ... ငါကြောက်တယ်"

"သမီး အော်သံကြားလိုက်သလားလို့ ဘာဖြစ်လို့လဲသမီး"

"ဟိုဟို ... ဘာမှမဖြစ်ပါဘူးအမေ ... ခွေးတွေအူလို့ သမီး လန့်ပြီးအော်တာပါ"

"အေးအေး ညဉ့်နက်လှပြီ ... အိပ်တော့လေ သမီး ... မောင်ရဲမာန်လည်းနားချင်ရောပေါ့ ..."

"ဟုတ်ကဲ့ပါ အမေ ... ဒါနဲ့ အမေ ... ဟိုလေ ... စောစောတုန်းက မိုးတွေမှောင်သွားပြီး ခွေးတွေအူ လေပြင်းတွေတိုက်နဲ့ အမေတို့ သတိထားမိလား ... ရှာတောင်ဘက်က ခွေးအူသံတွေက ကြောက်စရာကြီးနော် ... သမီးဖြင့် မနေ့ကလို ..."

ဒေါ်မြနှစ်သည် ကောင်းကင်ကို တအံ့အသြကြည့်ကာ ...

"ဟေ ... ဘာမှမဖြစ်ပါဘူးသမီးရဲ့ ... ကောင်းကင်လည်း မိုးမှောင်မကျပါဘူး ... ခွေးအူတာလည်း ဘုန်းကြီးကျောင်းက ဘုရားဝတ်တက်ပြီး ကြေးစည်တီးရင် ခွေးတွေက အူနေကျပါ ... မောင်ရဲမာန်တယောသံ နည်းနည်းပြောင်းသွားတာပဲ အမေတော့ သတိထားမိတယ် ... တစ်ခါမှ ကြမ်းတမ်းတဲ့အသံမျိုး မကြားဖူးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဘာဖြစ်သွားတာပါလိမ့်ဆိုပြီး တွေးနေတုန်း သမီးအော်သံကြားတာနဲ့ ထွက်ကြည့်တာပဲ ... ကဲ ... အိမ်ထဲဝင်ကြတော့”

သူ့အမေက ရှေ့မှနေ၍ အိမ်ထဲသို့ဝင်သွား၏။

“ရဲမာန် ... ဒါ ... ဒါ”

“ဟုတ်တယ်ရွှေရည် ... ငါ့တယောသံကြားလို့ သူရောက်လာတာနေမယ် ... သူတကယ်ရောက်လာတာနေမှာ”

ရဲမာန်အပြောကြောင့် ရွှေရည့်တစ်ကိုယ်လုံး ကြက်သီးထကာ တုန်တက်သွားသည်။ နောက်ပြီး သူကိုယ်တိုင်မြင်လိုက်ရသည်ပဲ မယုံလို့မရ။ မျက်စိမှားတာလားဟု တွေးမိသေးသည်။ သေချာတာကတော့ မြသက်သည် သူ့ချစ်သူနှင့် ရွှေရည်တွဲနေခြင်းကို ကျေနပ်ဟန်မတူ။

“ငါလည်း တယောထိုးနေရင်း စိတ်တွေလွတ်သွားတယ်ဟာ၊ ငါ့စိတ်ထဲမှာ ငါ့ဘဝကို မကျေမနပ်အမြဲဖြစ်နေရတဲ့စိတ်တွေ ခံစားလာရတယ် ... ငါ့ရင်ထဲမှာ အမြဲတင်းကြပ်နေခဲ့တာတွေ ဂီတနဲ့ဖောက်ထုတ်ပစ်ချင်လာတယ် ... မြသက်က ငါ့လက်ကိုအတင်းဆွဲနေတယ်၊ ငါရုန်းကန်တယ် ... သူ့မျက်လုံးတွေကို ငါမကြည့်ရဲလို့ ငါ့မျက်စိမှိတ်ပြီး အတင်းရုန်းတာ ... နောက်ပြီး ငါ့လက်ထဲက တယောကို မရမကလုယူနေတယ် ... ဒါပေမဲ့ ဒါဟာ တကယ်မဟုတ်ဘူးမို့လား ရွှေရည်”

“ဟုတ်တယ်ရဲမာန် ... ငါကြောက်လန့်ပြီး နင်တယောထိုးတဲ့လက်ကို ဆွဲယူလိုက်တာ ... နို့မို့ ဒီတယောသံကြောင့် ဘာတွေဆက်ဖြစ်လာမယ် မသိတတ်အောင်ပါပဲဟယ်”

“ကဲပါလေ ... နင်အိမ်ထဲဝင်တော့နော်”





ရွှေရည်က တယောလေးကို ရဲမာန် လက်ထဲပြန်ထည့်ပေးလိုက်သည်။ ရဲမာန်က တယောလေးကို ဝေခွဲမရဟန်ဖြင့် ကြည့်လိုက်သည်။ သည်တယောကလေးသည် ဘယ်အချိန်ကများ ကျိန်စာသင့်ခဲ့လေသည်လဲမသိတတ်နိုင်ချေ။ သည်တယောလေးမှာ သက်ဆိုင်ခဲ့သူတို့ ဝိညာဉ်များ မည်မျှပူးကပ်နေပြီလဲ မသိတတ်နိုင်ပါ။ ဒါပေမဲ့ သည်တယောလေးက အဖေ့အမွေ သူ့နှလုံးသားတစ်စုံရယ်ပါ။

တကယ်တော့လည်း သည်နွေညဥ့်ယံ၏ ဂီတပွဲမှအဖြစ်အပျက်သည် ရွာသားများနှင့်မဆိုင်ဘဲ သူနှင့်ရွှေရည်တို့နှစ်ဦးကိုသာ ညှိရှယ်ခြောက်လှန့်ခဲ့ခြင်းဖြစ်ဟန်တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com


## ကိုယ်တွေ့ကြုံမှယုံတတ်ပြီ

"သရဲဆိုတာ
အခြောက်ခံရဖူးတဲ့သူက ရှိတယ်လို့ပြောပြီး
အခြောက်မခံရဖူးတဲ့သူက မရှိဘူးလို့ပြောမှာပေါ့
ငါကတော့ လက်တွေ့ကြုံလို့
ယုံခဲ့ပြီ ... "

နွေမိုးဆောင်း တပေ

www.burmeseclassic.com

www.burmeseclassic.com

ဓနိပါတ်ရွာလူကြီး၏သား စိုးကြီးတစ်ယောက် စိတ်ထဲတွင် လေးပင်စွာ ခံစားနေရသည်။ သူနှင့်လက်ထပ်ရတော့မည့် လူကြီးချင်းသဘောတူထားသော ကောင်မလေးမြသက် ရုတ်တရက် သေဆုံးသွားပြီးသည့်နောက်ပိုင်း သူ့အပျော်များအားလုံး အရည်ပျော်ပျောက်ဆုံးခဲ့ရသည်။ သွားသွားလာလာပျော်ရွှင်ခဲ့ဖူးသောအတိတ်သည် မြသက်နှင့်အတူ သေဆုံးသွားသလို ခံစားရသည်။ ယခင်အခါများကလို ပျော်ပျော်ပါးပါးနေဖို့ဝေးစွ၊ အိမ်ထဲမှအိမ်ပြင်သို့ပင် ထွက်ချင်စိတ်မရှိ၊ ဘဝ၌ မျှော်လင့်ချက်ပျောက်ဆုံးသလို ရည်ရွယ်ချက်မရှိတော့သလိုဖြစ်နေသည်။

ခုတလော ဘယ်လိုဖြစ်နေမှန်းမသိ။ စိတ်ထဲမှ မသိုးမသန့်ဖြစ်နေသည်။ ဟိုနေရာက ချွတ်ခနဲ ဒီနေရာက ခြေသံရှုပ်ခနဲကြားသလိုလို ထင်နေရသည်။ သူ့နောက်သို့ တစ်ယောက်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



တကောက်ကောက်လိုက်နေသလို ခံစားရသည်။ အိပ်နေရင်းလည်း ခဏခဏ လန့်နိုးသည်။ တစ်ခါတစ်ရံ အိပ်မက်ဆိုးများမက်သည်။ မြသက်သည် သူ့ကိုလက်မထပ်ချင်သဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်းဖြစ်ရာ တမလွန်ဘဝအထိ သူ့ကိုအခဲကြေဟန်မတူပေ။ မကျွတ်မလွတ်ဘဲ သူ့နောက်မှ လိုက်ချောင်းနေသည်ဟု စိတ်ထဲက မသင်္ကာဖြစ်နေသော်လည်း သရဲသောကြောင်သူဟု ထင်ခံရမှာစိုး၍ မည်သူ့ကိုမျှ ထိုအကြောင်းကို ဖွင့်မပြောမိ။ ယုတ်စွအဆုံး သူ၏ လက်ပါးစေတပည့်နှစ်ယောက်ဖြစ်သော ဇော်ကြီးနှင့် မဲလုံးကိုပင် ဖွင့်၍မတိုင်ပင်ခဲ့။ တစ်ယောက်တည်းသာ ကြောက်ကြောက်နှင့် အိမ်မြဲကာ အရက်ကို ဆက်တိုက်သောက်နေမိသည်။ ယနေ့လည်း တစ်နေကုန် အိမ်၌မြဲကာ အရက်သောက်နေသဖြင့် ညမှောင်ရီဖြိုး အချိန်တွင် တပည့်နှစ်ယောက် သူ့အိမ်သို့လိုက်လာကြ၏။

“ဆရာစိုးကြီး ... ဆရာစိုးကြီး”

အသားမဲမဲ ပုပုဝဝနှင့် မဲလုံးဟု အမည်နှင့်ရုပ်လိုက်ဖက်သော တပည့်က အိပ်ပဲ့အိပ်ပဲ့ဖြင့် အိမ်ပေါ်သို့တက်လာရင်း သူ့ဆရာစိုးကြီး မရှိ စုံစမ်းမေးမြန်း၏။ အသားညိုညို အရပ်မြင့်မြင့် နှုတ်ခမ်းမွေး ကုတ်ကုတ်နှင့် ကျွဲကြီးတစ်ကောင်နှင့်တူသော ဇော်ကြီးက ခပ်ရှိန်ရှိန် နောက်မှလိုက်လာသည်။

“လာကြဟေ့ ... မဲလုံးနဲ့ဇော်ကြီး”

“ဟာ ... ငါတို့ဆရာက အိမ်မှာထိုင်ပြီး ငြိမ့်နေတာကိုး ... ကျွန်တော်တို့က ဒေါ်ဘုမအရက်ဆိုင်ရော ရွာစွန်က ကိုးမီးဝိုင်းရော ရောက်ခဲ့ပြီးပြီ ...”





“အေးကွာ ... အပြင်သိပ်ထွက်ချင်စိတ်မရှိတာနဲ့ အိမ်မှာပဲ ငြိမ့်ဖြိုန်းနေတာပါ ... ဘာကိစ္စထူးလို့လဲ ငါ့ကောင်ရ”

မဲလုံးက ကွမ်းသွေးများ နီကြန်ကြန်ဖြစ်နေသော သူ့သွားများကို ပါးစုန်ကြီးနှစ်ဖက်ပေါ်အောင်ဖြဲ၍ ရယ်လိုက်ပြီး ...

“ဟီး ... ဟီး ... ဒီလိုအာစရိရဲ့ ... ဟိုတလောက ရွာကထွက်သွားတဲ့ အေးမေသိတယ်မို့လား”

“တို့ရွာမှာ ဓာတ်လာကတဲ့ ခေတ္တရာညဏ်ထွန်းဆိုတဲ့ ကောင်လေးလိုလို ပြဇာတ်ဆရာလိုလိုကောင်နဲ့ လိုက်ပြေးသွားတဲ့ အေးမေကို ပြောတာလား ...”

“ဟုတ်တယ်ဆရာ ... အဲဒီ ဆရာ့ကောင်မလေးလေ ... ဇာတ်ဆရာညဏ်ထွန်းနဲ့ကွဲပြီး အခုရွာကိုပြန်ရောက်နေတယ် ... ဟီး ... ဆရာ့ကိုတောင် မေးနေသေးတယ် ... သူ့ဆီကို အိမ်လည် လာဘာလေးလာပါဦးလို့ မင်းတို့ဆရာကိုပြောလိုက်ပါတဲ့”

“ဟေ ... သူက အဲဒီလိုမှာလိုက်သလား”

“ဟုတ်တယ်ဆရာ ... ဒီတစ်ခါတော့ လက်မနှေးစေနဲ့နော်၊ ဇော်ကြာ ဟိုတစ်ခါလို ...”

“တော်တော့ ဇော်ကြီး ... ဒါတွေပြန်ပြောမနေနဲ့ ... လာ သွားမယ် ... မင်းတို့ပါ အဖော်လိုက်ခဲ့ကြ”

“ခဏနေပါဦးဆရာရဲ့ ... ကျွန်တော်တို့လည်း တစ်ခွက်တစ် ဖလားလောက်နှိပ်ပါရစေဦး ... ဟီးဟီး ဆရာတို့များ သောက်တော့ လည်း အရက်အကောင်း အမြည်းကလည်း ငါးရံ့ခြောက်ဖုတ် ... ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဖော်ကြီးနှင့်မဲလုံး တစ်ယောက်တစ်ခွက် ကစ်လိုက်ကြပြီး စိုးကြီး အိမ်ပေါ်မှဆင်းလာခဲ့ကြ၏။

ရွာလယ်လမ်းမှာ ခြောက်ကပ်တိတ်ဆိတ်နေသည်။ အထူ သဖြင့် မြသက်အသုဘဖြစ်သွားပြီးကတည်းက ညဘက်ရွာထဲ အသွားအလာကျဲပါးသွားကြသည်။ ရွာသားများသည် အကြောင်းထူ မရှိဘဲ ညဘက်အပြင်သို့မထွက်ကြ။ တတ်နိုင်သမျှ ကိုယ့်အိမ်မှာ ကိုယ်နေနေကြသည်။ ကောလဟာလကလည်း ပွံ့နေသည်မှာ တစ် တရံ ရွာထဲ၌ ညဘက်ဖြတ်သွားဖြတ်လာများက မြသက်ကို ရိပ် တွေ့လိုက်ရသည်ဟု ပြောနေကြ၍ဖြစ်သည်။ ဟုတ်သည် မဟုတ် သည်ကတော့ အပထား၊ ကောလဟာလအနေဖြင့် ပြောနေကြသည် ကား အမှန်ဖြစ်သည်။ ဟိုတစ်နေ့ကလည်း ညဘက်ချောင်းထဲ ငါးရှာပြီးပြန်လာသော မောင်ဖုန်းတစ်ယောက် အရိပ်မည်းကြီးတစ် နောက်မှလိုက်လာသဖြင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းက အောင် သုတ်ချေတင်၍ပြေးလာခဲ့ရသည်။ ထိုအရိပ်မည်းကြီးမှာ မြသက်လား ဘာလားတော့ သဲသဲကွဲကွဲမြင်ရသည်မဟုတ်။ သို့သော် မြသက်မှာ လောလောလတ်လတ် အစိမ်းသေ သေထားသူဖြ သဖြင့် လူတွေက ဘာပဲဖြစ်ဖြစ် မြသက်ခြောက်တာဟုသာ ထ မှတ်နေသလားမပြောတတ်ပေ။

စိုးကြီးတို့ ဆရာတပည့်သုံးယောက် ရွာလယ်လမ်းတွ လျှောက်လာခဲ့ကြ၏။ လရောင်ပျပျ၊ လူရိပ်တွေကမည်းမည်း။ လူ မသဲမကွဲဖြင့် လျှောက်လာကြသည်မှာ ခပ်လှမ်းလှမ်းက ကြည့်လျှ



အောင်းဆိုးဝါး တစ္ဆေ၊ သရဲသဘက်များ လမ်းသလားနေကြ သလား အောက်မေ့ရပေသည်။

အိမ်မှာ ဆူညံခဲ့သလောက် အခုတော့လည်း သုံးယောက် သုံး နှုတ်ပိတ်၍ လမ်းလျှောက်လာကြသည်။ သူတို့ခြေသံမှလွဲ၍ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ သို့သော် စိုးကြီးနားထဲ၌သူတို့ သုံးယောက်ခြေသံအပြင် အခြားလူတစ်ယောက်၏ ခြေသံတဖျပ်ဖျပ် ပါ ကြားရသလိုရှိသောကြောင့် တပည့်နှစ်ယောက်ကို လက်ဖြင့် အချက်ပြ၍ လမ်းလျှောက်ရာမှ ရုတ်တရက်ရပ်လိုက်သည်။ နောက် လိုက်နေသော ခြေသံကိုမကြားရတော့ဘဲ ရုတ်တရက် တိတ်သွား

"ဘာဖြစ်လို့လဲ ဆရာသမား ဘာတွေ့လို့လဲ"

"ငါတို့နောက်ကို တစ်ယောက်ယောက်လိုက်နေတဲ့ ခြေသံများ ကြားသလားလို့ပါ"

စိုးကြီးစကားကြောင့် ဖော်ကြီးနှင့်မဲလုံးမှာ ထိတ်လန့်သွား ကြသည်။

"မကြားမိပါဘူးဆရာရယ် ... ဆရာထင်လို့ပါ"

"ဟုတ်တယ် အာစရိ ... ဘာမှမရှိပါဘူး"

စိုးကြီးသည် ပတ်ဝန်းကျင်ကို အတန်ကြာသည်အထိ သင်္ကာ မကင်းဟန်ဖြင့် နားစွင့်နေပြီးမှ ...

"ဒါဆို ဖော်ကြီး ရှေ့ကလျှောက် ... မဲလုံးနောက်ကလိုက် ငါအလယ်ကသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်ရမည့် မဲလုံးက ထိုအစီအစဉ်ကို ကန့်ကွက်သည်။

"ဟာ ... ဘယ်ဖြစ်မလဲ ... ဟော့ကောင်ဖော်ကြီး မင်းနောက်ကနေကွာ"

"ဟေ့ကောင် ... ငါက ဘာမဆိုရှေ့ကပဲ ... လမ်းလျှောက်ရင်လည်း ရှေ့ကပဲနေတယ်"

"မဆိုင်ပါဘူးကွာ ... ကဲ ... ဒါဖြင့် သုံးယောက်လုံး ရင်ဘောင်တန်းလျှောက်မယ်"

"အေး ... ကောင်းတယ် ... ကောင်းတယ်"

ခပ်ကုတ်ကုတ်ဖြင့် သုံးယောက်သား ရင်ဘောင်တန်း၍ လျှောက်လာခဲ့သည်။ အိမ်ခြေကျဲပြီး သီးပင်စားပင်များပေါသော ရွာ မို့ အိမ်ခြံဝင်းများမှာ ကျယ်ဝန်းလှသည်။ သူတို့သည် မအေးမေအိမ် ရှိရာသို့ အမြန်ရောက်စေရန် ဦးသာဂိ၏ သရက်ခြံကြီးထဲမှ ဖြတ် လျှောက်လာခဲ့ကြသည်။ ဤလမ်းက ဖြတ်လမ်းဖြစ်သဖြင့် လူနေ အိမ်ခြေမရှိသလောက် ကျဲပါးသည်။ သရက်ပင်ကြီးများမှာ အပင် ချင်းဆက် အကိုင်းချင်းယှက်ကာ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေ၏။

သရက်တောထဲမှ ဖြတ်လျှောက်လာတာများပြီလားဟု သူတို့ သုံးယောက်စလုံး စိတ်ထဲကတွေးမိနေကြသည်။ သို့သော် ပါးစပ်က တော့ မည်သူမျှ ဖွင့်ဟဝန်မခံဘဲ မကြောက်ချင်ယောင်ဆောင်နေကြ ၏။ တောအုပ်အလယ်လောက်သို့ရောက်သောအခါ စိုးကြီးသည် သစ်ပင်တစ်ပင်ကို စိုက်ကြည့်နေ၏။ သစ်ပင်နောက်၌ လူတစ် ယောက်ရပ်နေသလို ထင်မိ၍ဖြစ်သည်။ သစ်ပင်နောက်တွင် လူတစ်





ယောက်ကျောပေး၍ ရပ်နေသလိုရှိသည်။ ရပ်နေသူမှာ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း ဖားလျားကျနေသောဆံပင်ရှည်များက သက်သေခံနေသည်။

ကြည့်နေရင်းပင် ထိုအမျိုးသမီးသည် သစ်ပင်အကွယ်မှ ထွက်လိုက်ပြီး သူတို့နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။ လူလူချင်း မှန်ဖြစ်သတ်ပုတ်ရသည့်နေရာတွင် မကြောက်မရွံ့သတ္တိကောင်း သည်ဟု နာမည်ကျော်သော စိုးကြီးသည် သရက်ပင်အကွယ်မှ ထွက် လာပြီး သူ့ကိုလှမ်းကြည့်လိုက်သော မြသက်ကိုမြင်လိုက်ရသည့် အတွက် ခေါင်းနပန်းကြီးသွားကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန် ရင်လျှက် ဒူးများ တဆတ်ဆတ်ရိုက်ပြီး အာစေးထည့်ထားသလို စကားမပြောနိုင်ဘဲ လက်ညှိုးကိုသာ ထိုးပြကာ ကြောင်တောင် တောင် ဖြစ်နေတော့၏။

"ဟိုမှာ ... ဟိုမှာ"

သူ့ဆရာ၏အရိပ်အခြေကိုကြည့်၍ သရဲခြောက်ခံနေရပြီဆို တာ သိသော မဲလုံးနှင့်ဖော်ကြီးလည်း နေစရာမရှိတော့။ ထူးဆန်း သည်မှာ သရဲကို စိုးကြီးကမြင်ရသော်လည်း မဲလုံးနှင့်ဖော်ကြီးမှာ မမြင်ရ။ သို့သော် ကြက်သီးများ တဖျန်းဖျန်းထလာသည့်အပြင် အုပ်နံ့လိုလို မကောင်းသောအနံ့အသက်တစ်ခုက ထောင်းခနဲ ထလာသဖြင့် သရဲခြောက်ခံရတာ သေချာသွားပြီ။ သူ့ဆရာကိုလက် တွဲ၍ ပြေးထွက်လာခဲ့တော့သည်။

ကြောက်ကြောက်နှင့် ပြေးလာကြသည်မှာ ရွာအစွန်ရှိ သာက်ရေကန်ကြီးအနားသို့ရောက်မှပဲ သုံးဦးသား ရပ်နားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တရကြမ်းပြေးလာကြသဖြင့် ခုံးယောက်လုံး ဟော
သိုက်နေ၏။

"ဘာမြင်လို့လဲ ဆရာ ... ဘာခြောက်လို့လဲ"

စိုးကြီးသည် သူတို့မေးသည်ကို ပြန်မဖြေအားဘဲ ကြုံခဲ့ရသ
အတွက် ထိတ်လန့်နေတုန်းပင်ရှိသေးသည်။ သူမြင်လိုက်ရသည်
မြသက်မှ မြသက်အစစ်။ ဆံပင်ဖားလျားချလျက် သူ့ကို စူးစူးဝါး
ကြည့်နေပုံများမှာ ကျောချမ်းစရာကောင်းလှသည်။ သူ့ကို မြသ
လိုက်၍ ခြောက်လှန့်နေချေပြီ။

"ငါ ... ငါ ... မြသက်ကိုတွေ့တယ်ကွ ..."

"ကျွန်တော်တို့လည်း မမြင်ရပါလားဆရာ ..."

"မင်းတို့ မမြင်ရတာတော့ မသိဘူး ... သရက်ပင်နောက်
ရပ်နေရာက မြုန်းဆိုထွက်လာတာပဲကွ ... မောလိုက်တာကွာ
ရေလေးဘာလေး သွားခပ်ချေကွာ"

မဲလုံးက လမ်းဘေးရေအိုးစင်ကလေးကိုတွေ့သဖြင့် ရေ
အဖုံးကိုဖွင့်ကြည့်လိုက်သည်။ ရေအိုး၌ ရေမှုတ်ကလေးတပ်ထ
သော်လည်း ရေက တစ်စက်မှမရှိချေ။

ရေအလွန်ငတ်လာသောကြောင့် ကိုယ်တိုင်သောက်ချင်သ
တစ်ကြောင်း၊ သူ့ဆရာစိုးကြီးကို ရေခပ်ပေးရမည်ဖြစ်ခြင်းကြော
တစ်ကြောင်း ကြာပန်းများပွင့်နေသော သောကိရေကန်ဘက်
သူထွက်လာခဲ့သည်။ တကယ်ဆို ဆရာဖြစ်၍ စောဒကမတ
သော်လည်း ခုနကသရဲခြောက်သည်ဆိုတာ သူ့မျက်စိဖြင့် မမြင်
မယုံကြည်နိုင်ပါ။ သူ့ဆရာသည် မြသက်သေပြီးကတည်းက စိတ်





သမ်းကာ လိုတာထက်ပိုပြီး ကြောက်နေသည်ဟုပင် ထင်သည်။
ဘာမှလက်ဆုပ်လက်ကိုင်မမြင်ရဘဲ ကြောက်ဒူးတုန်နေခြင်းက
ဆိုးလှသည်။

အုန်းမှုတ်ခွက်ကို ဝါးလက်ကိုင်ရိုး ဖောက်စွပ်ထားသော
ရေမှုတ်ကလေးဖြင့် ရေခပ်သောက်ရန် ကန်စပ်တွင် သူ ဒူးတုတ်၍
ထိုင်လိုက်၏။ အနည်အနှစ်မရှိသော ရေကြည်ရေသန့်ရှိမည့်နေရာကို
ရှာလိုက်သည်။ ထိုအချိန်တွင် ကြယ်ရောင်များဖြင့် ရေကန်ပတ်ဝန်း
ကျင်ကို ကြည်ကြည်လင်လင်မြင်နေရပါသည်။

ကန်ရေပြင်သည် ညီညာပြန့်ပြူး၍ ကြယ်ရောင်ကလေးများ
ဘစ်ဖျပ်ဖျပ်လက်လျက်ရှိသည်။ မဲလုံးသည် ရေမခပ်ခင် ဘာရယ်
မဟုတ်ဘဲ ရေထဲတွင်ပေါ်နေသော သူ့အရိပ်ကိုကြည့်နေမိပါသည်။
ထိုအခိုက်တွင် ရေထဲ၌ အဖြူရောင်အဝိုင်းတစ်ခု၊ အလင်းရောင်ဖျော့
ဖျော့တစ်ခုထင်လာပါသည်။ လဝန်း၏အရိပ်လားဟု ထင်မှတ်ကာ
ကောင်းကင်ကိုမော့ကြည့်လိုက်သော်လည်း ကောင်းကင်၌ လသာ
နေပါ။ ပြန်ငုံ့ကြည့်လိုက်မှ မျက်နှာတစ်ခု၏အရိပ်သဏ္ဌာန်လိုထင်
လာသည်။

သူ့မျက်နှာလည်း မဟုတ်ပါ။ ခပ်လှုပ်လှုပ်ဖြစ်သွားသော
ကန်ရေပြင်ပြန်လည်ငြိမ်သက်သွားသောအခိုက်တွင်တော့ ကြည့်ရင်း
ကြည့်ရင်း ထိုမျက်နှာလို ပုံရိပ်မှာ တဖြည်းဖြည်းကြီးမားလာသည်။
သူ သေသေချာချာစူးစိုက်ကြည့်လိုက်သောအခါ ထိတ်လန့်စိတ်ဖြင့်
ရင်ထဲဝယ် ဒိန်းခနဲဖြစ်သွား၏။ မြသက်၏ကွယ်လွန်ပြီးစ မျက်နှာကြီး
သည် ရေထဲမှ သူ့ကိုစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ရေမှုတ်ကလေး လွတ်ကျသွားသည်။ ရှူးသွပ်… …ခမန်း ထိတ်လန့်ချောက်ချားလှသောကြောင့် ပုဆိုးမနိုင် ပဝါမ… …ရှူးထိုး ထွက်ပြေးလာခဲ့သည်။

"သရဲ … သရဲ … ခြောက်တယ် … ကယ်ကြပါဦးဗျာ … မြသက်ရယ် ကျွန်တော့်ကိုခြောက်တယ်ဗျ … "

ရေကန်ဘက်ဆီမှ အော်ဟစ်ရင်း ကဆုန်စိုင်းပြေးချလာသော… မဲလုံးသည် ထိတ်ထိတ်ပျာပျာနှင့် စိုးကြီးနှင့် ဇော်ကြီးတို့အနီး… ရောက်လာ၏။ လက်ညှိုးကလည်း ရေကန်ဆီသို့ ထိုးထားသည်။

သူတို့မေးသဖြင့် မဲလုံးက သူကြုံရသမျှကို ပြန်ပြောပြသည်… ပြောရင်းမှ သူ့အသံတွေက တုန်ရင်ကြောက်ရွံ့နေသည်။ မဲလုံးပြော… ပြသည်ကို နားထောင်ရင်း သူတို့ပါကြောက်လာကြသဖြင့် ထိုနေရာ… မှ မပြေးရုံတမယ်ထွက်လာခဲ့ကြ၏။

"ဇော်ကြီး … "

"ဟေ … "

"လောကမှာ သရဲဆိုတာ တကယ်ရှိသလားဟင်"

"သရဲဆိုတဲ့ ဝေါဟာရဟာ ဘယ်သူစပြီး တွင်လိုက်တာလဲ… တော့ မသိဘူး … ဒါပေမဲ့ အရှေ့တိုင်းရော အနောက်တိုင်းပါ လက်… ထားတဲ့ဟာဆိုတော့ အင်း … ကိုယ်တွေ့ကြုံတဲ့သူကရှိတယ်လို့ပြော… ပြီး … အခြောက်မခံရဘူးတဲ့သူကတော့ မရှိဘူးလို့ပြောမှာပေါ့"

"အေး … ငါကတော့ လက်တွေ့ကြုံလို့ ယုံပြီဟေ့"





## သရဲရှိမရှိ

"တချွေသရဲကိုမြင်ခဲ့ရလို့ လန့်သွားတာလည်းဖြစ်နိုင်တယ်၊
ပေါက်ပေါက်ရှာရှာဗျာ
သရဲတို့ တစ္ဆေတို့ဆိုတာ
တောက်တီးတောက်တဲ့တွေပါ
တကယ်မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အချိန်က နေဝင်ရီတရောအချိန်။ တောသဘာဝမှာတော့ နွားရိုင်းသွင်းချိန်ဟုခေါ်ကြပေသည်။ မမြခက်သည် သူ့ညီမလေး အသုဘတွင် ဝိုင်းဝန်းလုပ်ကိုင်ပေး၍ ရက်လည်ပြီး သုံးလေးရက်ကြာမှ သူ့ယောကျ်ားရှိရာ မြောက်ဘက်ရွာသို့ ပြန်လာခဲ့သည်။ ယနေ့တော့ ပြန်ရောက်လာသည့်နေ့ဖြစ်၍ သူ့ယောကျ်ားပြန်အလာကို ထမင်းဝိုင်းပြင်ပြီး စောင့်နေခဲ့သည်။ အိမ်ကို မမောင်ခင်ပြန်ခဲ့ရန်လည်း ကိုအေးမောင်ကို မှာထားပါလျက် အိမ်ပြန်နောက်ကျနေသည်။ ဘယ်ဝင်ပြီး ခနီရှည်တို့ ချက်အရက်တို့ သောက်နေပြန်ပြီလဲ မသိ။

ကိုအေးမောင်က အရက်ကိုစွဲစွဲလမ်းလမ်းမသောက်တတ်သော်လည်း တစ်ခါတစ်ရံတော့ သောက်တတ်သည်။ ဒင်းပြန်လာမှ မြခက်အကြောင်းသိမယ်ဟု ကြုံးဝါးထားသည်။ မှောင်ရီပျိုးစအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကိုအေးမောင် ပြန်လာပြီး ဘာမှမပြောဘဲ ကွပ်ပျစ်ပေါ် တက်ကာလှဲနေ၏။

"တော်သေးတာပေါ့ အိမ်တော့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာလို့ ... နေပါစေဦး ... ဒင်းအမူးပြေမှ ငါ့အကြောင်းသိမယ်"

ဟု ပါးစပ်က ပွစိပွစိလုပ်ကာ တစ်ယောက်တည်း ထမင်းစားရတော့သည်။ ဒင်းကတော့ သန်းခေါင်ကျော်တရေးနိုးကာ အမူးပြေမှ ထမင်းစားနိုင်တော့မည်မဟုတ်ပါလား။

မမြခက်မှာ ထမင်းစားပြီးပြန်တော့ တစ်ယောက်တည်း စကားပြောဖော်ပင်မရှိ။ ငေါင်စင်းစင်းကြီးဖြစ်နေပြန်သည်။ တကယ်တော့ အိမ်၏ဆွဲလဲဟု ခေါ်အပ်သော ကလေးမရှိခြင်းကလည်း အိမ်ထောင်တစ်ခု၏ လိုအပ်ချက်ဖြစ်ချေသည်။

မကြာသေးခင်ကပဲ ညီမလေးမြသက်သေဆုံးခဲ့သည်။ ညီမလေးကို တစ်ခါတစ်ရံ အိပ်မက် မက်သည်ဟု အိမ်နီးချင်းများကို ပြောပြသောအခါ နင့်ဆီမှာ ပြန်ဝင်စားချင်နေလားမှမသိတာဟုဆိုကြသဖြင့် ဟုတ်လေနိုးနိုးထင်ကာ မျှော်ကိုးမိပြန်သည်။ ထိုအချိန်၌ အရက်မူး၍အိပ်နေသော ကိုအေးမောင် အိပ်နေရာမှ ငုတ်တုတ်ထထိုင်သည်။ ပြီးတော့ ဟိုကြည့်ဒီကြည့်နှင့် တစ်အိမ်လုံးကို လှည့်ပတ်ကြည့်သည်။

"ကိုအေးမောင် ရေသောက်ချင်လို့လား ရှင့်ဘေးမှာလေ"

ကိုအေးမောင်က မမြခက်ပြောသည်ကို ဘာမှပြန်မပြောဘဲ ကွပ်ပျစ်ပေါ်မှဆင်းလိုက်သည်။ သူ့မျက်စိက ပြူးကျယ်နေပြီး





မျက်နှာ ခပ်ထန်ထန်နှင့် စကားမပြောတော့ ထိတ်လန့်ဖို့ပိုကောင်းသည်။

သည်တော့မှ ကိုအေးမောင်မျက်နှာကို သေချာကြည့်မိသည်။ မီးခွက်အလင်းရောင်ထဲတွင် သူ့မျက်နှာမှာ အဆီပြန်လျှက်၊ မျက်မှောင်ကျုံ့ထားသည်။ သူကိုယ်သူ ဘာဖြစ်နေသည်ကိုမသိသလိုမျိုး။

"ဝုန်း ... ဒိုင်း ... ခွမ်း"

ကိုအေးမောင်က ထမင်းစားပွဲကို ဘာမပြောညာမပြော ခွဲလှန်ချလိုက်သည်။ မမြခက် ဘာမှအသံ မထွက်နိုင်အောင် ကြောက်လန့်တုန်လှုပ်ချောက်ချားနေသည်။

"ဘုန်း ... "

အနီးရှိ ဝါးထရံကိုပြေးကန်လိုက်ပြန်သည်။ မမြခက်အိမ်ထဲမှ ပြေးအထွက် ခြံထဲသို့ ဝင်လာကြသော အိမ်နီးချင်းများနှင့်ဆုံသည်။

"မမြခက် ... မမြခက် ဘာဖြစ်နေကြတာလဲ"

"လာကြပါဦး ... ကျွန်မလည်း အခုပဲ ရှင်တို့ဆီ အကူအညီတောင်းမလို့ ... ကိုအေးမောင်လေ ညဦးက အရမ်းမူးပြီးအိပ်ပျော်နေတာ အခုမှထထိုင်ပြီး ဘာဖြစ်မှန်းမသိဘူး ... သောင်းကျန်းနေတော့တာပါပဲရှင်"

"ကိုအေးမောင် အရက်မူးလာရင် အေးအေးဆေးဆေး အိပ်နေကျပါ ... အခုမှ ဘာဖြစ်တာလဲ"

"ဝုန်း ... ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com

အိမ်ဘက်ဆီမှ ထရံကိုခြေနှင့်ကန်ကြောက်သံများ ထွက်ပေါ်လာပြန်သည်။

"ဟာ ... ဒါဆိုရင် သွေးရိုးသားရိုးမှ ဟုတ်ပါ့မလား ... အချိန်မတော်ကြီးဆိုတော့လည်း ခက်တာပဲ ..."

"ကဲပါကွာ ... လာလာ ... အိမ်မှာ ဘုရားရှိတာပဲ ... ဘုရားမှ တစ်ပါး အားကိုးရာမလိုပါဘူးကွာ ..."

သူတို့အိမ်ထဲရောက်သွားတော့ ကိုအေးမောင်ခမျာ သောင်းကျန်းသမျှ မောပန်းဟန်ဖြင့် ဟောဟဲလိုက်ကာ ထိုင်နေသည်။ သူတို့အားလုံးကိုလည်း ပြူးကြောင်ကြောင်နှင့် လျှောက်ကြည့်နေသည်။

အိမ်နီးပါးချင်းထဲမှ ဘုရားတရားသမား ဦးကြီးတစ်ယောက် ဘုရားစင်ဘက်ထကာ ချိတ်ထားသော သိမ်ဝင်ပုတီးကိုယူသည်။ ဘုရားပန်းရေအိုးမှ သပြေပန်းတစ်ခက်ကိုယူသည်။ ပရိတ်ရေပုလင်းထဲမှ ရေတစ်ခွက်ကို သောက်ရေခွက်ထဲသို့ထည့်၍ယူသည်။

"ကဲ မောင်အေးမောင် ... ဘုရားစင်ဘက်လှည့်ကွာ ... ဘုရားရှိခိုးရအောင် ..."

ကိုအေးမောင်က မလှုပ်။ ဦးကြီးက သူ့ပခုံးပေါ် လက်အသာတင်လိုက်သောအခါ လက်ကိုပုတ်ချလိုက်သည်။ အကူတစ်ယောက်ဝင်မည်ပြုသောအခါ အေးမောင်က ကြမ်းတမ်းမည့်ဟန်ပြသည်။

ထိုလူကို ဦးကြီးက အသာခေါင်းခါပြသည်။ ပြီးတော့ ပရိတ်ရေစင်ကိုယူကာ ...

"ကဲ ... မင်းလည်း ပင်ပန်းလှပြီကွာ ... ဟောဒီရေစင်လေး သောက်လိုက် ဟုတ်ပလား"





ဦးကြီးလက်ထဲမှ ပရိတ်ရေကိုကြည့်ပြီး သူ့ခေါင်းကို သွက်သွက်ခါအောင်လှုပ်ခါပြီး ပရိတ်ရေခွက်ကို လက်နှင့်ပုတ်ချမလိုလုပ်လိုက်သည်။ မတတ်သာသည့်အဆုံး လူနှစ်ယောက်က တစ်ယောက်သက်တစ်ဖက်စီ ချုပ်ကိုင်လိုက်စဉ် ဦးကြီးက ပါးစပ်ကိုမော့စေပြီး ပရိတ်ရေကို တိုက်ချလိုက်သည်။ ပရိတ်ပန်းဖြင့် ခေါင်းကိုရိုက်သည်။ ပြီးတော့ ပိုသေးသော ပရိတ်ရေများကို ခေါင်းပေါ်မှလောင်းချလိုက်တော့၏။

"အမလေး ပူတယ် ... ပူတယ် ... ကယ်ကြပါ"

ဟုအော်နေဆဲ လက်မြန်ခြေမြန်ရှိသော ဦးကြီးက သိမ်ဝင်ပုတီးကို ခေါင်းမှစွပ်ပေးလိုက်၏။

"အား"

ဝမ်းခေါင်းသံကြီးနှင့်အော်ဟစ်လျက် အေးမောင်ကြီးမှာ ခွေခနဲ လဲကျသွားလေတော့သည်။ ခဏကြာတော့ အေးမောင် လူကောင်းပကတိပြန်ဖြစ်သွားသည်။

"ကျွန်တော် ဘာဖြစ်သွားတာလဲ မသိဘူး"

"အရက်သောက်တာများပြီး ကြောင်သွားတာနေမှာပေါ့"

"တစ္ဆေသရဲကိုမြင်ခဲ့ရလို့ လန့်သွားတာလည်းဖြစ်နိုင်တယ်"

"ပေါက်ပေါက်ရှာရှာမှာ သရဲတို့တစ္ဆေတို့ဆိုတာ တောက်တီးတောက်တဲ့တွေပါ တကယ်မရှိပါဘူး"

"ကဲပါကွယ် ... တော်ကြပါတော့ ... မင်းတို့ ငါတို့ အားလုံးဗုဒ္ဓဘာသာဝင်တွေပါ ... သုံးဆယ့်တစ်ဘုံမှာ ပြိတ္တာဘုံတို့ အသူရကာယ်ဘုံတို့ရှိတာ လက်ခံထားကြတာပဲ ... ဆရာတော်ဘုရားများ



www.burmeseclassic.com

ကိုယ်တိုင် ကသိုလ်လုပ် အမှုအတန်းဝေတဲ့အခါ မလွတ်မကျွတ်သေးသော ဝေနေယျသတ္တဝါတွေနဲ့ မြင်အပ်မမြင်အပ် သတ္တဝါများလို့ ထည့်ဆိုထားမှ တို့ကငြင်းခုန်နေရဦးမှာလား ... ဒီထက်ပိုရှင်းချင်ရင်တော့ မနက်ကျ ရွာဦးကျောင်းဆရာတော်ကြီးကို သွားလျှောက်ကြည့်ကြတာအကောင်းဆုံးပဲ ... ”

ချက်ကျလက်ကျ ပြောလေသော ဦးကြီးစကားကြောင့် မငြင်းခုန်နိုင်ကြတော့ချေ။





www.burmeseclassic.com
BURMESE CLASSIC .com

နောက်တစ်နေ့တွင် ရွာသူရွာသားများစုပေါင်းကာ ဘုန်းကြီးကျောင်းသို့သွားကြသည်။ ရွာထဲသို့ လမ်းလျှောက်ထွက်လာသော …ာန်လည်း ရွှေရှည်၊ မြခက်နှင့် အေးမောင်ကြီးတို့ကခေါ်သဖြင့် ရောယောင်၍ လိုက်ပါလာခဲ့၏။ ဘုန်းကြီးကျောင်းသို့ရောက်သော အခါ ရှိမိုးဦးချပြီး ဆရာတော်ကို ရွာလူကြီး ဦးတိုးညွန့်က ဤသို့ လျှောက်၏။

“ဆရာတော်ဘုရား ... လူတွေပြောပြောနေတဲ့ သရဲတို့ တစ္ဆေ ဆိုတာ တကယ်ရှိလားဘုရား ... အရှင်ဘုရားရော ယုံပါသလား”

ဆရာတော်ဘုရားက စကြံကြွနေရာမှ ထိုင်ခုံပေါ်တွင် ပြန်ထိုင်လိုက်ရင်း ...

“အေး ... ဒကာကြီးရဲ့ ရာဇဝင်မှာ ဒကာကြီးလိုပဲ မေးတဲ့သူ ရှိဖူးတယ် ... မေးတဲ့သူက သာမန်လူထဲကတော့မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းအလယ်တောရဆရာတော်ကြီးက ရဟန္တာလို့ကျော်ကြား တဲ့ မန်လည်ဆရာတော်ကြီးကို စာနဲ့ရေးပြီးမေးတာ"

"ဘယ်လိုမေးတာလဲဘုရား ... တပည့်တော်တို့ သိပါရစေ ဘုရား ..."

"အေးပြောရတာပေါ့ ... မင်းကွန်းအလယ်တောရဆရာတော် မေးတာက ဒီလိုတဲ့ကွဲ့ ...

*ပြောကြချင်၊ လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိပါစေ သိချင်ပါချင်၊ ရှိပါလျှင် တစ္ဆေဆိုတဲ့သည် ပုဂ္ဂိုလ်ကောင်သရုပ် ကျမ်းအုပ်လို့ကြား*

အဲဒီလိုမေးတော့ မန်လည်ဆရာတော်ဖြေကြားတာက ...

*ပြောပြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား မျိုးတူဆွေ၊ သည်တစ္ဆေရှိမည်မဟုတ်ပါဘူး၊ မြေဘုတ်ကို တစ္ဆေခေါ် ကြတယ်၊ လောကလူများ"*

"နားလည်သလိုလိုတော့ရှိတယ် ... ဒါပေမဲ့ ပိုပြီးရှင်းအောင် မိန့်ပါဦးဘုရား ..."

"သူတို့မေးကြဖြေတာကတော့ ရှင်းနေတာပေါ့ကွာ ... ဆရာ တော်တစ်ပါးက တစ္ဆေဆိုတာ လောကမှာရှိမရှိ၊ ရှိတယ်ဆိုရင် ဘယ်လိုပုဂ္ဂိုလ်အမျိုးအစားထဲကို ထည့်ရမလဲလို့မေးတာပါ ... အဲ မန်လည်ဆရာတော်ဖြေတာက လောကမှာ လူတွေတစ္ဆေလို့ခေါ် အကောင်ရှိတယ် ... ဒါပေမဲ့ အဲဒါဟာ လူတွေထင်သလို တစ္ဆေ လာတာမဟုတ်ဘူး ... ပြိတ္တာဘုံသားတွေကို လူတွေက တစ္ဆေ





ခေါ်နေကြတာလို့ဆိုလိုတာပါပဲ ... ဆရာတော်ကြီး အဆိုအရဆိုရင် တစ္ဆေဆိုတာ ဘုတ်ပြိတ္တာတွေပါပဲ"

ထိုအခါမှ ရွာသားများမှာ လောကဦ တစ္ဆေဆိုသည်ရှိကြောင်း မှန်ကန်ခိုင်မာမာနာယူမှတ်သားရတော့သည်။ ရွာလူကြီးက ...

"မေးလက်စနဲ့ ရှင်းအောင်ဆက်မေးပါရစေဘုရား ... ဘုတ် ပြိတ္တာကို တစ္ဆေလို့ခေါ်တယ်ဆိုရင် ဘာဖြစ်လို့ တစ္ဆေလို့ခေါ်တာလဲ ဘုရား ... တစ္ဆေရဲ့ အဓိပ္ပာယ်ကဘာပါလဲ"

"ဒီလိုကွဲ့ ... ပြိတ္တာတွေဟာ လူကိုခြောက်လှန့်တတ်လို့ တစ္ဆေ လို့ခေါ်တာ ... ပါဠိမှာကြောက်လန့်အောင်ခြိမ်းခြောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို တဇ္ဇေတိလို့ခေါ်တယ် ... အဲဒီကမှ တဇ္ဇေနောက်တော့ တစ္ဆေဖြစ်လာတာကွဲ့"

"ပြိတ္တာတွေက လူကို ဘာလို့ခြောက်လှန့်တာလဲဘုရား"

"တကယ်တော့ ပြိတ္တာတွေ လူတွေကိုခြောက်တာမဟုတ်ဘူး ကွဲ့ ... သူတို့က အမျှလိုချင်လို့၊ ချစ်ခင်လို့၊ စားသောက်ချင်လို့၊ စွဲလမ်း လို့၊ အခဲမကြေလို့၊ နှုတ်ဆက်ချင်လို့၊ သားမယားကိုစွဲလမ်းလို့၊ ဒါမှ မဟုတ် လူဘက်ကကံနိမ့်နေလို့ ... သူတို့က ကိုယ်ထင်ပြကြတာပါ၊ သူတို့ဆန္ဒကို လူတွေကိုပြောချင်လို့ ကိုယ်ထင်ပြကြတဲ့နေရာမှာ သူတို့ရဲ့ရုပ်အဆင်းက ဆိုးဝါးလွန်းတော့ မြင်ရတဲ့သူကကြောက်ကြ လန့်ကြတာပါပဲ ... ဒါကို သရဲခြောက်တယ် ... တစ္ဆေခြောက်တယ်လို့ ပြောကြတာပါပဲ ... ဒကာကြီးတို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါပြီဘုရား ... ကျေးဇူးတင်ပါတယ်ဘုရား တ[illegible]
တော်တို့ကို ခွင့်ပြုပါဦး"





## အိပ်မက်လေလား ဝိုးတဝါး

အမှန်အတိုင်းပြောရလျှင်
ဘဝခြားသွားပြီဖြစ်သဖြင့်
မြသက်၏အနေအထိုင်နှင့်အယုတ်မှလည်း
သူလွတ်ကင်းချင်လှပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန် သိပ်နေမကောင်းဘူးသတင်းကြားသဖြင့် လှေကလေး တစ်ယောက်တည်းလှော်ကာ ရွှေရည် အိမ်မှထွက်လာခဲ့သည်။ နေ့ကအဖြစ်အပျက်သည် သူမဘဝတွင် အမှတ်ထင်ထင်ဖြစ်ရ ာကိစ္စဖြစ်၏။ သူ့ဘဝထဲတွင် ရဲမာန်မှာ အထင်ကရနှလုံးသားထဲ နေရာယူခဲ့သူ၊ ယူနေသူ၊ ယူဦးမည့်သူဖြစ်သည်။

ရင်ခုန်တတ်စယေ်ဘဝကတည်းကပင် ရဲမာန်ဆီမှ ဖွင့်ဟလာ ချစ်ခွန်းဖွင့်လှာကို မျှော်လင့်ခဲ့သူဖြစ်သည်။ လူပျိုအပျိုဘဝတစ် တ် တစ်ဦးရိပ်စားမိခဲ့ကြပါလျှက် ဖူးစာရေးနတ်၏ပျက်ရယ်ပြု ကို ခံခဲ့ရသည်။

သူနှင့် ရဲမာန် အမြဲလို တတွဲတွဲမခွဲကြဘဲရှိနေရာမှ မြသက်ဆို ာ မိန်းကလေးပေါ်လာသောအခါ ရဲမာန်ကို သူလက်လွှတ်ခဲ့ရ၏။ ကယ်တော့ ရင်မှာပွင့်သည့် အဦးဆုံးအချစ်ပန်းပမာ ရဲမာန်ကို ရူးရူးမူးမူး ချစ်ခဲ့ရသူဖြစ်ပါ၏။ ရဲမာန်နှင့်မြသက်တို့ ရွှေလက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



၍ ချစ်ပွဲဝင်နေချိန်တွင် ရွှေရည်မှာ တစ်ဖက်သတ်လွမ်းမီးတောက်သော ဝေဒနာကို မိန်းမပီပီ ရင်ထဲမှာပဲ ကြိတ်ကာခံစားခဲ့ရသည်။ ဒါကြောင့်ပင် ရဲမာန်နှင့် ပတ်သက်ခဲ့သော သူ့နှလုံးသားသည် မှော်လင့်ချက်ဖြင့် ပြန်လည်ရှင်သန်လာရပါ၏။ သက်ဝင်လှုပ်ရှားနှလုံးသားသည် ယခင်ကထက်ပင် ရင်ခုန်သံအားကောင်းစေပါ၏။

လှေကလေးကို ရဲမာန်၏အိမ်ရှေ့တွင်ရပ်လိုက်သည်။ ရဲမာန်ကို အိမ်ရှေ့၌ မတွေ့။ များသောအားဖြင့် ရဲမာန်သည် အိမ်ရှေ့ဝဲကွပ်ပျစ်ကလေးတွင်ထိုင်၍ ရေနွေးကြမ်းသောက်ရင်း အေးအေးလူလူတယောထိုးနေလေ့ရှိသည်။

"ရဲမာန်ရေ ... ရဲမာန်"

ရဲမာန်မှာ နေမကောင်းသဖြင့် အိမ်ခန်းထဲမှာ အိပ်နေမိသည်။ တံခါးကိုပင် ဖွင့်မထားသဖြင့် ပါလာသော ထမင်းချိုင့်ကို ချထားပြီး ကဲလားတံခါးကို မတင်လိုက်သည်။ အိပ်ပျော်နေသော ရဲမာန်ကို မဝံ့မရဲဖြင့် သူ့နဖူးကို စမ်းကြည့်လိုက်တော့ ကိုယ်ကပူနေတုန်းပင်။ အဖျားကမကျသေးပါ။ သူ့နံဘေးမှာ သောက်ထားပြီးဟန်ရှိသော ဆေးခွက်နှင့် သောက်ရန်ကျန်သေးသော မြန်မာတိုင်းရင်းဆေးများကို ဖရိုဖရဲတွေ့ရသည်။

ရွှေရည်သည် မီးမွေးကာ ရေနွေးအိုးတည်လိုက်သည်။ သည်လိုဆိုတော့လည်း ပြုစုမည့်သူမရှိ ကြည့်ရှုစောင့်ရှောက်မည့်သူမရှိနှင့် အထီးကျန်ဆန်သော ရဲမာန်ဘဝကို အသနားပိုရပြန်သည်။

ဖြည်းဖြည်း

ရဲမာန်နားထဲမှာ အသံတချို့ကြားရသလိုထင်မိ၏။ ခြေသံတရုပ်ရုပ်ကြားနေရသလိုပင်။ သူ့ကိုယ်မှာရှိသော အဖျားရှိန်ကြောင့် ခေါင်းမထူနိုင်အောင်ရှိသည်။ အသိတရားက ဝေဝါးနေသည်။ နားထဲက အသံများက မကြားလိုက်ကြားလိုက်နှင့် ...

သူ့အမြင်အာရုံထဲတွင် မြသက်သည် လှချင်တိုင်းလှနေသည်။ မြသက် မျက်ဝန်းထဲမှ မျက်ရည်ကြည်ထဲမှာ အချစ်စိတ်သည် တဖိတ်ဖိတ် တဖျပ်ဖျပ် တံလျှပ်တွေလို ထနေသည်ကို ရဲမာန် မြင်နေရ၏။

မေတ္တာစိတ်ဖြင့် ဖွံ့နှောင်အပ်သောအခါ သူတို့နှစ်ဦး၏ လက်ကလေးများက နွေးထွေးလျှက်ရှိသည်။ မြသက်သည် သူ့လက်ဖဝါးနုနုကလေးဖြင့် ရဲမာန် နဖူးကိုစမ်းလိုက်၏။

"မြသက် ကိုယ့်ဆီလာတာ သိပ်ဝမ်းသာတာပဲကွယ် ... ကိုယ့်ဘဝက အထီးကျန်ပါ ... ကိုယ့်ကိုထားပြီး ထွက်မသွားပါနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်ရင်ထဲမှာ ကြည်နူးနေသည်။ သာယာလှပလွန်းနေသည်။ နောက်ပြီး မောလျှနွမ်းနယ်နေသည်။ သူမျက်လုံးတွေက မဖွင့်ချင်သော်လည်း အာခေါင်တွေခြောက်၍ရေသောက်ချင်လာသည်။

"ရေ ... ရေသောက်ချင်တယ်"

မီးဖိုနားမှာရှိနေသော ရွှေရည်သည် ရဲမာန့်အသံကြောင့် ကမူးကယောထလာသည်။

"ရေသောက်ချင်လို့လားဟင်"

"အင်း ..."

ရေကိုခပ်၍ သူ့ခေါင်းကိုအသာမ၍ တိုက်လိုက်သည်။ ရွှေကိုင်ထားသော သူမလက်ကလေးကို ရဲမာန်က ဆုပ်ကိုင်ထားသည်။ မျက်လုံးများက မဖွင့်။ ရေသောက်ပြီးသော်လည်း အဖျားဒဏ်ကြောင့် လက်များတုန်ယင်နေသည်။

ရွှေရည် ရဲမာန်အနားမှ ပြန်လှည့်ထွက်ရန်ပြင်သည်။ ဆုပ်ကိုင်ထားသော သူ့လက်ကို ရုန်းသည်။ သို့သော်

"ချမ်းတယ်ကွယ် ... အချစ်ရယ် ... သိပ်ချမ်းတယ် ... နောက်ပြီး သိပ်လည်းလွမ်းတယ် ..."

"အို ..."

ရဲမာန်က ဆွဲယူလိုက်သဖြင့် ရွှေရည့်ကိုယ်လုံးလေးက လဲသွားကာ ရဲမာန်ဘေးသို့ ရောက်သွား၏။

"အို ... လွှတ်ပါ ..."

ရဲမာန်က ရွှေရည့်ပြောစကားများကို ကြားဟန်မတူ။ သူ့





ှင့်ခွင်ထဲ အတင်းဆွဲသွင်းသည်။ နောက်ပြီး ရွှေရည့်မျက်နှာထက်သို့ အနမ်းမိုးတွေ ရွာသွန်းကျလာသည်။ မမျှော်လင့်သောအဖြစ်ကြောင့် ရွှေရည်ရင်ခုန်ရသည်။ သူမအသိစိတ်က ငြင်းဆန်နေသော်ည်း သူမလက်များက ရဲမာန်ကို တင်းကြပ်စွာ ဖက်တွယ်နေမိလေသည်။

အချစ်နွံတွင်းသို့ နှစ်ဦးသားသက်ဆင်းမိလေသည်။

သူမပါးနှင့် သူ့နဖူးပြင်ကိုထိကပ်ကြည့်လိုက်သည်။ ကိုယ်ပူန်ကျသွားလေပြီ။ အပူရှိန်ကျသွားသဖြင့် စို့လာသောချွေးစများကို ုတ်ပေးလိုက်သည်။

တွန့်ကြေသွားသော အင်္ကျီစကို ပြန်လည်ပြုပြင်လိုက်သည်။ ဖရိုဖရဲဖြစ်သွားသောခါင်းကို လက်ဖဝါးနှင့်သပ်တင်ပြုပြင်၏။ အသံငြိမ်သည်စေရန် သတိထား၍ ကွပ်ပျစ်ပေါ်မှ အသာအယာတင်ပါးလွှဲဆင်းလိုက်သည်။ မီးဖိုပေါ်မှပွက်ပွက်ဆူကာ လျှံကျနေသောရေကြောင့် မီးစတို့ ငြိမ်းသွားလေပြီ။

ရဲမာန်ဆီလာစဉ်က တက်ကြွလန်းဆန်းခဲ့သောစိတ်သည် ွင့်ပါးပျောက်ကွယ်ခဲ့ပြီ။ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘဲ ဝဲလာသော မျက်ရည်ကို လက်ခုံဖြင့်သုတ်လိုက်၏။ ချိုင့်ထဲမှစားစရာများကို လဲဖယ်ပြင်ဆင်ပေးပြီး တဲထဲမှအသာပြန်ထွက်လာခဲ့သည်။

ရဲမာန်၏နံဘေးမှာတော့ ရွှေရည်ပန်ဆင်လာခဲ့သော မိချောင်းန်းပွင့်ဖတ်ကလေးများမှာ ကြေမွလျှက်ကျန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ နိုးလာတော့ သူ့ခေါင်းမှာ ကြည်လင်နေသည်။ ခန္ဓာကိုယ်မှ ကိုယ်ပူချိန်ကျသွားပြီမို့ နေထိုင်ကောင်းသလိုရှိသွား၏။ ဝမ်းထဲမှာဆာလောင်နေသည်။ အိပ်မက်ထဲတွင် မြသက်ကိုတွေ့လိုက်ရတာ သူ သတိရလာသည်။ အိပ်မက်ထဲ၌ မြသက်က သူ့ကို တယောထိုးပြဖို့ပူဆာသည်။ ထိုအခါမှ သူ့မှာတယောပျောက်ဆုံးနေကြောင်းပြောတော့ မြသက်က မကျေနပ်။ တယောပြန်ရှာပေးရန် ပြောသည်။ သူရေဆာသဖြင့် မြသက်က ရေတစ်ခွက်လာတိုက်သည်ကို သတိရသလိုရှိသည်။ ထို့နောက် မြသက်နှင့်သူ တစ်ယောက်ကိုတစ်ယောက် အနမ်းမိုးတွေရွာကြပြီး အချစ်ကမ္ဘာထဲမှာ ရှက်လှုင့်ကြသည်။

လှေကလေးတစ်စင်းပေါ်မှာ နှစ်ဦးသားကြည်နူးစွာဖြင့်ပျော်ကြသည်။ အနမ်းကလေးတွေ ပွင့်သွားတော့ မြသက်က သူ့ကိုရှက်





ခနိုးဖြင့် တအားဖက်လိုက်ကာ လှေဝမ်းထဲသို့ လုံးထွေးကာလဲကျသွား၏။ အချစ်ချောင်းကလေးထဲမှာ အချစ်လှေကလေး မျောပါသွားလေသည်။

အိပ်မက်မှနိုးတော့ နှာခေါင်းမှာ ဟင်းနံ့ရသဖြင့် အသာထကြည့်တော့ ဆန်ပြုတ်နှင့် ကြက်သားကြော်ကိုတွေ့ရသည်။ ဆာနေသဖြင့် အဆင်သင့်တွေ့ရသော ဆန်ပြုတ်ကအေးနေချေပြီ။ ဘယ်သူဘယ်အချိန်လာပို့သွားပါလိမ့်။ ဖိုးထူးလာပို့တာဖြစ်ဖို့များသည်။ သူ့မှာ အမေအိုကြီးတစ်ယောက်ပဲရှိသည်။ သည်အမေအိုကြီးကို လုပ်ကိုင်ရှာဖွေ ကျွေးမွေးနေရသည့်အထဲ ကြုံရင်ကြုံသလို ရဲမာန်ဆီရောက်လာကာ လိုအပ်တာလေးတွေ လုပ်ပေးလေ့ရှိသည်။ ရွှေရည်၊ ရဲမာန်နှင့် ဖိုးထူးမှာ ငယ်သူငယ်ချင်းများဖြစ်သဖြင့် တစ်ယောက်အနံ့အတာကို တစ်ယောက်ကခံ၍ ကူညီရိုင်းပင်းကြသည်။ ဆန်ပြုတ်နှင့် ကြက်သားစားပြီးသောအခါ အင်အားများပြန်လည်ပြည့်ဖြိုးလာ၏။ ရေနွေးတစ်ချက်ငုံပြီး ဆေးပါသောက်လိုက်၏။ ထိုအခိုက်မှာပဲ တဲထဲသို့ ဖိုးထူးဝင်လာသည်။

"ဘယ့်နှယ်လဲ သက်သာသွားပြီလား"

"ကောင်းပါပြီကွာ ... အဖျားလည်းကျသွားလို့ ပေါ့ပါးသွားပြီး လန်းသွားတယ် ... ကျေးဇူးအရမ်းတင်ပါတယ်ကွာ ... "

"ဟ ... ငါ့ကို ဘာလိုများ စွတ်ပြီး ကျေးဇူးတင်နေရတာလဲ၊ ဘာလဲ ငါအောင်သွယ်ပေးလို့ မင်းနဲ့ရွှေရည်အဆင်ပြေသွားလို့လား၊ ဒီလိုဖြင့် မလိုပါဘူးကွာ ... ငါက ဟိုးအရင်ကတည်းက ရွှေရည်လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်းကိုသဘောတူပြီးသားပါ … အင်းလေး … အခုတော့လည်း ဥစ္စာရှင်းမှန်လို့ ပြန်ရတာမျိုးထင်ပါ့”

“ဟာ … ဒီကောင် ဘာတွေ လျှောက်ပြောနေတာလဲ … ငါပြောတာ မင်းဟောဒီဆန်ပြုတ်နဲ့ ကြက်သားကြော်ယူလာတာ ပြောတာ”

“ဟင် … ဒါဆို မင်းရွှေရည်နဲ့တွေ့လိုက်ဘူးလား”

“ရွှေရည် လာသွားတယ်”

“အေးလေ … ဒါတွေ ရွှေရည်ခမျာ မင်းစားဖို့ဆိုပြီး သူကိုယ်တိုင် ချက်ပြုတ်ပြီးယူလာတာကွ … ငါလာပို့တာမဟုတ်ဘူး … ဒီမှာများရှိဦးမလားဆိုပြီး ငါလိုက်လာတာ”

ရဲမာန်အတွေးရကြပ်သွားသည်။ ရွှေရည်လာသွားသည်တဲ့ ဘာဖြစ်လို့ သူ့ကိုမနိုးတာလဲ။ သူအိပ်နေလို့ မနိုးဘဲပြန်သွားသလား သူ့နှာခေါင်းဝ၌ အိပ်မက်ထဲက သနပ်ခါးနံ့သင်းပျံ့ပျံ့ကို သတိရသည်။

ဒါဆိုရင် အိပ်မက်ထဲကိုရောက်လာသော မြသက်ထံမှ ဘာကြောင့် သနပ်ခါးနံ့ရနေတာလဲ။ မြသက်လက်ကို ဆွဲယူလိုက်တော့ ငြင်းဆန်နေသော ကိုယ်လုံးလေးကို သတိရမိသည်။ အိပ်ရာထက်သို့ ယောင်ယမ်း၍ကြည့်လိုက်တော့ အံ့အားသင့်သွားသည်။

“ဟင် … မိချောင်းပန်းပွင့်လေးတွေ”

ပန်းပွင့်လေးတွေက ကြေမွပြားချပ်နေသည်။ ဒါပေမဲ့ လတ်လတ်ဆတ်ဆတ်ရှိနေတုန်း။ သူ့အတွေးက ရွှေရည်ဆီရောက်သွား





သည်။ သူနှင့်ရွှေရည်လေ့စီးစဉ်က ရွှေရည်ခူးခိုင်း၍ ထိုပန်းကလေးကို ခူးပေးခဲ့သေးသည်။

“ရွှေရည် မိချောင်းပန်းကလေးတွေကြိုက်လို့လားဟင်”

“ကြိုက်တာပေါ့ … ဒါက သဘာဝအလျှောက်ပွင့်တဲ့ပန်းလေးတွေပဲ … ဒီလို ပကာသနမရှိတဲ့ ပန်းလေးတွေကိုမှ ရွှေရည်ကကြိုက်တာ … ဘာဖြစ်လို့လဲဟင်”

“သြော် … ဘာမှမဖြစ်ပါဘူး”

ထိုပန်းကလေးများက ရွှေရည်ပန်လာတာ ဖြစ်နိုင်သည်။ ဒါဆိုလျှင် ရဲမာန် ခေါင်းနပန်းကြီးသွား၏။ သူမနိုးခင် ရွှေရည်ထွက်သွားသည်မှာ အကြောင်းထူးရှိပေလိမ့်မည်။ မှားယွင်းမှုများဖြစ်ကုန်ပြီလားဟုတွေးမိသည်။

“ဟေ့ကောင် … ဘာတွေတွေးနေတာလဲ … မင်းကိုမနိုးရက်လို့ အသာပြန်သွားတာနေမှာပေါ့ … သြော် … ဒါနဲ့ သူကြီးက မင်းကို ညက အေးမောင်ကြီးဖြစ်ပုံကိုပြောခိုင်းလိုက်တယ်ကွ”

“ဘာများဖြစ်လို့လဲကွ”

ဖိုးထူးက …

ယမန်နေ့ညက အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြလိုက်၏။ အေးမောင်ကြီးအဖြစ်က အံ့သြစရာကောင်းလှသည်။ ဒီကိစ္စ မြသက်နှင့်တော့မဆိုင်ပါစေနဲ့ဟုသာ ဆုတောင်းရတော့သည်။ ရွာဦးကျောင်းဆရာတော်ပြောသလို မြသက်သည် စွဲလမ်းမှုတစ်ခုဖြင့် သူတို့ကိုလိုက်၍ ကိုယ်ထင်ပြနေလေသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com

အမှန်အတိုင်းပြောရလျှင် ဘဝခြားသွားပြီဖြစ်သဖြင့်
မြသက်၏အနှောင့်အယှက်မှုလည်း လွတ်ကင်းချင်လှပေပြီ။
တော့သောသူတစ်ယောက် လက်တွေ့ဘဝတွင် မပေါင်းဖက်နိုင်
တစ်ယောက် အိပ်မက်ထဲမှာပင် မလာစေချင်တော့ပါ။

ရွှေရည်သည်ပင်လျှင် မြသက်၏စွဲလမ်းမှုကို ရိပ်မိဟန်ဖြ
သူ့ထံမှ တယောကိုတောင်း၍ ဘုန်းကြီးကျောင်းမှာ ခေတ္တအပ်ထား
ခဲ့သည်။ ရွှေရည်ပြောသည်က ...

"နင်စိတ်မဆိုးဘူးဆိုရင် ငါတစ်ခုပြောပါရစေ ... ရွာထဲက
တွေကပြောနေကြတယ် ... နင်တယောထိုးလို့ မြသက်ရဲ့ဝိညာဉ်
ဒီရွာကိုလာလာနေတာတဲ့ ... ပြီးတော့ နင်ပြောတော့ နင့်အိပ်မက်
ထဲမှာ တယောသံကြားလို့ မြသက်လာတယ်ဆို ... ညကလည်း
တယောထိုးရင်း နင့်စိတ်တွေလွတ်သွားသလိုပဲ ... ငါလည်း မြသက်
ကိုတွေ့လိုက်ရတယ် ... "

"ဒီတော့ ... ငါဘာလုပ်သင့်သလဲ ရွှေရည်"

"ဒါတော့ နင့်သဘောပဲလေ ... အေး လောလောဆယ်တော့
နင့်တယော ငါ့ကိုပေးထား ဘုန်းကြီးကျောင်းမှာ ငါသွားအပ်ထား
ပေးမယ် ... နင်တီးချင်တဲ့အခါကျ ငါသွားယူပေးပါ့မယ် ... ငါစိတ်
တာက နင်တစ်ယောက်တည်းရှိနေချိန်မှာ ဒီတယောကြောင့် န
ဒုက္ခရောက်မှာစိုးတယ်"

ရွှေရည်ပြောတာ ဟုတ်နိုင်သည်။ မြသက်မဆုံးခင် သုံးရ
လောက်ကအထိ ဤတယောလေးကို ကိုင်တွယ်တီးခတ်သွားသေ





သည်။ နောက်ပြီး မြသက်သည် (၉၆)ပါးရောဂါဖြင့် သေဆုံးရခြင်း
ဟုတ်။ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချပြီးသတ်သေတာ အစိမ်းသေ
သေသွားခြင်းဖြစ်သည်။ တယောအပေါ် စွဲလမ်းမှုကား အနည်းနှင့်
အများရှိပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



## အနက်ရောင်ကြောင်တစ်ကောင်

ကြောင်နက်ကြီး၏မျက်လုံးကို
ပြန်မြင်ယောင်မိသည်၊
ဝိုင်းစက်နေသောမျက်လုံးများထဲတွင်
စူးရှတောက်ပလျှက် ရန်လိုစက်ထန်သော
အကြည့်များက အထင်းသားပေါ်လွင်နေ၏။

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဓနိပါတ်ရွာမှ စိုးကြီးတို့ ဆရာတပည့်များ သရဲခြောက်ခံရသည့်သတင်းသည် ရွာနီးချုပ်စပ်များအထိ ပျံ့နှံ့သွားၡ၏။ ထိုသတင်းအား ဟုတ်သည်ရော မဟုတ်သည်ရော ရောယှက်နေကာ မြသက်သရဲမှာ ပို၍ကြမ်းတမ်းလာကြောင်း အဖြစ်မှန်ထက်ပို၍ ချဲ့ထွင်ကာ ပြောကြလေသည်။

လူ့သဘာဝအတိုင်း ဟုတ်တာကနည်းနည်း မဟုတ်တာကများများ ချဲ့ထွင်ကိုးကားပြောကြသူတွေကလည်းရှိ၏။ ထိုအခါ ဘယက်ရှင်ဖြစ်သော မြသက်မိဘများမှာ သွားလေသူသမီးအတွက် ပို၍ ခံစားရရှာ၏။ ယူကြုံးမရကြီးစွာဖြစ်ကြရ၏။

သေသောသူ ကြာရင်မေ့ဟုဆိုသော်လည်း ထိုသတင်းများကကျန်ရစ်သူမိသားစု ပူဆွေးသောကရောက်စေလျှက်ရှိပေ၏။ မည်သည့်အထိ ဖြစ်ရပါသလဲဆိုလျှင် အရက်ပြတ်တာကြာပြီဖြစ်သော ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



ဇော်မှာ သမီးစိတ်နှင့် အရက်ပြန်သောက်နေ၏။ ဒေါ်ခင်မေ
တားမရ၊ ဘေးလူများဖျောင်းဖျမရနှင့် စိတ်မချမ်းမြေ့စရာဖြစ်နေ၏

"ငါ့သမီးလေးဆုံးတာ တစ်လလောက်ရှိပြီ ... ငါမဖြေနိုင်ဘူး
ရှင်မရယ် ... အခုလည်း ငါ့သမီးလေးမှာ သေပြီးကာမှ မကောင်းဆိုး
ရှားလို့ သမုတ်ခံနေရတာ ဒါတွေဟာ ငါ့ကြောင့်ဖြစ်ရတာ ငါ့ကြောင့်"

ဦးထွန်းဇော် မူးမူးနှင့်ပြောသည်။ ဒေါ်ခင်မေရီက ပြောင်းဖူး
ဖက် ဆေးလိပ်ကြီးကို တွင်တွင်ဖွာလျက် မနီးမဝေးတွင်ထိုင်က
ငြိမ်သက်စွာနားထောင်နေ၏။ ပြောသူကပြောနေသဖြင့်လည်း ကြား
ရသူမှာ စိတ်မသက်သာ။ မျက်ရည်တွေတစမ်းစမ်းဖြစ်နေ၏။ သမီး
လေးအကြောင်းတွေးမိလိုက်တိုင်း ရင်ထဲမှာ မချိအောင်ခံစားရ၏

ဪ ... ဖခင်ပင်လျှင် သည်လောက်ဖြစ်နေပါက ကိုးလ
လွယ်ဆယ်လဖွားထားသော မိခင်အတွက် ဆိုဖွယ်ရာပင် မရှိလေပြီ

သေသူက ပြန်မရှင်နိုင်တော့သည်မှာ အမှန်တရားဖြစ်
ကြောင်းကို လူတိုင်းသိပြီးဖြစ်သည်။ သို့သော် မိဘဟူသည်မှာ သား
သမီးအပေါ်တွင် ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ချစ်ရသည်
သာ။ အသက်ရှင်စဉ်မှာ ကောင်းစားတာမြင်ချင်ကြသလို၊ သေသည်
တိုင်အောင် ကောင်းစားစေချင်၏။ ကောင်းစကားသာ ကြားချင်
ကြပါ၏။

"မခင်မေရယ် ... ငါတို့သမီးလေး မကျွတ်လွတ်သေးဘူးထင်
ပါရဲ့"

"အင်း ... ကျုပ်လည်း အဲဒီလိုထင်တာပါပဲ ... သမီးလေး
အတွက်ရည်စူးပြီး အလှူအတန်းလုပ် ရေစက်ချ ... အမျှအတန်းဝေ





လိုက်ကြပါလျှက်နဲ့တော် ဘယ်လိုဖြစ်သမလဲမသိပါဘူး"

"အေး ... ငါ့သမီးလေးက အစွဲအလမ်းကြီးနေရှာတယ် ...
ဆိုထဲရွာထဲမှာ ခြောက်တယ်လှန့်တယ်ဆိုပေမယ့် တို့အိမ်မှာကြ
တော့လည်း အသံလည်းမကြား ... အရိပ်အယောင်လည်း မမြင်ရ
တော့ ငါတောင် ဇဝေဇဝါဖြစ်နေတာကွ ... ဒါပေမဲ့"

ဦးထွန်းဇော်က စကားကို ဆက်မပြောသေးဘဲ ဒေါ်ခင်မေရီ
ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ သောက်လက်စအရက်ခွက်
ကိုကောက်ကိုင်ပြီး အကုန်မော့ချလိုက်၏။

"အင်း ... ဒါပေမဲ့ သမီးဟာ ငါ့ကိုအိပ်မက်တော့မကြာခဏ
ပေးတယ်ကွ"

"အင်းလေ ... ကျုပ်လည်း တစ်ခါနှစ်ခါတော့ မက်ပါတယ်၊
ခြောက်လှန့်တာမျိုးတော့ မဟုတ်ပါဘူး"

"ငါ့သမီးက ငါ့ကိုအိပ်မက်ထဲမှာ အဖေရယ် ... အခုဖြစ်တဲ့
ကိစ္စဟာ အဖေ့ကြောင့်မဟုတ်ပါဘူး ... အဖေစိတ်မကောင်းမဖြစ်ပါ
နဲ့တဲ့ ... သမီးကံကနည်းခဲ့လို့ပါအဖေရယ်တဲ့ ... ငါ့ကိုဖျောင်းဖျရှာ
တယ်ကွာ ... ဟီး ဟီး ဟီး ဟီး"

ဦးထွန်းဇော်က ပြောလည်းပြော ငိုလည်းငိုပါလေ၏။ ပြီးမှ
မျက်ရည်စတို့ကို လက်ခုံနှင့်သုတ်ကာ ခပ်ငူငူကြီးထိုင်နေ၏။ ခဏ
ကြာသောအခါ အိမ်ဖော်ကောင်မလေးဝင်လာပြီး ...

"အဘ ... ကိုစိုးကြီးက လာလည်ပါတယ်"

"ဪ ... အေးအေး လွှတ်လိုက်လေကွယ် ... နောက်ပြီး
လက်ဖက်ရည်ကြမ်းနဲ့ အမြည်းလည်းယူလာခဲ့ဦး ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါအဘ"

သမက်မတော်လိုက်ရသည့် စိုးကြီး၊ ခဏကြာတော့ ခေါင်းကုတ်ကုတ်နှင့်ဝင်လာသည်။

"လာထိုင်ကွ မောင်စိုး"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါနဲ့ မင်းကောင်တွေမပါဘူးလား"

"ပါ့ပါတယ်ဦးရဲ့ ... အောက်မှာကျန်ခဲ့တယ် ... ဒီကောင်တွေ နည်းနည်းမူးနေကြလို့ပါ"

"သြော် ... ရပါတယ်ကွယ် ... ဒီမှာမြင်လား ... ကျုပ်တောင်ပြန်သောက်နေတာ"

"ဦးရယ် ... ကြီးတော်ခင်မေရီပြောလို့ ဦးပြန်သောက်နေတယ်ဆိုတာ သိပါတယ် ... ကျွန်တော်က ငယ်သူဆိုတော့ ပြောစရာတောင်မလိုပါဘူး ... ဒါပေမဲ့ ကျန်းမာရေးတော့ မထိခိုက်စေနဲ့ပေါ့ ဦးရယ် ... ဒါနဲ့ ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုတာ ကိစ္စရှိလို့လား ဦးလေး"

"ဒီလိုပါကွာ ... ရွာထဲကလူတွေပြောနေသာက မင်းကိုဟိုတစ်နေ့ညက သမီးလေးမြသက်က ခြောက်တယ်လှန့်တယ်တဲ့ အဲဒါ ဟုတ်မဟုတ်သိချင်လို့ပါ ... "

စိုးကြီးမှာ ဟိုတစ်နေ့ညက မြသက်ကိုယ်ထင်ပြပြီးချိန်မှစ၍ အပြင်သို့မထွက်ရဲလောက်အောင်ပင် ကြောက်ရွံ့နေခဲ့သော်လည်း ယခုမေးလာသူမှာ ကာယကံရှင်၏ဖခင်ဖြစ်နေသဖြင့် အမှန်အတိုင်း မပြောတော့ဘဲ လိမ်လည်၍ပြောရတော့သည်။





"အလကားပါ ဦးလေးရာ ... လူတွေက ချဲ့ကားပြောတာပါ၊ ဘာတယ်မဟုတ်ပါဘူး"

"အေး ... စုံမှပဲရှင်းသွားတော့တယ်ကွာ ... လူတွေက တောင်ခြောက်မြောက်ပြောနဲ့ ဒါနဲ့ မောင်စိုး မင်း ငါ့သမီးလေးမြသက်ကို သတိရသေးလား ... "

"ဗျာ ... "

"သြော် ... သမီးကို သတိမရဘူးလားလို့"

"ဟုတ် ... ဟုတ်ကဲ့ ... ခဏခဏသတိရပါတယ်ဦး ... အခုညည်း မြသက်ကိုသတိရလို့လာခဲ့တာပါ"

"ဟုတ်မှာပေါ့ ... ဟုတ်မှာပေါ့ ... ငါ့သမီးလေးက ရုပ်ဆင်းသဏ္ဌာန်ချောမွေ့ပြီး အင်မတန် သိမ်မွေ့တယ် ... သဘောထားသည်းဖြူတယ် ... သိပ်ချစ်ဖို့ကောင်းပါတယ်ကွာ ... မိဘအပေါ်အလိုက်သိတာလည်း နှစ်ယောက်မရှိရှာပါဘူးကွာ ... ကဲ ... မောင်စိုးကြီး ငါနဲ့ခဏလိုက်ခဲ့ပါဦး"

ဦးထွန်းဇော်က သော့ခတ်ထားသောအခန်းကိုဖွင့်ကာ အထဲသို့ဝင်လိုက်၏။ ထိုအခန်းမှာ သွားလေသူ မြသက်၏အိပ်ခန်းဖြစ်၏။

"လာ ... ဝင်ခဲ့လေ မောင်စိုး"

ဦးထွန်းဇော်ခေါ်သဖြင့် မောင်စိုးမှာစိတ်အတွင်းက ကြောက်ရွံ့သော်လည်း ဟန်လုပ်ကာ အခန်းထဲသို့ဝင်ခဲ့သည်။

အခန်းထဲတွင် မြသက်ရှိစဉ်က အသုံးအဆောင်များအတိုင်း ခြေရာလက်ရာမပျက်ထားရှိ၏။ စိုးကြီးမှာမြသက်အိပ်ခဲ့သောနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ တုန်လှုပ်ချောက်ချားသွားလေ၏။ နဖူးမှချွေးစေးများ ပင် ပြန်လာလေသည်။

မှန်တင်ခုံပေါ်တွင် မြသက်၏ဓာတ်ပုံတစ်ပုံကို ထောင်ထား သည်ကိုတွေ့ရ၏။ ဓာတ်ပုံထဲမှ မြသက်သည် လှချင်တိုင်းလှနေ သည်။ အပြစ်ဆိုစရာမရှိသော အလှပိုင်ရှင်လေးမြသက်ကို ငယ်ငယ် ရွယ်ရွယ်နှင့် လက်လွှတ်ဆုံးရှုံးရသောမိဘများအဖို့ ဘယ်မှာ ဖြေ ဆည်၍ရနိုင်ပါမည်နည်း။

ဦးထွန်းဇော်သည် အခန်းတစ်ဖက်နံရံကိုကြည့်နေ၏။ စိုးကြီး မှာ မြသက်ဓာတ်ကို စူးစိုက်ကြည့်နေမိလေသည်။ ထိုခဏတွင် ဓာတ်ပုံထဲမှမြသက်သည် မျက်တောင်တစ်ချက် ခတ်လိုက်သလို စိုးကြီးမြင်လိုက်ရ၏။

ထို့ကြောင့် သူ့မျက်လုံးကို လက်ဖြင့်ပွတ်သပ်ကာပြန်ကြည့် လိုက်သည်။ သူကြည့်လိုက်စဉ်မှာပဲ မြသက်၏ပြူးနေသောမျက်လုံး လုလုလေးသည် တဖြည်းဖြည်းပြူးကျယ်ဝိုင်းစက်ကာ အက်ကြောင်း များထလာ၏။ ပြီးတော့ မျက်ရည်ကျသလို သွေးစီးကြောင်းများ ကျလာသည်ကို စိုးကြီးအထင်အရှားပင် မြင်လိုက်ရသည်။

ပါးစပ်မှအော်သံထွက်မသွားအောင် လက်ဖြင့် ကပျာကယာ ပိတ်လိုက်သည်ကို နောက်ပြန်လှည့်ကြည့်လိုက်သော ဦးထွန်းဇော် မြင်လိုက်၏။

"ဘာဖြစ်လို့လဲ မောင်စိုး"

"ဟင့် ... အင်း ... ဟို ... ဟို ဘာမှမဖြစ်ပါဘူး ဦး"



စိုးကြီးကပြောပြီး တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။ သူ မျက်နှာလွှဲလိုက်သည်မှာ ခုတင်ဘက်ဆီသို့ဖြစ်နေ၏။ သို့သော် ခုတင်ထက်တွင် မြသက်တင်ပျဉ်ခွေထိုင်နေသည်ကို ထိတ်လန့်ဖွယ် တွေ့လိုက်ရပြန်သည်။

မြသက် လှပသောဆံပင်ရှည်များကို ဖားလျားချလျှက် လက် နှစ်ဖက်ဆန့်တန်းနေပုံမှာ စိုးကြီးအား လည်မျိုညှစ်တော့မယောင် ဆင်ရ၏။ ကြည့်ရင်းနှင့်ပင် စိုးကြီးမှာ အလွန်ထိတ်လန့်လာလေ သည်။

"အား ..."

"ဟ ... ဘာများလဲ မောင်စိုးရ ... မင်းပခုံးကို ပုတ်လိုက်ရုံ နဲ့ ဒီလောက်အသည်းငယ်ရသလား"

"အဟင်း ... အမှတ်တမဲ့မို့လန့်သွားတာ ... ဟို ... ဟို ကျွန်တော်တို့သွားကြရအောင်ဦး"

"ဘာဖြစ်လို့လဲကွ ... ဦးကတော့ သမီးကို သိပ်သတိရလာရင် အခုလို သူ့အခန်းထဲဝင်ကြည့်တာပဲ ... အင်း ... ရပ်ထဲရွာထဲက လူတွေသာ ငါ့သမီးကို မကောင်းဆိုးဝါလေး ဘာလေးနဲ့ ဘာမှ အခြေ အမြစ်မရှိဘဲ ပြောနေကြတာ ... ဘိုမှားဖြင့် အရိပ်အယောင်တောင် မတွေ့ရပါဘူးကွယ် ..."

စိုးကြီးကလည်း အလိုက်အထိုက်သဘောဖြင့် ...

"အလကားလူတွေပါဦးရယ် ... ကောလဟာလ တစ်စိုင်းကို တစ်အိတ်လုပ်နေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလည်းပြော အခန်းထဲမှထွက်လည်း အမြန်ထွက် ထိုက်၏ အခန်းဝမရောက်မီ မြခက် ကြိုးဆွဲချသေခဲ့သော ထုပ်တန်းကို မော့ကြည့်လျှက် ကြက်သီးထကာ ဖြန်းခနဲကျောချမ်းသွား၏

နောက်ကိုလှည့်ကြည့်မနေတော့ဘဲ အခန်းဝမှအထွက်။

"ဘုတ် ... "

"ခွီး"

"အမလေးဗျ လုပ်ကြပါဦး ... "

စိုးကြီး၏အလန့်တကြားအော်သံကြောင့် ဦးထွန်းဇော်လှည့်ကြည့်လိုက်စဉ်မှာပင် စိုးကြီး၏ကုတ်ပေါ်မှာ ကြောင်နက်ကြီးတစ်ကောင် ခုန်ချထွက်ပြေးသွားသည်။ မထွက်ခင်မှာ စိုးကြီးကို တစ်ချက်စူးစိုက်ကြည့်သွား၏။

"ကြောင်ပါ မောင်စိုးရဲ့ ... ဘာဖြစ်သွားသေးလဲ"

စိုးကြီး သူ့ကုတ်ပိုးကိုစမ်းကြည့်တော့ သွေးစအနည်းငယ် လက်တွင်စွန်းပေလာသည်ကို တွေ့ရသည်။

"အင်း ... နည်းနည်း ကုတ်မိသွားတယ်ဦး ... ကိစ္စမရှိပါဘူး ဦးတို့အိမ်ကကြောင်ကြီးလား ... "

"ကြောင်နက်ကြီးကွ ... အတော်ကြီးတယ် ... တို့အိမ်ကကြောင်မဟုတ်ပါဘူး ... ဒီအနီးအပါးမှာလည်း တစ်ခါမှမတွေ့ဖူးပါဘူး ... ဘယ်ကဘယ်လိုရောက်လာပါလိမ့် ... အိမ်ကြောင်ကြီးတော့ တောစိတ်ဝင်ဆိုတာလို တောဝင်ပြီးတဲ့ တောကြောင်ကြီးများလားကွဲ့ ... အောက်ကိုခုန်ချပြီး မင်းကိုပြန်ကြည့်သွားတဲ့ မျက်လုံးတွေကို သတိထားမိလိုက်လား မောင်စိုး ... "





ဟုဖော်သည်။ ဦးထွန်းဇော်ပြောမှ ခုနက သူ့ကိုပြန်စိုက်ကြည့်နေသော ထိုကြောင်နက်ကြီး၏မျက်လုံးအစုံကို ပြန်မြင်ယောင်မိလိုက်သည်။ ဝိုင်းစက်နေသော မျက်လုံးများထဲတွင် မုန်းတီးရွံရှာမှုကအပြည့်။ ရန်လိုသော ခက်ထန်သော အကြည့်များက အထင်းသားပေါ်လွင်နေ၏။

"ဟုတ်တယ်ဦး ... ကျွန်တော့်ကို ရန်မူချင်နေသလိုပဲ ... ဘယ်လိုမိုက်ရိုင်းတဲ့ကြောင်များပါလိမ့် ... အမလေး တွေးရင်းတောင် ကြောက်ဖို့ကောင်းနေတဲ့ မျက်လုံးတွေပဲ"

"ကဲ ... ကဲ ... မင်း ပြန်ချင်လည်းပြန်ပေဦးတော့ကွာ ... နောက်လည်း မကြာခဏလာပေါ့ကွာ သမီးလေ ... အလွမ်းပြေပေါ့ ဟုတ်လား ... "

"ဟုတ် ... ဟုတ်ကဲ့ပါဦး ... ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"အေး ... အေး ... "

ဟုတ်ကဲ့ပါလို့သာ အလိုက်သင့်ပြောလိုက်သည်။ စိတ်ထဲတွင်တော့ နောက်များဘယ်တော့မှ မလာတော့ဟု စိတ်ပိုင်းဖြတ်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


# လှထိုက်ဆဲနှင်းကုံး

နွေမိုးခေါင်း တလေ

www.burmeseclassic.com

www.burmeseclassic.com



မနိုပါတ်ရွာကလေးတစ်ခုလုံး အံ့ဩထိတ်လန့်သွားရသော ာင်းတစ်ခုသည် နောက်တစ်နေ့နံနက်တွင် ရောက်ရှိလာခဲ့၏။ သတင်းမှာ သူတို့ရွာမှ လူကြီး၏သားစိုးကြီးနှင့် သောက်ဖော် က်ဖြစ်သော မဲလုံးတစ်ယောက် အသေဆိုးနှင့်သေဆုံးသွား သတင်းဖြစ်သည်။

မဲလုံးကို စတင်တွေ့ရှိသူမှာ ရွာမှ နွားကျောင်းသားလေး င်ဖုန်းဖြစ်သည်။ သူသည် နွားပျောက်သဖြင့် နံနက်စောစော င် လိုက်လံရှာဖွေရာမှ ရွာအရှေ့ဘက်တောတန်းကလေးအနီး ယ်ကွင်းပြင်ထဲ၌ အားလျားမှောက် သေဆုံးနေသော မဲလုံး လောင်းကိုတွေ့ရခြင်းဖြစ်သည်။

မည်းလုံးသည် အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက်၊ ကြက် ်၊ နွားခိုး စသော မကောင်းမှုဒုစရိုက်အလုပ်များကို တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်သောကြောင့် ယခု လူသေမှုတွင် သည်း လူမှိုက်အချင်းချင်း မကျေနပ်၍ သတ်သော လူသတ်မှုဖြစ် သလောဟု သင်္ကာမကင်းဖြစ်သည်နှင့် ရွာလူကြီးနှင့်သက်ဆိုင်ရာ သွားကြည့်ကြရာ မည်းလုံးသည် လူသတ်ခံရခြင်းသေခြင်းမဟုတ် မတော်တဆရင်ဘတ်တွင် ညှောင့်စူး၍ သေခြင်းဖြစ်ကြောင်းတွေ့ တော့၏။

မဲလုံးသည် မသေဆုံးမီက ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဖြ ကွင်းများကို ကြုံခဲ့ရဟန်ဖြင့် မျက်လုံးသည် ပြူးကျယ်ပြီး ငေးစိုက် လျှက်ရှိသည်။ လက်များမှာ ရှေ့သို့ဆန့်တန်းလျက် ကွေးကွေး ကောက်ကောက်ဖြစ်နေသည်။ လည်ကန်သင်းတွင် လတ်လတ်ဆတ် ဆတ် ခုတ်ထွင်ထားသော ကျပ်စေ့အဝိုင်းခန့်ရှိသော ဆီးကိုင်းငုတ် တို့ချွန်မြမြက မဲလုံးရင်ဘတ်တည့်တည့်ကိုစိုက်ဝင်နေကော အသ ဇီဝိန်ကို နှုတ်ယူလိုက်ခြင်းဖြစ်သည်။ မည်းလုံးသည် အရက်မူးမူးဖြ ဆီးကိုင်းငုတ်တိုပေါ်သို့ လဲကျခြင်းလော တစ်ခုခုကိုမြင်၍ ထိတ်လ ကြောက်ရွံ့ကာပြေးရင်းလွှားရင်းနှင့် ခလုတ်တိုက်လဲကျခြင်းလော တစ်ခုခုတော့ ဖြစ်ရမည်။

သူတို့အားလုံး နားမလည်သည်မှာ မည်းလုံးသည် ရွာအ အဖျားဖြစ်သော ဒီနေရာသို့ ဘာအကြောင်းဖြင့်ရောက်ခဲ့သည်။ နောက် လည်ကွင်းထဲ၌ ထင့်ကျန်နေသော ဝါးနှစ်ရိုက်ခန့် ကြောင်းရာကြီးကား အဘယ်အရာနည်း။ အဖြစ်မှန်ကို မဲလုံးတ ယောက်ပဲ သိပေလိမ့်မည်။





အကယ်၍ မဲလုံးသာ သူ၏ကြုံမွှာဆိုးကို ပြန်ပြောနိုင်ပါမူ ထိုက်နှင့်ဒင်းက သေပေစေဟုထောပနာပြုကြမှာ အမှန်ဖြစ် ည်။ တကယ်တော့ မဲလုံးကြုံခဲ့ရသည်က သည်လိုပါ ...



www.burmeseclassic.com

www.burmeseclassic.com



မဲလုံးသည်တစ်ယောက် သည်လိုလုပ်စားနေတာကြာပြ… မည်သူမှမသိခဲ့ပေ။ အရက်ဖိုးလိုလာတိုင်း ရွာအပြင်ထွက်၍ ကျွဲနွ… များကို ခိုးယူရောင်းချနေတာကြာခဲ့ပြီ။ အချို့ကို အကောင်လိုက်ပြ… ရောင်းသော်လည်း အများအားဖြင့် အမဲပေါ်ပြီး ပြန်ရောင်းပစ်လိုက်… သည်သာများသည်။ ဒီဘက်ရွာတွင် ကျွဲခိုး၊ နွားခိုး၍ ဟိုခပ်ဝေးဝေး… ရွာတွင် သွားရောက်အမဲပေါ်ခြင်းဖြစ်၍ သူ့လုပ်ရပ်ကို မည်သူက… မသိရှိခဲ့ပေ။

သို့သော် မဲလုံး နွားများ၊ ကျွဲများကို မညှာမတာသတ်ဖြတ်… ခဲ့သမျှ ပြန်ခံရမည့် အလှည့်ကိုရောက်လာသည်။ ကံကံ၏ အကျိုး… ဆိုသော ဗုဒ္ဓဘာသာအယူအဆက သွေးထွက်အောင်မှန်လှန်း၏။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ၊ အကျိုးပေးရမည့် အချိန်ရောက်…





…ာလျှင် မကောင်းမှုက မုချပေးမည်သာ။ မကောင်းမှုပြုသူ ကား …ခုဘဝမှာပင် ချက်ချင်းလက်ငင်းမကောင်းသည့် ကံခံစားရ …ည်သာမက နောက်ဘဝတွင်လည်း အကုသိုလ်အကျိုးဆက်ကို ခံယူ …ရလိမ့်မည်။ မဲလုံးသည် နာမည်နှင့်လိုက်အောင် အသားမှာ မည်း …နေ၏။ ပြိတ္တာကြီးသဖွယ် လူကောင်ကြီးသလောက် စားရိုက် …ည်းကြမ်းတမ်း၏။ အသောက်ကျူး၏။ အစားမက်၏။ သူ့ဘဝမှာ …သောက်မယ်စားမယ်၊ သူ့ဆရာစိုးကြီးခိုင်းတာမှန်သမျှလုပ်မယ်။ ဒါပဲ …ဖြစ်၏။ အစားဆိုရာတွင် အသားစားမက်၏။ သတ္တဝါတို့၏ အသက် …ကို ရက်ရက်စက်စက် ကိုယ်တိုင်သတ်ပြီးမှ စားရတာ ဝါသနာထုံ၏။ …ပ်များ၊ မြွေများကို အရှင်ဖမ်းပြီး အရှင်လတ်လတ် မီးဖြိုက်ကာ …းတတ်သည်။ ကုန်း၊ ရေ၊ လေ သတ္တဝါထူးထူးဆန်းဆန်းတွေက …အကောင်ပဲဖြစ်ဖြစ် မဲလုံးကိုသွားရောင်းလျှင် တတ်နိုင်သမျှ ဈေး …ကောင်းပေး၍ ဝယ်ပြီး သတ်စားလေ့ရှိ၏။

ယနေ့လည်း နွားပေါက်တစ်ကောင်ကို ခိုး၍ရောင်းလည်း …ရောင်း၊ ကိုယ်တိုင်လည်းစားရန် တောအုပ်အစပ်မှ ပုန်း၍ ချောင်းနေ…၏ သူချောင်းနေသော တောအုပ်အနီးတွင် နွားတစ်အုပ်ရှိနေသည်။ …းကျောင်းသား မောင်ဖုန်း မလစ်သဖြင့် ထွက်ဆွဲခွင့်မရသေးချေ။

စောင့်ကြည့်နေဆဲဝယ် နောက်နားဆီမှ တစ်စုံတစ်ယောက် …တ်ပြေးသွားသလို ခြေသံကြားလိုက်သဖြင့် ထိတ်ခနဲ ဖြစ်ကာ …ည့် ကြည့်လိုက်၏။ ဘာမှမတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်ကို ဖြေဖျောက်ရန် ခါးကြားမှထိုးလာသော အရက်ပုလင်းကို ဆွဲထုတ်ကာဖွင့်ပြီး တစ်ရှိန်ထိုးမော့ချလိုက် လည်ချောင်းထဲ မီးခဲမျိုလိုက်ရသလို သူတို့ရွာမှ မချိုသဲ၏ အ တဖြင်းလွန်းလှသည်။ လည်ချောင်းတစ်လျှောက် ရင့်ထဲအထိ ပူ သွားပြီး ရဲစိတ်ရဲသွေးတို့ တက်ကြွလာ၏။

ဆက်လက်ပြီး အခွင့်ကောင်းကို ချောင်းနေဆဲမှာပင် နောက်ကျောသို့ တစ်စုံတစ်ယောက်လာရပ်လိုက်သလို ထင်လိုက် ကြက်သီးဖြန်းခနဲထကာ ကျောစိမ့်သွား၏။

ဖျတ်ခနဲ ... နောက်လှည့်ကြည့်လိုက်သော်လည်း ဘာမှ ယခင်ညက ရေကန်ထဲမှ မျက်နှာကို တွေ့လိုက်ရတာ ပြန်သ တော့ ပိုပြီးကြောက်စိတ်ဝင်လာ၏။

တဖြည်းဖြည်းနှင့် ညနေစောင်းလာ၏။ ထို့ကြောင့် ကျောင်းသားသည် နွားများအား ရွာဘက်ပြန်မောင်းလျက်ရှိနေ သည်နွားအုပ်သည် ဒီအချိန်သိမ်းပါမှ တအိအိနှင့် ရွာကို နေဝင် ဖျမှရောက်မည်ဖြစ်ပါ၏။

နွားပေါက်တစ်ကောင်သည် ခြုံဘေးတွင် ဝပ်လျက် ပါး တွင်းမှ မြက်ကိုဝါးနေရာ နွားကျောင်းသား မောင်ဖုန်းသည် ထို ကို မမြင်ဘဲ ကျော်ဖြတ်သွားလေ၏။ သို့နှင့် နွားကျောင်းသား ရှ သွားတော့ နွားပေါက်တစ်ကောင် အဖော်ကွဲကျန်ခဲ့၏။ သူအလ စရာမလိုဘဲ နွားပေါက်တစ်ကောင်ရလိုက်၍ မဲလုံး သဘောကျ ၏။ နွားပေါက်မက နွားမဒန်းသာသာမို့ သန်မာတောင့်တင်းလှ





ထို့ကြောင့် အေးအေးဆေးဆေးပင် နွားမနားသို့ စုပ်သပ်၍ အသာကပ်ကာ နွားဖားကြိုးကိုကိုင်ပြီး ကြိုးကို လက်ဖြင့်ဆွဲလိုက်၏။ ထို့နောက် သူ့လက်ထဲမှပါလာသော ကြိုးဖြင့် နွားကို ချည်ပြီး ကျန် ကြိုးအစွန်းကို သူ့လက်မှ ပတ်ထားလိုက်သည်။

သူဆွဲခေါ်ရာနောက်သို့ နွားက ကောက်ကောက်ပါအောင် လိုက်လာ၏။ ထိုသို့နေရင်း ထူးထူးဆန်းဆန်းပင် နွားသည် ကြောက် ရွံ့ထိတ်လန့်ဟန်ဖြင့် ဆွဲခေါ်ရာမလိုက်တော့ဘဲ နောက်ပြန်ရုန်းကာ တဖူးဖူးနှင့် နှာမှုတ်နေ၏။ မဲလုံး၏ နောက်ကျော်ဘက်သို့ကြည့်ကာ မျက်လုံးများ မြင်မိဖြစ်ပြီး အတင်းရုန်း၏။

ထို့ကြောင့် ဒီနွားဘာကိုမြင်လို့လဲဟူသော အတွေးနှင့် နောက် ပြန်ကြည့်လိုက်သည်။ လက်ပံပင်ပုပုလေး၏ ကိုင်းထက်တွင် လှုပ် ယမ်းနေသော အရာတစ်ခုကို တွေ့ရသည်။ အဲဝတ်စဖြူဖြူ အရာ တစ်ခုသည် တဖျပ်ဖျပ်လေထဲတွင် လွင့်ရင်း အောက်သို့လွင့်ကျလာ သည်။ ထိုအချိန်တွင် အလင်းရောင်က ပတ်ဝန်းကျင်တွင် အလွန်နည်း ပါးလာ၏။ သစ်ပင်ပေါ်မှ ကျလာသော အရာမှာ လူတစ်ယောက် ဖြစ်နေကြောင်း မှောင်ရီပိုးတဝါး၌ တွေ့မြင်နေရသည်။ မြင်ရသော အနေအထားအရ ထိုအရာမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ခေါင်းကိုငုံ့ထားသဖြင့် ဘယ်သူဘယ်ဝါ မသဲကွဲပေ။ သို့သော် ရုတ် တရက်ပေါ်လာခြင်းဖြစ်၍ လူသားစစ်စစ်တော့ မဟုတ်နိုင်ချေ။ သူ့ ဒူးတွေက တဆတ်ဆတ်တုန်လာအောင် ကြောက်သွားကာ ဖြေးဖြ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် နွားပေါက်ကား အတင်းရုန်းကာ စွတ်ခနဲနောက်ပြန်လှည့်၍ ကစုန်းဆိုင်းကာ ပြေးတော့သည်။ လက်မှကြိုးကို ဖြည်ချလိုက်ရို့ သတိရသော်လည်း စက္ကန့်ပိုင်းမျှ နောက်ကျသွား၏။ နွား၏ ကြောက်လန့်တကြား ဆွဲအား ရုန်းအားကြောင့် ဆောင့်ဆွဲခံရသလိုဖြစ်ကာ မဲလုံး အားလျားမှောက်လဲကျသွား၏။ နွားပြေးအားနှင့် အတူ လယ်ကွင်းရေစပ်တွင် ဒရွတ်တိုက်မျောပါသွား၏။ နွားသည် တစ်စုံတစ်ယောက်က တင်ပါးကိုရိုက်၍ ခြောက်လိုက်သကဲ့သို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ လန့်၍ပြေးခြင်းဖြစ်သောကြောင့် လဲနေသောမဲလုံးသည် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ဒရွတ်တိုက် လျှောပါသွားရင်း လယ်ကန်သင်းအစပ်၌ လတ်လတ်ဆတ်ဆတ် စုတ်ထွင်းထားသော ဆီးငုတ်အချွန်ကြီးကို မြင်လိုက်ရသောအခါ အလန့်တကြား အော်ဟစ်လိုက်၏။

"အား"

သူ့အော်သံကို ကျီးငှက်တို့ အလန့်တကြားအော်သံများက ဖုံးလွှမ်းသွားသည်။ သူ့ရင်ဘတ်ထဲတွင် ပူခနဲဖြစ်ကာ အောင့်သွားသည်။ အချိန်ဝယ် သူ့လက်ကိုပတ်မိနေသော ကြိုးက လွတ်ထွက်သွားတော့သည်။ သေအံ့မူးမူးအချိန်၌ သူ့မျက်လုံးထဲ၌ မိန်းကလေးတစ်ယောက်၏ ပုံရိပ်ကိုမြင်လာသည်။ ထိုမိန်းကလေးမှာ မြသက်ဖြစ်သည်ဟုသူထင်သည်၊ တကယ်မြင်ရတာလား သေခါနီးကယောင်ကတန်းဖြစ်ကာ မြင်ရတာလားတော့ မဲလုံး ရှင်းမပြနိုင်တော့။





ထိုအခိုက်မှာပင် ဆီးငုတ်စူးသော ဒဏ်ရာဖြင့် မဲလုံးတစ်ယောက် လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



မဲလုံးအလောင်းကို တွေ့ရှိခဲ့သော သတင်းကြောင့် ဆရာဖြ
သူ စိုးကြီးနှင့် အနီးကပ်ဆုံး သူငယ်ချင်းဖြစ်သူ ဖော်ကြီးတို့ နေစရ
မရှိအောင် ထိတ်လန့်ချောက်ချားခဲ့ကြ၏။ အိမ်ထဲမှ အိမ်ပြင်သို့ပ
မထွက်တော့ဘဲ အရက်ကိုအဖော်ပြု၍ နေထိုင်ပြီး အိပ်ရာသို့ ဝင်ခဲ့ရ
စိုးကြီးမှာ ထိုနေ့ညသန်းခေါင်ယံတွင် ထူးဆန်းသော အိပ်မက်တစ်
ကို မြင်မက်ခဲ့တော့သည်။

စိုးကြီးသည် ခနိပါတ်ရွာ၏ ကွမ်းတောင်ကိုင် အပျိုချော
မြသက်နှင့် နီးရခါနီးမှ သေကွဲကွဲသဖြင့် လက်လွှတ်ခဲ့ရသဖြင့် တည
တည်တံ့တံ့ပေါင်းသင်းရန် အိမ်ထောက်ဘက်ကို ဆက်လက်စဉ်းစ
ရာ၊ ဤနယ်မြေတစ်ဝိုက်၌ အချောဆုံး အလှဆုံးစာရင်းပေါက်
သော မြောက်ဘက်ရွာမှ ရွှေရည်ဆိုသော ကောင်မလေးကို စိတ်က
မိလေသည်။ ရွှေရည်၏ ဖခင်ကလည်း ကျေးရွာလူကြီး၊ မိမိဖခင်





ကလည်း ကျေးရွာလူကြီး လူကုံတန် ကြေးရတတ်ခြင်းမို့ မိဘများ မှတစ်ဆင့် ကြောင်းလမ်းလျှင်ဖြစ်နိုင်သည်ဟု တွေးကာ ရွှေရည် လေးကို စိတ်ကူးယဉ်ကာ အိပ်ပျော်သွားခြင်းဖြစ်သည်။

သို့သော် သူ့ကိုယ်ထက်တွင် ပိလာသော အလေးချိန်ကြောင့် လန့်သွားကာ မျက်လုံးဖွင့်ကြည့်လိုက်၏။ သူ့စိတ်က ရွှေရည်ဟု ထင် လိုက်၏။ သို့သော် ရွှေရည်မဟုတ်ဘဲ မြသက်ဖြစ်နေ၏။ ဆံပင်ဖား လျား၊ မျက်လုံးများမှာ နီရဲစိုင်းစက်လျက်။

စိုးကြီးမှာ ကြောက်လွန်းသဖြင့် အော်ဟစ်လိုက်သော်လည်း အသံက ထွက်မလာ။ အတင်းရုန်းကြိုးစားသော်လည်း မရပါ။ မြသက်က သူ့တစ်ကိုယ်လုံးကို ခွကာ ထိုင်ထား၏။ မြသက်လက်ထဲ တွင် ကြိုးတစ်ချောင်းကို ကွင်းလျှောလုပ်ကာ ကိုင်ထား၏။

"အိမ်သားတွေမရှိတော့ဘူးလား ... လာကြပါဦးဗျို့ ... မြသက် ကျုပ်ကိုသတ်တော့မလို့ ... "ဟု အော်၏။

သူ့တာပည့်ကျော် ဖော်ကြီးကို အော်ခေါ်၏။ မရဖါ။ အသံ ထွက်မလာပါ။ ကြောက်လွန်းသဖြင့် ချွေးများဖြင့် ရွှဲနစ်နေ၏။

"စိုးကြီး ... စိုးကြီး ... သူများအသက်ကိုသတ်တုန်းက သတ် ပြီး နင့်ကိုယ့်အလှည့်ကျမှ ကြောက်နေပြီလား ... ဟင်ပြောစမ်း"

အသံမထွက်နိုင်သော စိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ် ပြ၏။

"ငါ့သေလို့ဝမ်းနည်း သယောင်ယောင်ဆောင်နေတဲ့ကောင် နင်လုပ်ခဲ့တာတွေ နင်မှတ်မိလားဟဲ့ ... အယုတ်တမာကောင်ရဲ့ ... အေး နင်မမှတ်မိရင် ငါပြန်ပြောမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



မြသက်အသံကြီးက လိုဏ်သံပါနေ၏။ သူ့အသံကြားလိုက်တိုင်း ကျောထဲမှ စိမ့်တက်သွားမတတ်ဖြစ်ရ၏။ မျက်နှာချင်းဆိုင်မကြည့်ဝံ့တော့သဖြင့် မျက်လုံးကို အတင်းမှိတ်ထားရ၏။

"နင်ငါ့ကို သတ်ခဲ့တာမှတ်မိသေးလား စိုးကြီး ... အဲဒီညတုန်းက ငါ့မှာ ကိုရဲမာန်စိတ်နဲ့ မိဘတွေကို အရွဲ့တိုက်ပြီး ထမင်းနှစ်ရက်သုံးရက်မစားလို့ အားပြတ်ပြီး လဲနေတုန်း အခန်းထဲကို နင်ရောက်လာတာလေ ... မှတ်မိလား ပြန်စဉ်းစားကြည့်စမ်း"

ကြောက်လန့်နေသည့်ကြားမှ ထိုအဖြစ်အပျက်များကို ပြန်သတိရလာ၏။ ထိုနေ့ညက ဖြစ်၏။ အရက်ဝိုင်းတွင် တပည့်များဖြစ်သော မဲလုံးနှင့် ဇော်ကြီးက သူ့ဆရာစိုးကြီး မခံချင်အောင် ဝိုင်းမြှောက်ပင့်ပေး၏။

"ဆရာ့ ကောင်မလေး မြသက်ဟာ ဟိုဘက်ရွာက ရဲမာန်ဆိုတဲ့ ကောင်နဲ့လေးကို တန်းတန်းစွဲဖြစ်နေပြီဆိုပဲ"

"အဲဒါ ဆရာညံ့လို့ပေါ့ ... တကယ်ဆိုရင် ဆရာက တစ်ရွာထဲလည်းနေတာ ... အိမ်ကိုလည်း ဝင်လို့ထွက်လို့ရသေးတယ် ... လူကြီးချင်းကလည်း သဘောတူထားတာပဲ ... ဆရာက လက်နှေးလွန်းလို့ သူများက ကြားဝင်သွားနေမှာပေါ့ ... ဒီမှာ ဆရာမပြောမရှိနဲ့နော် ... မိန်းမတွေဟာ လှေလိုမြင်းလိုပဲ ပဲ့ကိုင်တဲ့သူနောက်ကိုပါတာပဲတဲ့ ... ဗွင်ပိုင်တုန်း ဝင်ကိုင်လိုက်ပါလား ဆရာရဲ့ ... အဲဒါမှ နောက်ဆို ကိုကိုစိုး ... ကိုကိုစိုးဆိုပြီး ဆရာ့ခြေသလုံးဖက်ပြီး လိုက်နေမှာမြင်ယောင်ပါသေးဗျာ ... ဟုတ်တယ်မို့လား ... မဲလုံး"





"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့ ... တို့ဆရာက မတို့ရက် မထိရက်နဲ့ ကြားက သူများစားသွားဦးမယ် ... တို့ဆရာ တကယ်မကြမ်းလို့ပါ တကယ်ကြမ်းရင် ကောင်မ ... မငြင်းလောက်ပါဘူး ..."

အရက်ဝိုင်းမှထတော့ မူးမူးနှင့် မြသက်တို့အိမ်သို့ ခြေဦးလှည့်ခဲ့၏။ သူ့တပည့်ကျော်များကို အိမ်အောက်မှ စောင့်ခိုင်းကာ နောက်ဖေးဘက်မှ အသာဝင်ခဲ့သည်။ သည်အိမ်က သူ့အတွက် တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သည့် အိမ်ပင်ဖြစ်သော်လည်း ယခုလို ခိုးကြောင်ခိုးဝှက်ဝင်လာရခြင်းမှာ အကြောင်းရှိ၏။ မြသက်တစ်ယောက်တည်း အခန်းထဲမှာ ရှိတာသိသဖြင့် နှစ်ယောက်ထဲတွေ့ခွင့်ရရန် ခတ်ထားသော မင်းတုံးကိုဖွင့်၍ အခန်းထဲသို့အသာဝင်ကာ တံခါးကို အတွင်းမှ ပြန်ဂျက်ချလိုက်သည်။

အခန်းထဲရှိ ခုတင်ထက်ဝယ် မြသက်သည် အိပ်ပျော်နေဟန်ရှိ၏။ ခုတင်နားသို့ကပ်ကာ မြသက်ကို အသာငုံ့ကြည့်လိုက်သည်။ မျက်နှာလေး အနည်းငယ် ချောင်ကျသွားသည်မှတစ်ပါး ဖွံ့ထွားစွင့်ကားသော မြသက်၏ ခန္ဓာကိုယ်အချိုးအစားများကတော့ နဂိုလိုပင် ပြည့်ဖြိုးမြဲဖြစ်သည်။

တစ်ယောက်တည်း သူ့ဘာသာ အိပ်နေရင်းဖြစ်၍ လွတ်လွတ်လပ်လပ် ဝတ်စားထားသည်။ အင်္ကျီကြယ်သီးတစ်လုံး တပ်မထားသဖြင့် ဝင်းမွတ်နေသော ရင်သားဆိုင်အပေါ်ပိုင်းကို မြင်နေရသည်။ ပြေလျော့ကျနေသော ထဘီကြောင့် ဝမ်းဗိုက်သားဖြူဖြူလေးမှာ ချပ်ချပ်ရပ်ရပ်ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်သားလုံးဝန်းဝန်းက စိုးကြီး၏ တဏှာစိတ်ကို ဖိတ်ခေါ်နေသလိုရှိ၏။ မြသက်၏ တစ်ကိုယ်လုံးကို လွှမ်းခြုံကြည့်လျက် စိုးကြီးရင်ထဲမှာ တဒုတ်ဒုတ်ခုန်လာသည်။ မျိုချလိုက်သော တံတွေးသည် လည်ချောင်းထဲတွင် နင်နေ၏။

စားနေကျကြောင်ပါးအဖို့မူ ကြောင်အိမ်တံခါးကလည်း ပွင့်လျက်သား၊ ငါးကြော်ကလည်း အသင့်ဆိုသလိုရှိနေ၏။ စိတ်ထဲတွင် ထိန်းမနိုင် သိမ်းမရဖြစ်လာ၏။ တပည့်နှစ်ဦးပြောလိုက်သော စကားများကလည်း မီးလောင်ရာ လေပင့်သလိုရှိနေတော့သည်။ အရက်သောက်ထားခြင်းကလည်း နောက်ထပ်အမှားတစ်ခုကို ကျူးလွန်ရန် အားပေးသလိုရှိ၏။ အရက်ကြောင့် ဆင်ခြင်တုံတရားကင်းမဲ့စေသည်။ သွေးသားဆူပွက်၍ ရမ္မက်တဏှာသည် မုန်ယိုနေသော ဆင်ရိုင်းတစ်ကောင်ပမာ သောင်းကျန်းလာတော့သည်။

မြသက်သည် သူ့ခန္ဓာကိုယ်ပေါ်သို့ တစ်စုံတစ်ခုပိကျလာသလို ခံစားရ၍ အိပ်နေရာမှ လန့်နိုးသွား၏။ သူ့ပါးပြင်မှာ အထိအတွေ့၊ သူ့ခန္ဓာကိုယ်မှာ အတွေ့အထိကို ခံစားရ၍ လန့်ဖျပ်သွားသည်။

မျက်စိဖွင့်ကြည့်သည်နှင့် ရုတ်တရက်အနီးကပ်မြင်လိုက်ရသည်က အဆီပြန်နေသည့် စိုးကြီး၏ ရမ္မက်မျက်နှာ၊ ကာမဘီလူးစီးနေသည့် အသွင်ဖြစ်သည်။ မြင်ရသည့်မြင်ကွင်း၊ ကြုံရသည့်အဖြစ်အပျက်မှာ အလွန်ပင် ထိတ်လန့်ဖွယ်ကောင်းနေပေရာ မိမိရောက်ရှိနေ အနေအထားကို သတိပြုလိုက်မိသည်။ ကြောက်လန့်တုန်လှုပ်မှုက ကြီးစိုးသွားသည်။ ဒေါသကြောင့် အသံက မာထန်သွား၏။





"ဘာလုပ်တာလဲ လွှတ်စမ်း စိုးကြီး"

အော်ဟစ်အကူအညီတောင်းရန် ပါးစပ်ဟမည်ပြုလိုက်စဉ်မှာပဲ စိုးကြီးက သူ့ပါးစပ်ကိုပိတ်ဖို့ ကြိုးစားသည်။ ခေါင်းကို ဘယ်ညာရမ်း၍ ခါရင်းပါးစပ်မှ အော်ဟစ်အကူအညီတောင်းမိ၏။

"အမေရေ ... အမေ ... အားဝါး ... ဖရူး"

အော်ဟစ်အကူအညီတောင်းနေစဉ် လူမိမှာစိုးရိမ်စိတ်ကြီးသွားသော စိုးကြီးသည် မြသက်မျက်နှာကို ခေါင်းအုံးနှင့် အတင်းဖိထားလိုက်တော့သည်။ သည်အခြေအနေမှာ လူမိသွားလျှင် သူ ... အရက်ကွဲကာ ပြဿနာအကြီးအကျယ်တက်မည်။ လောလောဆယ် သူ့ခေါင်းထဲမှာ စိုးရိမ်စိတ်ပဲရှိသဖြင့် မြသက် အသံမထွက်နိုင်အောင် ခေါင်းအုံးဖြင့် အတော်ကြာအောင် ဖိအုပ်ထားရာမှ အသက်ရှူကြပ်ကာ မြသက်တစ်ယောက် ရုန်းကန်အားတို့ကျလာ၏။ လက်နှစ်ဘက်နှင့် စုံဖိထားသော သူ့လက်ကို ရုန်းဖယ်ရန်ကြိုးစားနေသော မြသက်၏ လက်ကလေးနှစ်ဘက်က မလှုပ်ရှားနိုင်တော့ဘဲ လျော့ရဲပြုတ်ကျသွားသည်။ ခေါင်းအုံးကို ဖယ်ကြည့်လိုက်တော့ မြသက်သည် မလှုပ်နိုင်တော့။ မရည်ရွယ်ဘဲ မြသက် သေလေပြီ။

အဖြစ်အပျက်မှာ အလွန်မြန်လှ၏။ အခန်းထဲသို့ သူဝင်ရောက်လာသည့်အချိန်မှ မြသက် အသက်ပျောက်သွားသည့် အချိန်အထိ ငါးမိနစ်ခန့်ပဲကြာမြင့်ပေလိမ့်မည်။ ကာမဂုဏ်ရေယာဉ်ကြောတွင် မျောပါလိုက်မည်ဟူသော စိတ်ကူးနှင့် ဤအခန်းထဲသို့ သူဝင်လာခြင်းဖြစ်သည်။ ယခုတော့ မရည်ရွယ်ပါဘဲလျက် လူသတ်မှုတစ်ခုကို သူကျူးလွန်မိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြသက်သည် အသက်ရှုကြပ်ကာ သေဆုံးရခြင်းဖြစ်၍ မျက်လုံးပြူးကျယ်လျက် တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးလျက်ရှိ၏။ မြသက် အလောင်းကိုကြည့်ရင်း စိုးကြီးပျာယာခတ်ကာ ဘာလုပ်ရမှန်းမသိပဲရှိကာမှ ရုတ်တရက် အကြံတစ်ခုရကာ အခန်းထဲတွင် ခြင်ထောင်ထောင်ရာ၌ သုံးသော နိုင်လွန်ကြိုးများကို ထုတ်တန်းတွင်ချည်ကာ မြသက်လည်ပင်းတွင် ကြိုးကွင်းစွပ်လိုက်၏။ ထို့နောက် ထွက်ပြေးလာခဲ့တော့၏။ သူခပ်လှမ်းလှမ်းသို့ ရောက်ချိန်တွင် ... မြသက်တို့ အိမ်ပေါ်မှ အော်ဟစ်ပြေးလွှားသံများကို ကြားရ၏။

"အမလေး ... လာကြပါဦး ... ဟောဒီမှာ မမလေးရယ် ... ဆွဲကြိုးချပြီး သေနေတယ် ... လာကြပါဦး"

သူနောက်ဆုံးကြားရသည့် အသံ။ သူဖန်တီးပြုလုပ်ခဲ့သည့် ထုတ်တန်းတွင် ကြိုးတန်းလန်းနှင့် မျက်လုံး၊မျက်ဆံပြူးကျယ်ကာ ကြိုးဆွဲချသေနေသော မြသက်မျက်နှာ။ စိုးကြီးတစ်သက်မှာ ဘယ်တော့မှ မေ့မရနိုင်သည့် မြင်ကွင်းဖြစ်ပါသည်။

သူခေါင်းကို ခါယမ်းပစ်လိုက်သည်။ ဟုတ်တယ် ... မြသက်သေပြီ။

"မြသက် ... သေပြီ ... ငါကိုယ်တိုင် မြသက်ကို ခေါင်းအုံးနဲ့ ဖိသတ်တာ ... နင်က မကောင်းဆိုးဝါးဘဲ ... သွားစမ်း ... ဖယ်စမ်း"

စိုးကြီး သွေးရူးတန်းနှင့်အော်သည်။ မြသက်က အားရပါးရ ရယ်သည်။

"ဟီး ဟီး ဟီး ဟီး ... ဟား ဟား ဟား မလွှတ်နိုင်ဘူး ဟအော့ရူးရဲ့ ... နင်ဟာ ငါ့ကို အဓမ္မကျံဖို့ ကြိုးစားပြီး သတ်တဲ့ကောင်





ပြီးတော့ ငါကိုယ်တိုင် သတ်သေသလိုလို ဘာလိုလိုနဲ့ ဉာဏ်ဆင်သေးတယ် ... နင့်ကြောင့် ငါသေရတယ် ... ငါ့မိဘ ငါချစ်သူနဲ့ခွဲရတယ် အဝခြားခဲ့ရတယ် ... ငါနင့်ကို လက်စားချေရမှ ကျေနပ်မယ် ... ငါသေသလို နင်လည်းသေရမယ် ... နင့်တပည့် မဲလုံးနောက်ကို လိုက်ပြင်ပေတော့"

စူးရှချွန်ထက်နေသော မြသက်၏ လက်သည်းရှည်ကြီးများက သူ့လည်ပင်းပဲ နစ်မြုပ်စူးဝင်လာ၏။ နာကျင်မှုနှင့် အသက်ရှုကြပ်လာသည်။ သူတကယ်သေရတော့မည်ထင်လာ၏။ နောက်ဆုံးရှိသမျှ အားအင်ကိုသုံး၍ အကျယ်လောင်ဆုံး ကြုံးအော်လိုက်သည်။

"ငါ့ကို မသတ်ပါနဲ့ ... ခွင့်လွှတ်ပါ ... ငါနင့်ကိုသတ်မိတာ ခွင့်လွှတ်ပါ ... မြသက် ... နင်ငါ့ကို ပြန်မသတ်ပါနဲ့ ကြောက်ပါပြီအား"

သူ့ကိုယ်မှာ ရုတ်တရက်ပေါ့ပါးသွားသည်။ တစ်ကိုယ်လုံးကတင်းကြပ်မှုတွေလျော့သွားသည်။ ပြီးတော့ မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ အိပ်မက်ဆိုးမှ လွန်မြောက်ခဲ့ပြီမို့ ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့ချေ။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသည်။ အိပ်မက်မက်နေတာပါလားဟု သတိပြုမိသွားသည်။ တော်ပါသေးရဲ့။ ငါပါးစပ်ကရော တကယ်အသံထွက်သွားသေးသလားဟု စဉ်းစားနေမိသည်။

သူ့အဖေသည် အိပ်ခန်းထဲသို့ဝင်လာကာ ...

"သား ဘာဖြစ်တာလဲ ... ဘာတွေအိပ်မက်ပြီး ကယောင်ကတမ်းထအော်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုဘာမှ မဖြစ်ပါဘူး ... အဖေ"

"အေးအေး ... ရေသောက်လိုက်"

အဖေက သူ့ကို စူးစူးစိုက်စိုက်တစ်ချက်ကြည့်ပြီး ပြန်ထွက်သွား၏။ အဖေများကြားသွားသလားဟု ... တွေးလိုက်... အဖေက သူ့ဆန္ဒအတိုင်း မြောက်ဘက်ရွာမှ ရွှေရည့်အဖေ ... ဦးတို့ညွှန့်ဆီသွားပြီး သူနှင့် ကောင်မလေး ရွှေရည်ကိစ္စ ကမ်း... ခဲ့ပြီဟု သူ့ကိုပြောသည်။

"မင်းဆန္ဒအတိုင်း သူ့အဖေကို ငါပြောခဲ့ပြီး သား"

ထိုအခါမှ လငပုတ်ဖမ်းသလို အုံ့မှိုင်းနေသော စိုးကြီးမျက်... မှာ တစ်ခဏချင်း လပြည့်ဝန်းကြီး ထိန်ထိန်သာသလို ဝင်းပ... သည်။

"ဟုတ်ကဲ့ ... ဒါနဲ့ သူ့ အဖေကရော ... သဘောတူတယ်... လား ... အဖေ"

"လူကြီးချင်း ခင်နေတော့လည်း ပြတ်ပြတ်ခါခါတော့ မပြေ... လိုက်ဘူးကွ ... ဒါပေမဲ့ သူ့သမီးရဲ့ သဘောထားကို မေးပါရစေ... တဲ့ ... အေးပေါ့ကွာ ... သမီးရှင်ပဲ ... ဒါလောက်တော့ ရှိမှာပေါ့"

အဖေထွက်သွားတော့ စောစောက မက်ခဲ့သော အိပ်မက်... ပြန်သတိရကာ ကြက်ဆီးထမိ၏။

သူ့ကို လက်စားချေမတဲ့။

သည်အကြောင်းတွေကို ပြန်မတွေးချင်ပါ။ သတိမရချင်ပါ... သူကျူးလွန်ခဲ့တာကို အပြင်မှာ သိသူတစ်ဦးတစ်ယောက်မှမရှိ...





...သ်သူကမှ သူ့ကို မသင်္ကာမဖြစ်။ အစိက မျက်မြင်သက်သေဖြစ်... ဘာ မြသက်လည်း သူ့လက်ချက်ဖြင့် သေခဲ့ပြီဖြစ်၍ ဘာမှစိုးရိမ်... ...ာ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



# အန္တရာယ်ကင်းတံဆိပ်တော်

ယွန့်ဆောင်း တပေ

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ မြသက်ဆုံးတာ တစ်လပြည့်သည်။ ထို့ကြောင့် ...
ဦးထွန်းဇော်တို့မိသားစုက သွားလေသူ သမီးလေး မြသက်အတွက် ရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်းပင့် ဖိတ်ကျွေးလှူဒါန်းပြီး ကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးဝေ၏။

ထိုနည်းအတူစွာပင် ကိုအေးမောင်၊ မမြခက်တို့လင်မယားက ဦးထူး၊ ရဲမာန်၊ ရွှေရည်တို့ကိုခေါ်ကာ ရွာဦးကျောင်း ဆရာတော်ဆီ သွားရောက်ကာ ဆွမ်းချိုင့်ပို့ဆောင်ခြင်းကို မြသက်အတွက် ရည်စူး ပြုလုပ်၏။ ဘုန်းကြီးကျောင်းမှာ လှူရှင်းနေသည်မို့ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရင်း သီလယူကာ ကျောင်းမှာပင် အေးအေးဆေးဆေး နေနေကြ၏။ သံဃာများ ဆွမ်းစားပြီးသောအခါ ဆရာတော်အား သိလိုသည်များကို လျှောက်ထားမေးမြန်းကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော့် လျှောက်တင်ပါရစေဘုရား"

ဟု မြခက်က စတင်လျှောက်ထား၏။

"အိမ်း ... ဘာများလဲ ဒကာကြီး"

"ဒီလိုပါဘုရား ... တပည့်တော် ညီမအကြောင်း ရပ်ထဲရွာထဲမှာပြောနေကြတာက တစ္ဆေဖြစ်နေသလိုလို ... သရဲဖြစ်နေသလိုလို ပြောကြပါတယ် ... လူဟာ သေရင် သရဲ တစ္ဆေဖြစ်နိုင်ပါသလား ဘုရား"

"ဒါက ဒီလိုရှိပါတယ် ... ဒကာမကြီး ... သတ္တဝါတွေသေတဲ့အခါ လူဂတိ၊ နတ်ဂတိ၊ တိရစ္ဆာန်ဂတိ၊ ငရဲဂတိနဲ့ ပြိတ္တာဂတိဆိုပြီး လားရာဘဝ ငါးမျိုးရှိကြတယ် ... ဘုံအားဖြင့်တော့ (၃၁)ဘုံရောက်ကြရတယ်၊ အဲဒီအထဲကမှ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံရောက်တဲ့ဟာတွေကို သရဲတစ္ဆေဖြစ်တယ်လို့ ပြောကြတယ် ... ဒီလိုဖြစ်ဖူးတဲ့ သာဓကတွေလည်း အများကြီးရှိတယ် ... ဥပမာ ... အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက သူကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြရာမှာ ကျောင်းအစ်မကြီး ဇရပ်ဒါယိကာမကြီးတစ်ယောက်ဟာ သူကွယ်လွန်ခါနီးအချိန်မှာ သားသမီးတွေ ငိုကြွေးကြလွန်းလို့ အဲဒါကို စွဲလမ်းစိတ်နဲ့သေတဲ့အခါ တစ္ဆေပြိတ္တာဖြစ်ရတယ် ... အဲဒီအဖြစ်ကို ဆရာတော်ကို ကာယကံရှင်တစ္ဆေက လျှောက်ထားလို့ အမျှအတန်းဝေ အလှူဒါနပြုပေးတဲ့အခါမှာ ကျွတ်ရာလွတ်ရာရောက်သွားသတဲ့ ... မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းကလည်း တိဿမထေရ်လို့ခေါ်တဲ့ ရဟန်းတစ်ပါးဟာ သင်္ကန်းအသစ်တစ်ထည်





ကို အလှူခံရရှိလာပြီး နက်ဖြန်ခါဝတ်မယ်လို့ ကြံစည်ပြီး တန်းပေါ်မှာတင်ထားတယ် ... ဒါပေမဲ့ အဲဒီညမှာပဲ အစာမကြေ လေနာရောဂါဖြစ်လို့ ကွယ်လွန်တဲ့အခါ သင်္ကန်းကိုစွဲလမ်းတဲ့ စိတ်ကြောင့် အဲဒီတစ်ခဏမှာပဲ သင်္ကန်းမှာပဲ သန်းပြိတ္တာဖြစ်ရသတဲ့ ... မြတ်စွာဘုရားကသိတော်မူလို့ အဲဒီသင်္ကန်းကို ဘယ်သူ့မှမယူစေဘဲ (၇)ရက်တိတိထားစေပါသတဲ့ ... (၇)မြောက်နေ့မှာမှ သန်းဟာ ကွယ်လွန်ပြီး ယခင်ကုသိုလ်တွေကြောင့် ... နတ်ပြည်မှာ နတ်သားဖြစ်ပါသတဲ့၊ ဒီသာဓကတွေကိုထောက်ရင် သေခါနီး မကောင်းတဲ့အာရုံကို စွဲလမ်းမှုကြောင့်လည်း ခေတ္တခဏပဲဖြစ်ဖြစ် မကောင်းတဲ့ ဒုဂတိဘုံတွေကို ရောက်နိုင်ပါတယ် ... မကျွတ်မလွတ်တဲ့ ဘဝတွေမှာ ဖြစ်နိုင်ပါတယ်၊ ဒကာမကြီး"

"တင်ပါ့ဘုရား ... တပည့်တော် သဘောပေါက်ပါပြီ ... အဲဒါကြောင့်လည်း ဒီပုဂ္ဂိုလ်တွေအဖို့ ကျန်ရစ်သူက သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်လုပ် အမျှအတန်းဝေပေးကြရတယ် ... တစ်ခါ ... အဲဒီအခါကျရင်လည်း ကိုယ်ရည်စူးတဲ့ ပုဂ္ဂိုလ်က ရောက်ရာဘဝက သာဓုခေါ်နိုင်မှသာ ကျွတ်တန်းဝင်ပြီး ကောင်းရာဘုံဘဝကို ရောက်ရှိနိုင်တာပေါ့"

"ဒါဆိုရင် အခု မြသက်ကလေးဟာ သူ့အတွက်လုပ်ပေးတဲ့ ကောင်းမှုကုသိုလ်အတွက် သာဓုမခေါ်နိုင်သေးလို့ အခုလိုဖြစ်နေရတဲ့ သဘောလား ဘုရား"

"အိမ်း ... မနက်ကတင် ဒကာကြီး ဦးထွန်းဇော်ရိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းပဲပြောခဲ့ပြီးပြီ ... ဒါကြောင့်မို့ ကွယ်လွန်သူဟာ ... မကျွတ်မလွတ်သေးဘူးလို့ ယူဆရင် သူ့အတွက် မကြာခဏ ကောင်းမှုကုသိုလ် ဒါနကုသိုလ်လုပ်ပေးပြီး အမျှအတန်းဝေရမယ် ... ဒါမှ သူကြားနာမိတဲ့အခါမျိုးမှာ သာဓုခေါ်ပြီး ကျွတ်တန်းဝင်နိုင်တာပေါ့ကွယ် ... ”

မြသက်တစ်ယောက် သူ့တို့ပြုလုပ်ပေးသော ကုသိုလ်ကိုရရှိခံစားပြီး သာဓုခေါ်နိုင်ပါစေ။ ကောင်းမွန်ရာဘုံဘဝကိုရောက်ရှိခံစားနိုင်ပါစေဟု ရဲမာန်တစ်ယောက် ဆုတောင်းနေမိသည်။

ရွှေရည်ကလည်း သူသိလိုသမျှကို ဆရာတော်အား ဤသို့လျှောက်ထားပြန်သည်။

“ဆရာတော် ဘုရား ... ကိုအေးမောင်ကြီးဆီမှာ ဆရာတော်ဘုရားချီးမြှင့်ထားတဲ့ အန္တရာယ်ကင်းတံဆိပ်တော်ဆိုလား ... စမအက္ခရာဆိုလား ရှိတယ်လို့ ကြားဖူးပါတယ်ဘုရား ... အဲဒါ ဘယ်လိုတံဆိပ်တော်မျိုးလဲ ဘုရား ... ပြီးတော့ ခုတစ်လော ဟိုဘက်ရွာမှာ မြသက်အပြင် မဲလုံးဆိုတဲ့လူ ကောက်ကာငင်ကာဆုံးသွားတယ်ဆိုတော့ အန္တရာယ်ကင်း တံဆိပ်တော်ကို တပည့်တော်မတို့ကိုလည်း ချီးမြှင့်လို့ရရင် ချီးမြှင့်ပါ ဘုရား ... အထူးသဖြင့် ကိုရဲမာန်က ရွာထဲမှာ မနေဘဲ ရွာအပြင်မှာ တစ်ယောက်တည်းနေနေတာဆိုတော့ စိတ်မချလို့ပါ”


ရွှေရည်စကားဆုံးလျှင် မမြခက်နှင့် ကိုအေးမောင်သည် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြကာ ပြုံးမိကြလေသည်။





“အေးမောင်ကြီးကိုပေးထားတာ လယ်တီဆရာတော်ဘုရားကြီးရဲ့ အန္တရာယ်ကင်းတဲ့ တံဆိပ်တော်ပဲကွဲ့ ... အေးမောင်ကြီးက အရမ်းသရဲကြောက်တတ်လွန်းလို့ ငါ့ကို အကြိမ်ကြိမ်လျှောက်ထားတောင်းပန်တာနဲ့ ငါက ချီးမြှင့်ထားတာ ... ဒကာမလေးတို့ ဒကာလေးတို့ အလိုရှိရင်လည်း အားလုံးဘေးအန္တရာယ်ကင်းဖို့ ဘုန်းဘုန်းချီးမြှင့်ရတာပေါ့ကွယ်”

ဘုန်းဘုန်းသည် ဘုရားကျောင်းဆောင်ဆီသို့သွားပြီး ကတ္တီပါသေတ္တာလေးကို ရိုသေစွာယူလာကာ သေတ္တာကိုဖွင့်၍ တံဆိပ်တော်လေးတစ်ခုကို သူတို့အားပေး၏။ (တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည်)



❀



www.burmeseclassic.com

www.burmeseclassic.com



"ဒီတံဆိပ်တော်ကလည်း ရာဇဝင်နဲ့အသုံးပြုပုံကို အမိန့်ရှိပါဦး ဘုရား"

ဟု ရဲမာန်က လျှောက်ထားလိုက်သည်။ ဆရာတော် ... ဦးအဂ္ဂဉာဏမှာ အလွန်စကားနည်းသော ဆရာတော်ကြီးဖြစ်သည်။ သူ့ကိုမမေးလျှင် ဘာမှ ထွေးထွေးထူးထူး ပြောလေ့မရှိ။ သို့လို၍ ဘာသာရေးကိစ္စမေးလျှောက်လျှင်တော့ သေသေချာချာ ရှင်းပြဖြေဆိုလေ့ရှိသော ဆရာတော်ကြီးဖြစ်သည်။

"မင်းတို့ ဒီတံဆိပ်တော်ကို ပေါ့သေးသေးမမှတ်ကြနဲ့ ... အဲဒီ လယ်တီဆရာတော် ဘုရားကြီးသုံးစွဲတော်မူခဲ့တဲ့ ပဌမ ... တစ်ကြောင်းဆွဲ အက္ခရာတံဆိပ်တော်ပဲ"

"မှန်ပါ့ဘုရား ... အသေးစိတ်သိပါရစေ ဘုရား ..."





"ဒီလိုကွဲ့ ... လယ်တီဆရာတော်ဘုရားကြီး ရောဂနိဒါနဒီပနီ ကျမ်းကြီးကို ရေးသားနေစဉ်မှာ တစ်ညမတော့ ရသေ့ကြီးတစ်ပါး ဟာ ဒီ"ပဌမ"တံဆိပ်ထူးကို ပလိပ်ရောဂါကာကွယ်ရာမှာ အသုံး ပြုရအောင် လာလှူတယ်တဲ့ ... ဒီတော့ လယ်တီဆရာတော် ဘုရား ကြီးက ဆရာရသေ့ကြီးရဲ့ အက္ခရာ(စ–မ) တံဆိပ်နဲ့ပတ်သက်ပြီး စုံစုံစေ့စေ့ အကျိုးအကြောင်းပြောပြဖို့ အမိန့်ရှိတာပေါ့ ... အဲဒါနဲ့ ဆရာရသေ့ပြောတာက ... သူတစ်ယောက်တည်း တောထဲမှာ သီတင်းသုံးနေတုန်း တစ်ညမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူဆယ်ယောက် သူ့ဆီရောက်လာပြီး ဆရာရသေ့ ဆရာရသေ့ကို ဆွမ်းကွမ်းထောက် ပံ့နေတဲ့ ရွာကလေးမှာ အခုတော့ ပလိပ်ရောဂါတော်တော်ဖြစ်နေ ပါတယ် ... ဆရာရသေ့ ဘာကြောင့် သွားပြီးမကူညီပါသလဲလို့ မေး တယ် ... ဆိုပဲ အဲဒီမှာ ဆရာရသေ့က ... ကူတော့ ကူညီချင်ပါ တယ် ... ဒါပေမဲ့ အဲဒီအန္တရာယ်ကိုတော့ ပျောက်ငြိမ်းအောင် ကျွန်ုပ် မတတ်နိုင်ပါလို့ ဖြေလိုက်သတဲ့ ... ဒီအခါမှာ ဝတ်ဖြူစင်ကြယ်အဖွဲ့ရဲ့ ခေါင်းဆောင် ဖြစ်ဟန်တူတဲ့လူက ... ဒါဆို အဲဒီအန္တရာယ်ကို ပျောက် ငြိမ်းဖို့နည်းကောင်း ပေးပါ့မယ် ... ခဲတံနဲ့စက္ကူပေးပါလို့ တောင်း သတဲ့ ... ရသေ့ကြီးကလည်း ... တောထဲမှာ ခဲတံနဲ့စက္ကူ ဘယ်မှာရှိ မလဲလို့ပြောတော့ သူတို့ဘာသာ ငှက်ပျောရွက်တစ်ရွက်ကို ခူးပြီး ငှက်ပျောရွက်ပေါ်မှာ တစ်ကြောင်းဆွဲ အက္ခရာ(စ–မ) တံဆိပ်ကို ရေးဆွဲပြီး အဲဒီအက္ခရာတံဆိပ်ဟာ ပလိပ်ရောဂါကို ပျောက်ငြိမ်းစေ တတ်ပါတယ်လို့ပြောပြီး ပျောက်ကွယ်သွားကြသတဲ့ ... သူတို့ရေး ပြသွားတာ ဟောဒီတံဆိပ်ပါပဲ"



www.burmeseclassic.com

"မနက်မိုးလင်းတော့ ရသေ့ကြီးက အဲဒီတံဆိပ်တော်ကို ထန်းရွက်၊ ပေရွက်၊ စလူရွက်တွေမှာရေးပြီး ရေစိမ်တိုက်တာတို့ ရေစိမ်ပြီး အိမ်အနှံ့ဖျန်းတာတို့ကိုလုပ်တော့ ပလိပ်ရောဂါဟာ အဲဒီ ရွာကလေးမှာ နေ့ချင်းညချင်းပျောက်သွားတယ်လို့ ပြောပြပါတယ်"

"လယ်တီဆရာတော်ကြီးဟာ တစ်နိုင်ငံလုံးရဲ့ကျေးဇူးရှင် ဆရာတော်ဖြစ်လို့ ဒီအက္ခရာ(စ–မ)တံဆိပ်ကို အသုံးပြုပါဆိုပြီး ရသေ့ကြီးက လှူသွားတာပဲ ... အဲဒါကြောင့် ဘုရားရှေ့တော်မှာ ဂုဏ်တော်ကိုးပါးနဲ့ (၂၄)ပစ္စည်းတွေကို ရွတ်ဖတ်မန်းမှုတ်ပြီး သူ့ဆီ လာတောင်းရင်ပဲဖြစ်ဖြစ် ... တရားပွဲတွေမှာပဲဖြစ်ဖြစ် ... နွားသား ကျွဲသားရှောင်ပါ့မယ်လို့ ကတိပြုသူတွေကို တစ်ခုစီပေးအပ်ခဲ့ဖူးသတဲ့ ဘုန်းဘုန်းလည်း ဒီတံဆိပ်ကို ဘုန်းကြီးရဲ့ဆရာက ပေးခဲ့တာကို ပြန်ပွားပြီး ဆရာတော်ကြီးနည်းအတိုင်း သုံးနေတာပါ ..."

"ဒါဆို ကိုယ့်ဘာသာ ကူးရေးပြီးသုံးရင်ရော ရသလား ဘုရား ပြီးတော့ ... ပထရမ ဆိုတာ ဘာအဓိပ္ပါယ်ရှိလဲ ဘုရား ..."

"ပထရမဆိုတာ ရှေးဦးစွာ သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရားလို့ အဓိပ္ပါယ်ရပါတယ် ... အိမ်လေးထောင့်မြင့်ရာတိုင်မှာ မြှုပ်ထားရင် ရန်သူမလာဝံ့ဘူး ... အန္တရာယ်ခပ်သိမ်းငြိမ်းပါတယ် ကိုယ့်ဘာသာပွားပြီး ဆွဲရင်လည်းရပါတယ်၊ ဆွဲတဲ့အခါ တစ်ကြောင်း ဆွဲ အက္ခရာ(စ–မ)တံဆိပ်ပုံစံကို ရွှေပြားငွေပြား ခဲမဖြူပြားတို့မှာ ခဲတံကညစ်ကိုမကြွစေဘဲ တစ်ကြောင်းတည်း အပြီးရေးဆွဲရမယ် ပြီးရင်အရင်းကလိပ် လက်ဖွဲ့ လုပ်ပြီးကြိုးတပ် လက်မောင်းမှာဖြစ်ဖြစ် လည်ပင်းမှာဖြစ်ဖြစ်ဆွဲထား။ ပလိပ်ရောဂါတင်မဟုတ်ဘူး၊ မကောင်း






ဆိုးဝါး ဘေးအန္တရာယ်အမျိုးမျိုး အားလုံးကင်းဝေးတယ် ... သုံးစွဲသူဟာ ငါးပါးသီလလုံရင် ပိုပြီး အစွမ်းထက်ပါသတဲ့ ..."

ရွှေရည်သည် တစ်ကြောင်းဆွဲတံဆိပ်တော်ကို သေသေချာချာကြည့်ပြီး ...

"ဒီတံဆိပ်က ကိုအေးမောင်ကြီးအိမ်က ဘုရားစင်ပေါ်မှာ တွေ့ခဲ့တဲ့ တံဆိပ်နဲ့မတူဘူး ဘုရား ... ဘာကွာပါသလဲ ..."

"ဪ ဒကာမရွှေရည်တွေ့ခဲ့တဲ့တံဆိပ်က ဒါမျိုးထင်တယ်"

ဟုဆိုကာ ဘုန်းဘုန်းက အောက်ပါတံဆိပ်တစ်မျိုးကို ထပ်၍ ထုတ်ပြပါသည်။






www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒီအတိုင်းပဲ"

အရင်ပြတဲ့ တံဆိပ်က ရသေ့ကြီးပေးခဲ့တဲ့ မူရင်းတံဆိပ်ကဲ့
နောက်တော့ လယ်တီပဏ္ဍိတဦးမောင်ကြီးက အန္တရာယ်ကင်းတံဆိ
တော်ကို ထပ်ပြီးစီရင်တယ် ... မူလ"ပထရမ"အပြင် အရဟံဂုဏ်
တော်၊ ဂုဏ်တော်(၉)ပါး သင်္ကေတ နဝ၊ ဘဂဝါ ဂုဏ်တော်၊ ရော
ခြည်တော် (၆)ပါးအပြင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ချီးမွမ်း
ပညာ၊ သမာ၊ အာဘာ နတ္ထိဆိုတဲ့ ဘုရားဂုဏ်တော် တရားဂုဏ်
တော် သံဃာဂုဏ်တော်တွေကိုပါ ထပ်ထည့်လို့ ဒီတံဆိပ်တော်
အန္တရာယ်ကင်း တံဆိပ်တော်လို့ အမြတ်တနိုး လေးလေးစား
ခေါ်ဝေါ်ပြီး အဆောင်အဖြစ်သုံးခဲ့ကြပါတယ် ... ဆောင်သူတို
အန္တရာယ်ကင်းတယ်လို့ အဆိုရှိပါတယ် ... ကဲရော့ ရော့ မရ





တွေအားလုံး တံဆိပ်တော် နှစ်မျိုးစလုံးယူသွားကြ ... ငါ့တပည့်
တွေ အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေ ... "

"ပေးတဲ့ဆုနဲ့ ... ပြည့်ပါစေ ... ကျေးဇူးကြီးလှပါတယ် ...
ဘုန်းဘုန်း ... တပည့်တော်တို့ ဒီတံဆိပ်တွေကို သေသေချာချာ
ဆောင်ထားပါ့မယ် ... "

(မှတ်ချက် * ဤအန္တရာယ်ကင်းတံဆိပ်တော်အကြောင်းကို
အသေးစိတ်သိလိုပါက သက္ကရာဇ် ၁၂၈၈ ခု ဟံသာဝတီပုံနှိပ်တိုက်
ထုတ် လယ်တီဦးပဏ္ဍိတ ပြုစုသော "မဟာထေရုပ္ပတ္တိကထာ"တွင်
တွေ့ရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ဆိုသည်မှာ တစ်ယောက်တည်း မလာတ အဖော်အပေါင်းနှင့် လာတတ်သည်ဆိုသော စကားမှာ သွေးထွ အောင်မှန်လှသည်။ ယခုလည်း တပည့်ဖြစ်သူ မဲလုံးသေ၍ ရ လည်သောနေ့တွင် ဘယ်လက်ရုံးတပည့် ဖော်ကြီးတစ်ယောက် ထိ၍ ကွယ်လွန်ခဲ့ချေပြီ။

တကယ့်ဖြစ်ရပ်မှန်ကိစ္စများသည် စိတ်ကူးယဉ်ထက် ဆ ကြယ်သည်ဟူသော စကားလိုပင်ဖြစ်ရပ်များမှာ ဆန်းကြယ် သည်။ ထိုနေ့က မဲလုံး၏ ရက်လည်ဆွမ်းသွတ်ပွဲတွင် မနက်ပိုင်းကျ လုပ်ကိုင်ပေးနေသော ဖော်ကြီးတစ်ယောက် ညနေကျလျှင် ကွ လွန်တော့မည်ကို ကာယကံရှင်အပါအဝင် မည်သူမှ မသိခဲ့ချေ။ ထို နေ့လည်က ဖော်ကြီးသည် အခြားအပေါင်းအသင်းများနှင့်အတူ ဝိ





ဖွဲ့သောက်စားနေခဲ့၏။ တကယ်တော့ သူနှင့်ဘေးတွင် ယခုအခါတွဲ၍ ဝိုင်းဖွဲ့နေကြသူများမှာ သူ၏ အရင်းနှီးဆုံး မိတ်ဆွေများမဟုတ်ကြ။ တကယ်တော့ သူ့အရင်းနှီးဆုံးမိတ်ဆွေက သေဆုံးသွားသော မဲလုံးနှင့် သူ့ဆရာစိုးကြီးပင်။ ယခင်အတွဲညီခဲ့ကြစဉ်က ဖဲဝိုင်း၊ ကြက်ဝိုင်း၊ အရက်ဝိုင်းများတွင် သူတို့သုံးယောက်မှာ ဘယ်သောအခါမှမခွဲဘဲ တတွဲတွဲအတူရှိခဲ့ကြသည်။ စိုးကြီးက ရွာလူကြီးသားဖြစ်၍ မျက်နှာကြီးသည်။ ငွေကြေးခိုင်လုံတောင့်တင်းသည်။ ဖော်ကြီးနှင့် မဲလုံးက ရန်ဖြစ်သတ်ပုတ်ရန် ဝန်မလေးသူများမို့ သူတို့သုံးယောက်ကို ကျော်ဝံ့သူမရှိ။ ဤရွာမှာပင်မဟုတ် ဖဲဝိုင်းထောင်သည်ဆိုလျှင် ရွာနီးချုပ်စပ် ဒေသများအထိ စားမြောင်ခါးကြားထိုးကာ သွားရောက်ကြမြဲဖြစ်သည်။

သူတို့သုံးယောက်ပေါင်းကာ ထိုးခဲ့၊ ခုတ်ခဲ့ ရန်ဖြစ်သတ်ပုတ်ခဲ့ရသော ပွဲများလည်း မရေနိုင်အောင်များသည်။ ထန်းရည်၊ ခနဲရည် အရက်ဆိုင်ပေါင်းစုံသို့ မရောက်ဖူးသော နေရာမရှိလောက်အောင် ခြေရာချင်းထပ်နှံ့စပ်ခဲ့သည်။ ယခုတော့ ဘာဖြစ်သည်မသိ သူ့ဆရာစိုးကြီးသည် အချိုးပြောင်းနေ၏။ သူ့ဆီသို့လည်း မှန်မှန်မလာ။ အပြင်သို့လည်း မထွက်တော့။ မှတ်မှတ်ရရ သူတို့ရွာမှ မြသက်သေပြီးသည့်နောက်တွင် သူ့ဆရာအချိုးပြောင်းလာခြင်းဖြစ်သည်။

ယခုတော့ ဖော်ကြီးသည် သူငယ်ချင်းလည်းမရှိ ဆရာလည်းမရှိသဖြင့် ယခင်က ခပ်တန်းတန်းနေခဲ့သူများနှင့် ဝိုင်းဖွဲ့ကာသောက်စားရတော့၏။ သူတို့ဝိုင်းထဲတွင် ဟိုဘက်နေရောင်ကာရွာမှ ကာလ



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်လည်းပါသဖြင့် စကားကို ထိန်းပြောနေရ၏ သို့သော် ဤကား အစပိုင်းခဏပင်ဖြစ်ပါသည်။ တဖြည်းဖြည်းနှင့် သောက်ရင်းစားရင်း အရှိန်ရကာ ရေချိန်တော်တော်ကိုက်လာချိန်တွင်တော့ ဟေးလားဝါးလားနှင့် တစ်ယောက်ကိုတစ်ယောက် ခေါ်ပြော နှုတ်ဆက်ကာ ရင်းနှီးကျွမ်းဝင်လာကြတော့သည်။

"သောက်စမ်းပါ ... ကိုဇော်ကြီး ... ကျုပ်တို့နဲ့ ပျော်ပျော်ပါးပါးနေစမ်းပါ ... ကျုပ်တို့က ခင်ဗျားကိုလေးစားပြီးသားပါဗျ ... တပေါင်းလ ဘုရားပွဲတုန်းက တခြားရွာကလာပြီး ဖဲလိမ်ရိုက်တဲ့လူတွေကို ခင်ဗျားတို့ ဆော်ထုတ်လိုက်တာ အားရလွန်းလို့ဗျာ ... ခနိုပါတ်ရွာမှာ ဘယ်ဒီလိုလာလုပ်လို့ရမလဲ ... မဟုတ်ဘူးလား ... ပွဲကြီးရဲ့"

"အေးဟုတ်တယ် ... ဟုတ်တယ်"

ဤသို့ဖြင့် ဇော်ကြီးမှာ ရွာသားများထပ်ကာထပ်ကာထည့်ပေးကြသော ဖန်ခွက်ထဲမှ အရက်များကို အဆက်မပြတ်သောက်ရင်း မူးယစ်လာလေသည်။ ထန်းရည်မူးတော့ ကျွဲခိုးပေါ်ဟူသော စကားအတိုင်း မူလာသောအခါ ပါးစပ်ရှင်လာပြီး အထိန်းအချုပ်မရှိ သိသမျှ လျှောက်ပြောတော့သည်။

"ငါတို့ဆရာ စိုးကြီးဟာ ... တချို့နေရာတွေမှာတော်သလောက် ... အချို့နေရာတွေမှာ ညံ့တယ်ကွ ... အေ့"

"ကိုဇော်ကြီးကလည်းဗျာ ... မရှင်းမရှင်းနဲ့ သေသေချာချာပြောပါဗျ ... ဘယ်နေရာမှတော်လို့ ဘယ်နေရာမှညံ့တာလဲ"

"ဟော့ကောင်တွေ မင်းတို့ မြသက်လေး ဘာဖြစ်လို့သေတာလဲ သိကြလား"





"တို့ရွာက မြသက်ကိုပြောတာလား ... ရှင်းရှင်းလေးပဲ ... သူ ရည်းစားနဲ့မပေါင်းရဘဲ ခွဲထားခံရလို့ သူ့ကိုယ်သူ ကြိုးဆွဲချပြီး သတ်သေသွားတာပေါ့ ကိုဇော်ကြီးရဲ့ ..."

"ဟား ဟား ဟား ဟား ... မင်းတို့မှားနေပြီ ... မင်းတို့မှားနေပြီ ... အဲဒါကြောင့် ငါ့ဆရာစိုးကြီး တော်တယ်လို့ပြောတာ ... အမှန်က ဒီလိုမဟုတ်ဘူးကွ ..."

အရက်ဝိုင်းမှ လူများမှာ အံ့သြသွားသော မျက်နှာများနှင့်။

"ဒါဆို ဘယ်လိုဖြစ်တာလဲဗျ ... ကိုဇော်ကြီးပြောပြမှပဲ သိရမှာပဲ ..."

"အေး ... အဲဒီညက ဆရာစိုးကြီးက ငါနဲ့မဲလုံးကို အိမ်အောက်မှာစောင့်နေလို့မှာပြီး ကောင်မလေးအခန်းကိုဝင်ဖို့ သွားတယ်ကွ ... ငါတို့လည်း ပွဲကြီးပွဲကောင်တော့ ကြည့်ရပြီဆိုပြီး ကောင်မလေး အခန်းကိုကာထားတဲ့ ပျဉ်ကြားကနေ အထဲကိုချောင်းကြည့်ကြတာပေါ့ ..."

"ဇာတ်လမ်းကောင်းလာပြီ ... ဆက်ပြောစမ်းပါဦးဗျာ ... ရော့တစ်ခွက်လောက် ထပ်ချလိုက်ဦး ..."

"တို့ကြည့်နေတဲ့ အချိန်မှာပဲ ဆရာစိုးကြီးက အခန်းထဲကို ခိုးကြောင်ခိုးဝှက်ဝင်လာပြီး တံခါးကို ပြန်ပိတ်လိုက်တယ်ကွ ... အဲဒီအချိန်မှာ ကောင်မလေးက ခပ်စောင်းစောင်းလေးလှဲပြီး အိပ်ပျော်နေတယ် ... ငါတို့ဘက်ကိုလှည့်ထားတဲ့ တင်သားကြီးတွေဟာ အိစက်နေတော့ ဆရာစိုးကြီးတော့ ဘယ်လိုနေမယ်မသိဘူး ... အပြင်



www.burmeseclassic.com

www.burmeseclassic.com



က ချောင်းကြည့်နေတဲ့ မဲလုံးနဲ့ငါတောင် စိတ်ကိုအတော်ထိန်းထား ရတယ်တော့ ... ဆရာစိုးလည်း မချင့်မရဲဖြစ်လာပြီး ကောင်မလေး ကို အတင်းဝင်ပြီး မဟားဒယားလုပ်တော့တယ် ... ”

“အဲဒီတော့ ဟိုကိစ္စအောင်မြင်သွားရောလား ... ဒါကြောင့် ကောင်မလေးကရှက်ပြီး ကိုယ့်ကိုယ်သတ်သေသွားတာကိုး ... ”

“အာ ... မင်းတို့ကလည်း အရမ်းလျှောက်ပြောတော့မယ် ငါ့ဆရာညွှံ့တယ်ဆိုတာ အဲဒါပြောတာကွ ... နှစ်ယောက်ချင်းအခန်း ထဲမှာ အပိုင်တွေ့တာတောင် ဆရာစိုးကြီးက နိုင်နင်းအောင် မကိုင် တွယ်နိုင်ဘူး ... ထို ... ဖော်ကြီးတို့နဲ့ နေရာချင်းလဲလိုက်ချင်တယ်”

“ဟင် ... ဘယ်လိုဖြစ်ကုန်လို့လဲ ... ”

“ကောင်မလေးက ရုန်းကန်ပြီးအော်တာကိုးကွ ... အဲဒီမှာ ဆရာစိုးကြီးက လူသိကုန်မှာစိုးတာနဲ့ ... ကောင်မလေးမျက်နှာကို ခေါင်းအုံးနဲ့ဖိလိုက်တာ လက်လွန်ပြီး သေပါလေရောဟ ... ”

“ဟင် ... ဒါဆို မြသက်ကို စိုးကြီးက သတ်လိုက်တာပေါ့”

“ဟင် ငါဘာတွေလျှောက်ပြောမိပါလိမ့် ... ဟေ့ကောင်တွေ ဒါတွေ တကယ်မဟုတ်ဘူးနော် ... သူများတွေကိုလျှောက်ပြော မနေနဲ့ ... ဟိုပြောဒီပြော ပြောလို့ကတော့ ငါ့လက်ချက်နဲ့ မင်းတို့ သေပြီသာမှတ်တော့ ... ”

ဖော်ကြီး အရက်ဝိုင်းမှထတော့ ညနေမှောင်ရီသရောအချိန် ရှိပြီဖြစ်သည်။ အရက်ဆိုင်က ရွာအပြင် ခနိတောအစပ်မှာရှိသည်မို့ ရွာထဲသို့ အပြန်ခရီးမှာ ရေစပ်စပ်နှင့် ခနိပင်များကိုဖြတ်၍ လျှောက်





လာခဲ့သည်။ အဖော်မပါ တစ်ယောက်တည်းလျှောက်ပြန်လာ ခြင်းဖြစ်ပါသည်။ ခနိတန်းဆုံးတော့ လယ်ကွက်တစ်ကွက်ကိုဖြတ်ရ သည်။ လယ်ကွက်မှ စပါးများသည် ရင့်မှည့်သဖြင့် အဝါရောင်ဖြစ်နေ သည်။ သူသည် ခပ်သွက်သွက်လျှောက်လာရင်းမှ ခြေသံလိုလို ကြားရသဖြင့် ခြေလှမ်းကိုရပ်ကာ နားစွင့်သည်။ သူရပ်လိုက်သော အခါ ခြေသံမှာရပ်သွားသည်။ သူခြေလှမ်းလိုက်သောအခါ သူ့နောက် ဘက် ဝါးတစ်ရိုက်ခန့်မှ ခြေသံတရှပ်ရှပ်ကိုကြားရပြန်သည်။

သူခေါင်းနားပန်းကြီးသွားသည်။

ငါတောချောက်ခံရပြီလား။

မကောင်းဆိုးဝါး ငါ့နောက်ကလိုက်လာတာလား။ စိုးရိမ်စိတ် နှင့် နောက်လှည့်ကြည့်သောအခါ ခပ်လှမ်းလှမ်း သစ်ပင်အောင်၌ မြသက်ကိုတွေ့ရ၏။ မြသက်က ကြိုးကွင်းတစ်ခုကို လက်မှကိုင်ကာ သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေ၏။ ထိတ်လန့်စိတ်နှင့်အတူ မဖြစ် ဘူးဟူသော အသိဖြင့် မျက်စိကိုမှိတ်၍ ပြန်ဖွင့်ကြည့်လိုက်သည်။

သစ်ပင်အောက်၌ ဘယ်သူမှမရှိတော့ချေ။

သူအရက်မူးလွန်သဖြင့် ထင်မိထင်ရာတွေ မြင်နေသလား သိတော့ပေ။ သို့သော် သူ့ကိုချောက်လှန့်နေသော အရာကို မမြင်ရ သော်လည်း သူ့နှာခေါင်းထဲဝယ် အပုပ်နံ့တထောင်းထောင်း ထလာ သည်။ နဂိုကမရပါပဲ ယခုမှ ထောင်းခနဲထလာသော အပုပ်နံ့ကြောင့် နေရာမှ သူပြေးထွက်လာမိသည်။ လယ်ကွင်းကိုဖြတ်၍ သူပြေးလာ ... တိုက်ဆိုင်သည်လား။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးပြုလုပ်လာခဲ့သော အကုသိုလ်ကံအကျိုးပေး သည်လားမသိ။

လယ်ကွင်းကို ဖြတ်ပြေးလာသော ဖော်ကြီးခြေထောက်တွင် မူခနဲဖြစ်သွား၏။

"အား"

ငုံ့ကြည့်လိုက်သောအခါ သူ့ခြေထောက်အနီးဝယ် မြွေဟောက် ကြီးတစ်ကောင်ကိုတွေ့ရ၏။ သူ့ကိုပိုးထိလေပြီ။

"လာကြပါဦးဗျ ... ကျွန်တော့်ကို ပိုးထိလို့ ... ကယ်ပါဦး"

အော်ဟစ်အကူအညီတောင်းသံကြောင့် လယ်စောင့်တဲထဲမှ အမျိုးသားတစ်ဦးထွက်လာ၏။

"ဟာ ... ကိုဖော်ကြီး ဘာဖြစ်လို့လဲ ... "

"ငါ ... ငါ့ကို ပိုးထိသွားတယ် ... "

"ဟုတ်လား ... ဒါဆို ဒီမှာခဏထိုင်နေ ... ကျွန်တော် ရွာထဲ ကိုသွားပြီး အကူအညီခေါ်လိုက်မယ် ... "

ကောင်လေးက သူ့ကိုထားခဲ့ပြီး ဒုန်းစိုင်းပြေးထွက်သွား သည်။ မြွေဆိပ်က သူ့တစ်ကိုယ်လုံးကို လျင်မြန်စွာပျံ့နှံ့နေသည်။ အသိအာရုံများ တဖြည်းဖြည်းနှင့် ဝေဝါးနေ၏။ သူ့မျက်လုံးတို့ ပြာဝေလာသည်။ အာခေါင်ခြောက်ကာ မူးဝေလာ၏။ မျက်စိက မမြင်ရတော့။

သူ့အမြင်အာရုံထဲမှာ မတ်တတ်ရပ်၍ ကြည့်နေသော မြသက် ကို မြင်သည်။ သူ့နံဘေးတွင်ရပ်ကာ ကြည့်နေသော ကွယ်လွန်သူ သူ့ငယ်ချင်း မဲလုံးကိုတွေ့ရသည်။





မဲလုံးက သူ့ကိုလက်ဆွဲထူရန် လက်ကမ်းလိုက်၏။

လဲနေရာမှ မဲလုံးလက်ကို သူလှမ်းကိုင်လိုက်သည်။

ထို့နောက် အမှောင်ထဲသို့ သူပြုတ်ကျသွား၏။

ရွာသားများရောက်လာသောအခါ ဖော်ကြီးမှာ အသက်မရှိ တော့။ မျက်လုံးပွင့်ကာ ပါးစပ်ဟပြီး လက်တစ်ဖက်ကို ဘေးသို့ကား ကာ အသက်ပျောက်နေသည်ကို တွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်တစ်ယောက်တည်း သူ့တဲရှေ့၌ ထိုင်၍ တယောထိုးနေစဉ် ရွှေရည်၊ မမြခက်၊ အေးမောင်ကြီးနှင့် ဖိုးထူးတို့ ရောက်ချလာ၏။ တယောမထိုးရဘဲ မနေနိုင်သဖြင့် ဘုန်းကြီးကျောင်းမှ ပြန်ယူထားခြင်းဖြစ်သည်။

"လာကြကွ ... လေးယောက်တောင် လူစုံတက်စုံပါလား"

"ခအေးကွ ... မင်းကို စိတ်မချလို့ တို့လိုက်လာခဲ့တာ ... "

"ဘာကို စိတ်မချရတာလဲ ... ဖိုးထူးရ ... "

ဖိုးထူးက ရွှေရည်ဘက်သို့ လှမ်းကြည့်၏။ ရွှေရည်က။

"ဒီလို ရဲမာန်ရဲ့ ... မနေ့ကဘဲ ဟိုဘက်ရွာက ဖော်ကြီးဆိုတဲ့ကောင် ပိုးထိပြီးဆုံးသွားတယ် ... "

"ဖော်ကြီးဆိုတာ ဘယ်သူလဲ ... "





"ဖော်ကြီးဆိုတာ ... စိုးကြီးတပည့်နှစ်ယောက်ထဲက တစ်ယောက်ပဲ ... မလုံးဆိုတဲ့ တပည့်တစ်ယောက်လည်း နွားခိုးရင်း ချော်လဲလို့ ရင်ဘတ်ကိုငုတ်စူးပြီး သေပါလေရောလား ... တစ်ယောက်နဲ့ တစ်ယောက် ခုနစ်ရက်ပဲခြားတယ် ... ရှေ့ဆင့်နောက်ဆင့် သေကြတာ"

"သူ့အကုသိုလ်နဲ့ သူပေါ့ကွာ ... "

"ဒါတော့ ဒါပေါ့ကွာ ... ဒါပေမဲ့ လူဆိုတာ ကံနိမ့်နေကြတဲ့ အချိန်မှာ ဘာမဆိုဖြစ်နိုင်ကြတယ်မို့လား ... မင်းကလည်း ရွာအပြင်မှာ တစ်ယောက်တည်းဆိုတော့ ... အရေးဟယ်အကြောင်းရယ်ရှိရင် အကာအကွယ်ရအောင် တို့က ကူညီရအောင်လာတာပါ ... "

ထိုအခါ ရွှေရည်က ...

"ရဲမာန် ... နင် ဘုန်းဘုန်း တို့ကိုချီးမြှင့်ခဲ့တဲ့ အန္တရာယ်ကင်းဆေး တံဆိပ်တော်တွေ မှတ်မိသေးတယ်မို့လား ... "

"အေးမှတ်မိသားဘဲ ... ငါတောင် အိပ်ရာက ခေါင်းအုံးအောက်မှာ အမြဲထားအိပ်တာပဲ ... "

"ဘုန်းဘုန်းပြောသလို အိမ်ခြံတိုင်လေးတိုင် မြင့်မြင့်မှာ မြှုပ်ရမယ်တဲ့ ... အဲဒါ ကိုအေးမောင်ကြီးက တစ်ကြောင်းဆွဲ ... အန္တရာယ်ကင်းဂါထာတွေ ထပ်ယူလာတယ် ... နင့်အိမ်ခြံတိုင်မှာ တို့တပ်ပေးမလို့လာတာ ... "

"အော် အေးအေး ... ကောင်းသားပဲ ... ဒါနဲ့ဖိုးထူး မင်းလက်ထဲက ဘာလဲဟ ... "



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထူက သူ့လက်ထဲတွင် ကိုင်ထားသော သံချောင်းကြီးကို မြှောက်ပြ၍ ...

"ဒါက ရပ်ကွက်မီးကင်းတဲတွေမှာသုံးတဲ့ သံချောင်းနဲ့ ရိုက်တာလေ ... ငါမနည်းရှာလာရတာ ..."

"အဲဒါက ဘာအတွက်လဲကွ ..."

"ဘာအတွက်ရမှာလဲ ... မင်းမှာအရေးအကြောင်းရှိရင် အဲဒီသံချောင်းကိုခေါက်လိုက် ... အသံကြားရင် ငါတို့ပြေးလာခဲ့မယ် ... မြို့မှာဆိုရင်တော့ ဟာမာန်းဖုန်းနဲ့လှမ်းခေါ်တာပေါ့ကွာ ... တို့တောမှာတော့ သံချောင်းခေါက်ပြီး အချက်ပေးရတာပေါ့ ..."

"နေပါဦး ... မင်းတို့ဘာဖြစ်လို့ ဒါတွေကိုလုပ်နေကြတာတုန်း"

"ဘာရယ်တော့ မဟုတ်ပါဘူးကွ ... လိုလိုမယ်မယ်ပေါ့ ... ရွှေရည်က မင်းအတွက် စိုးရိမ်လို့ တို့ကိုတိုင်ပင်တာနဲ့ အားလုံးက ကောင်းမယ်ထင်လို့ စီစဉ်တာပါ ..."

"ကျေးဇူးတင်ပါတယ်ကွာ ... ငါဘာမှမဖြစ်နိုင်ပါဘူး ... ဒီတဲမှာနေတာလည်း ကြာပါပြီ ..."

မမြခက်သည် လေးနက်သော မျက်နှာထားဖြင့်

"မောင်ရဲမာန် ယုံမလားတော့မသိဘူး ... မနေ့က ညီမလေး မြသက် အစ်မတို့ကို လာကိုယ်ထင်ပြတယ် ..."

"မင်းကလည်း လာခြောက်တယ်လို့ပြောစမ်းပါ ..."

ဟု ကိုအေးမောင်က ဖြည့်စွက်သည်။ မနေ့က အဖြစ်အပျက်





ကို ကိုအေးမောင်ထိတ်လန့်တုန်လှုပ်စွာ သတိရနေသေးသည်။ သူတို့အိမ်နောက်ဖေးတွင် ချောင်းကလေးက ရစ်ကာခွေကာ စီးဆင်းနေသည်။ ထိုနေရာသည် သူတို့ခြံဝိုင်းနောက်မှာရှိပြီး သစ်ပင်ဝါးပင်များ ပေါက်ရောက်ကာ အနည်းငယ်လှုပြတ်သည်။

ညနေဘက်တွင် သူတို့လင်မယားနှစ်ယောက်သည် ထုံးစံအတိုင်း ချောင်းထဲဝယ် ရေချိုးနေကြ၏။ ချောင်းထဲတွင် ရေချိုးသည်ဆိုသော်လည်း ခါးလောက်နက်နေသော နေရာတွင်ရပ်၍ ရေခွက်နှင့်ခပ်ကာ ရေချိုးခြင်း၊ ဆပ်ပြာတိုက်ခြင်းတို့ကို ပြုလုပ်နေခြင်းဖြစ်သည်။ ထိုစဉ်တွင် လေတစ်ချက်ဝှေ့တိုက်လိုက်ပြီး သစ်ပင်ပေါ်မှငှက်များ ရုတ်တရက်ထပျံသွား၏။

"ရာသီဥတုက တစ်မျိုးကြီးတော့ ... ဘယ်လိုဖြစ်တာလဲမသိဘူး ..."

ဟု မြခက်က ပြောလိုက်သည် ... ။ ကိုအေးမောင်ကြီးမှာ ချောင်းကမ်းပါးသို့ ကြည့်လိုက်သောအခါ ကြက်သေသေသွား၏။ အကြောင်းမှာ ဘယ်တုန်းကရောက်လာမှန်းမသိဘဲ မြသက်သည် ချောင်းကမ်းပါးတွင်ရပ်ကာ သူတို့နှစ်ဦးကို ကြည့်နေ၍ ဖြစ်ပါသည်။ ခက်သည် ကျောပေးထားသဖြင့် သူ့ညီမကိုမမြင် မျက်နှာချင်းဆိုင်ခိုင်ဖြစ်နေသော ကိုအေးမောင်ကြီးမှာ ကြောက်လွန်းသဖြင့် စကားပြောနိုင်ဘဲ လုပ်မိလုပ်ရာ ရေများကို ခွက်ဖြင့်တဗွမ်းဗွမ်းခပ်ကာ သူ့ကိုယ်ပေါ်သို့ လောင်းချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ မ မ မ မြ မြခက် ခက် ... ဟို ... ဟို ... ဟိုမှာ ... နောက် ... နောက် ... နောက် ... မှာ ..."

မမြခက်က သူ့လင်တော်မောင်ကိုကြည့်ကာ အံ့သြနေသည် ထို့ကြောင့် ကိုအေးမောင်ကြည့်ရာသို့ ခေါင်းကိုလှည့်၍ နောက်ပြန်ကြည့်လိုက်သည်။

ဤတွင် ကမ်းပါးပေါ်တွင်ရပ်နေသော မြသက်ကိုတွေ့ရ၏။ ညီမချင်းမို့ သူမကြောက်နိုင်။

"ညီမလေး ..."

ဟုအော်ကာ ရေထဲမှတက်၍ သူ့ညီမကို ပြေးဖက်သည်။ သို့သော် လေကိုသာဖက်မိပြီး မြသက်အရိပ်မှာ ပျောက်ကွယ်သွားတော့သည်။

"အဲဒါပါပဲ ရဲမာန်ရယ် ... တို့လည်း ဘယ်လိုအဓိပ္ပါယ်ကောက်ရမှန်းတောင် မသိတော့ပါဘူး ..."

"ကောင်းရာမွန်ရာရောက်တော့မှာမို့ လာနှုတ်ဆက်တာများလားမသိဘူး"

ဟု ရွှေရည်က ချင့်ချင့်ချိန်ချိန်ဆိုသည်။

"အေးဟုတ်တယ် ... ဒါလည်းဖြစ်နိုင်တယ် ... ဒီတော့ ဒီနေ့ကစပြီး ... ဘုန်းကြီးကျောင်းကို နေ့တိုင်းဆွမ်းချိုင့်ပို့ပြီး ကုသိုလ်ကောင်းမှုကို ညီမလေးအတွက် အမျှဝေမယ် ... ညီမလေး မကျွတ်လွတ်မချင်း နေ့တိုင်းလုပ်ကြမယ် ..."

"ကောင်းပါတယ် ..."





ဟု ရဲမာန်ဖြေလိုက်သည်။ သူ့စိတ်ထဲတွင် ဘဝခြားသွားသော ချစ်သူကို ကောင်းရာမွန်ရာဘုံဘဝသို့ အမြန်ဆုံးရောက်စေချင်လှပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးတစ်ယောက် သွေးပျက်ထိတ်လန့်မှုက အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့ချေပြီ။ ခုနစ်ရက်အတွင်းမှာပင် သူ၏ အရင်းနှီးဆုံး တပည့်နှစ်ဦး ရှုတ်တရက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခြင်းအတွက် သူ့မှာ နေမထိထိုင်မသာဖြစ်နေတော့၏။

ဘာကြောင့်လဲ။

ဘာ့ကြောင့် မဲလုံးနဲ့ ဖော်ကြီးမှရွေးပြီ သေရတာလဲ ... ဟူသော အဖြေကို သူအပြန်ပြန်အလှန်လှန်စဉ်းစားသည်။ ဒါတိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတာလား ... ဒါမှမဟုတ် ကံကြမ္မာကအကွက်ချစီစဉ်ထားတာလား ... တိုက်ဆိုင်မှုသက်သက်မဟုတ်ဘူးဆိုလျှင် တတိယမြောက် ကံဆိုးသူမှာ သူပဲဖြစ်လာပေတော့မည်။ အဘယ့်ကြောင့်ဆိုသော် မကောင်းမှု အကုသိုလ်များကို ကျူးလွန်ရာတွင် သူတို့ဆရာတပည့်သုံးယောက်သည် အမြဲတမ်းအတူတကွ တက်ညီလက်





ညီရှိခဲ့ကြသည်။ မြသက်ကိစ္စတွင်လည်း တကယ်တမ်းပြောရလျှင် တပည့်များ မြှောက်ပင့်သွေးထိုးမှုကြောင့် သူမှုးမှူးရှူးရှူးနှင့် စွပ်လုပ်မိခဲ့ရာမှ ဤမျှအထိ အခြေအနေဆိုးသွားခဲ့ရခြင်းဖြစ်သည်။ ယခုမှတော့ လွန်ခဲ့ပြီးဖြစ်၍ ပြင်၍မရတော့။ တပည့်နှစ်ယောက်လည်း အသေဆိုးနှင့်သေခဲ့လေပြီ။ ရွာထဲမှာ ကောလဟလပြောနေကြသည်ကတော့ ကွယ်လွန်သူ မြသက်ဝိညာဉ်က အခဲမကြေဘဲ လိုက်လံနှောင့်နေသည်တဲ့။ မြသက်သေရတာလည်း သွေးရိုးသားရိုးမှ ဟုတ်ပါလေစဟု ဟိုကဒီက ဝေဖန်သံအချို့ ထွက်လာကြသည်ဟုလည်း ကြားသည်။ ဤကောလဟလ ကျယ်ပြန့်လာ၍မဖြစ် သူ့အဖေ ရွာလူကြီးမို့ သူ့ကိုအရေးမယူသော်လည်း ဒီကိစ္စ မြို့ရဲစခန်းသို့ သတင်းပေါက်သွားလျှင် စစ်လားဆေးလားဖြင့် ပြဿနာတွေရှုပ်လာနိုင်သည်။ တကယ်တော့ ဤအမှုမှာ အဓိက မျက်မြင်သက်သေဖြစ်သော မဲလုံးနှင့် ဖော်ကြီးလည်းမရှိတော့။ မြသက်ကလည်း တမလွန်ကလာ၍ အစစ်ခံနိုင်မည်မဟုတ်တာချာသည်။ တကယ်တော့ ... မြသက် မကျွတ်မလွတ်တာ သူ့ကြောင့်မဟုတ်။ ဟိုဘက်ရွာမှ ရဲမာန်ဆိုသော ကောင်ကိုစိတ်စွဲ၍ မကျွတ်လွတ်ခြင်းဖြစ်သည်ဟု သူထင်သည်။ အကယ်၍ မြသက်သာ ကျွတ်ရာလွတ်ရာ ဘုံဘဝသို့ ရောက်သွားလျှင် သူ့ကိုလည်း နှောင့်ယှက်မည်မဟုတ်။ သူကျူးလွန်ခဲ့သောအမှုလည်း ဘယ်တော့မှပေါ်မှာမဟုတ်တော့။ မြသက်သည် ရဲမာန်ကို တွယ်တာနေရှာသည်။ အကယ်၍ ရဲမာန် လူ့ပြည်မှာမရှိတော့ဘူးဆိုလျှင် မြသက်လည်း သူတို့ရွာကို လာစရာမလိုတော့။ ဘဝလည်လည်ဖြစ်နေမည်မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းပြောရလျှင် ဟိုဘက်ရွာမှ ရွှေရည်သည် ... မြသက်ထက် ချောလှပေသည်။ ခက်သည်မှာ မြသက်နှင့် သူ့ဖခင် လမ်းတွင် ရဲမာန်သည် ကြားမှဝင်၍ အနှောင့်အယှက်သဖွယ် ရှိနေ သလို ရွှေရည်ကို လိုချင်၍ လူကြီးမှတဆင့် တောင်းခိုင်းသော်လည်း တိကျရေရာသော အဖြေမရခဲ့။ သည်ကြားထဲ ရွှေရည်ဆိုသော မိန်း ကလေးက ရဲမာန်နှင့် တတွဲတွဲလုပ်နေကြပြန်သည်။ အရင်းစစ်လျှင် သူ့အသည်းကွဲ၊ အရှက်ကွဲရသော ပြဿနာ၏ ဇစ်မြစ်တရားခံအစ မှာ ရဲမာန်သာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဤရွာမှ အရှက်ကွဲခံ၊ လူတကာ၏ မေးငေါ့ ကာ နေနေမည့်အစား ရွှေရည်ကို ခိုးပြေးကာ တစ်ရွာမပြောင်းသ ကောင်းမဖြစ်ဆိုသလို ထွက်သွားရလျှင်ကောင်းပေမည်။ တစ်လ စတည်း ရဲမာန်ကို အပြတ်ရှင်းခဲ့နိုင်လျှင် ပိုကောင်းလိမ့်မည်။ မြသ ကို သတ်ခဲ့သလို ရဲမာန်ကိုလည်း အဆုံးစီရင်ပြီး သူ့ဘာသာသေ သည့် ... ပုံစံလုပ်ရလျှင် ဘယ်သူကမှ သူ့ကို သင်္ကာမကင်းရှိ မဟုတ်တော့ဟု စဉ်းစားလိုက်သည်။

စိုးကြီးသည် တစ်ချက်ခုတ်နှစ်ချက်ပြတ် သူ့အကြံအစည် ဝမ်းသာကာ ဟက်ဟက်ပက်ပက်ရယ်လိုက်တော့၏။





ဒုရဲအုပ် သက်ဦးသည် အမာခံသတင်းပေးတစ်ယောက်၏ ဟာရေတက်တိုင်ကြားချက်ကို နားထောင်နေ၏။

"ဒီလူသေမှုဟာ မသင်္ကာစရာကောင်းပါတယ် ... မြသက် ဟာ သူ့ကိုယ်သူ သတ်သေတာမဟုတ်ဘူး ... စိုးကြီးလက်ချက်နဲ့ သေရတာလို့ စိုးကြီးရဲ့တပည့် ဖော်ကြီးကိုယ်တိုင် မသေခင်က ပြောသွားခဲ့တာကို ကြားလိုက်တဲ့ လူတော်တော်များများသက် သေရှိပါတယ်"

"အင်း ... ဒီအတိုင်းဆို ဒီကိစ္စဟာ တော်တော်မသင်္ကာစရာ ကောင်းနေပြီ ... ဒါပေမဲ့ မျက်မြင်သက်သေ ဖော်ကြီးနဲ့မဲလုံးကသေ ပြီဆိုတော့ ... တော်တော်တော့ စွပ်စွဲရခက်မဲ့ ကိစ္စပဲ ... ဆရာ ကောင်ကြည်စိုး ..."

"ရှိပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဆရာကြီးဦးဆောင်ပြီး ရွာကိုလိုက်သွားပါ _ ရွာလူကြီးသား စိုးကြီးကို စစ်မေးစရာရှိလို့ စခန်းကိုခေါ်ခဲ့ပါ _ မြသက်ရဲ့ အိမ်ကိုလည်းဝင်ပြီး သဲလွန်စရလိုရငြား ... သတင်းမေး ခဲ့ပါဦး ... "

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး ... "





သာယာသောညနေခင်းတစ်ခုဖြစ်သည်။ ချိုအီအေးမြသော တယောသံသည် ပတ်ဝန်းကျင်အနှံ့ကို ပျံ့နှံ့လျက် လေထဲတွင် မျော လွင့်နေတော့၏။ ရဲမာန်သည် ထုံးစံအတိုင်း တဲကလေးထဲတွင် တယောတစ်လက်ဖြင့် အပန်းဖြေနေ၏။ သူ့စိတ်ထဲတွင် မြသက်ကို သတိရနေ၏။ ဘဝချင်းခြားသွားသော ချစ်သူကို နောက်ဆုံးနှုတ် ဆက်ခြင်းဖြင့် တယောထိုးနေခြင်းဖြစ်သည်။ ဤနေ့မှစ၍ မြသက် ဘွတ်ရာလွတ်ရာသို့ မရောက်မချင်း နောက်ထပ်တယောမထိုးတော့ မှု ဆုံးဖြတ်ထားသည်။ ယနေ့တွင်တော့ မြသက် အလွန်ကြိုက်သော သီချင်းတစ်ပုဒ်ကို သာသာညှင်းညှင်း လွမ်းလွမ်းဆွတ်ဆွတ်ထိုးနေ ခြင်းဖြစ်ပါသည်။

အေးချမ်းငြိမ်သက်စွာ အနားယူနေသော ရဲမာန်မှာ... အန္တရာယ်တစ်ခုအနားသို့ ချဉ်းကပ်လာသည်ကို သတိမထားမိ။



www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချောင်းက သူ့ဇက်ပိုးကိုထောက်လိုက်သောအခါမှ မျက်စိ မှိတ်၍ တယောထိုးနေရာမှ ရပ်၍ မျက်စိကိုဖွင့်ကြည့်လိုက်သည်။ စိုးကြီးက ဓားရှည်တစ်လက်ကိုကိုင်၍ ရဲမာန်၏ဂုတ်ပေါ်သို့ မိုးထားသည်ကိုတွေ့ရ၏။

"ဟဲ ဟဲ ဟဲ လန့်သွားသလား တယောဆရာကြီး ..."

"ဒါဘာသဘောလဲ စိုးကြီး ..."

"ဘာသဘောမှမဟုတ်ပါဘူးကွာ ... မြသက်က မင်းတယောထိုးသံကို သိပ်ကြိုက်လို့ နားထောင်ချင်လို့တဲ့ ... အဲဒါ မင်းကို မြသက်ဆီပို့ပြီး ဖျော်ဖြေခိုင်းမလို့ ..."

စိုးကြီး၏ အရိပ်အခြေအနေမမှန်တာ ရဲမာန်သတိထားမိသည်။ စိုးကြီးသည် သူ့ထံသို့ ကောင်းသောလာခြင်းဖြင့် လာတာ မဖြစ်နိုင်။ အန္တရာယ်ရနံ့သည် သူ့ကိုအထပ်ထပ်သတိပေးနေ၏။

ရဲမာန်သည် ခေါင်းကို ငုံ့ထားရာမှ ရုတ်တရက် တယောကိုင်ထားသော လက်ဖြင့် ဓားကိုင်ထားသော စိုးကြီးလက်ကောက်ဝတ်ကို ရိုက်ချလိုက်သည်။

"ဒုတ် ..."

"အား ..."

စိုးကြီးလက်ထဲမှ ဓားလွတ်ကျသွားသည်။ ရဲမာန် ရုတ်တရက်ထကာ သူ၏ အားပါလှသော လက်သီးနှင့် စိုးကြီးပါးချိတ်ကို မိတ်ဆက်ပေးလိုက်လေရာ၊ စိုးကြီးသည် မြင်းကန်ခံရသည့်နှယ် တဲထောင့်သို့ ဝုန်းခနဲလွင့်ကျသွား၏။ သို့သော် စိုးကြီးသည် လဲကျသွားရာမှ ချက်ချင်းပြန်ထလာပြီး တစ်ရှိန်ထိုးပြေးဝင်ရန် ဟန်ပြင်နေရာ





အသင့်ပြင်ဆင်ထားသော ရဲမာန်က ခြေနှစ်ဖက်ကို ခွဲ၍ ကိုယ်ကို ရှေ့သို့ ခပ်ကိုင်းကိုင်းပြုကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် စောင့်ကြိုနေသောကြောင့် ချက်ချင်းအရမ်းကာရောမဝင်ဝံ့ဘဲ ကျားရဲကာ သားကောင်ကိုချောင်းသည့်ပမာ လှည့်ပတ်၍ ချောင်းနေတော့သည်။

ငင်းနောက် စိုးကြီးက တအားပြေးဝင်၍ သူ၏ ဦးခေါင်းဖြင့် ရဲမာန်၏ ရင်ဘတ်ကို ဆောင့်လိုက်ရာ နှစ်ယောက်သားလုံးထွေးကာ တဲပေါ်မှ မြေကြီးပေါ်သို့ ကျသွားလေ၏။ ထိုသို့ မြေကြီးပေါ်သို့ ကျသွားသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် အထက်စီးမှ နေရာယူလျက် လူးလိမ့်ကာ မြေပေါ်၌ နပမ်းလုံးနေကြတော့သည်။ တစ်ချိန်တွင် လူးရင်းလိမ့်ရင်း လွတ်ကျနေသော ဓားကိုတွေ့၍ နှစ်ယောက်သား ပြိုင်တူပြေးကောက်ကြရာ ဓားကို သူ့ဘက်ကိုယ့်ဘက်ဆွဲကြသည်တွင် အရှိန်လွန်၍ စိုးကြီးလက်မောင်းကို ဓားထိသွား၏။ စိုးကြီးသည် လက်ကိုဓားရှပ်ထိသွားသဖြင့် ဓားကိုလွှတ်ချကာ အိမ်ရှေ့သို့ ပြေးထွက်သွား၏။ ရဲမာန်က ဓားကိုကောက်ယူလိုက်သည်။

သို့သော် ကံကြမ္မာက စိုးကြီးဘက်တွင် ရှိနေသကဲ့သို့ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် တိုင်ဆိုင်စွာပင် ထိုအချိန်၌ သူတို့ ရှိရာသို့ ရွှေရည်တစ်ယောက် ရောက်လာသောကြောင့်ဖြစ်သည်။ အမှန်တော့ စိုးကြီးသည် သူ၏ ရွာခံအသိတစ်ယောက်မှတဆင့် ရွှေရည်ကို ရဲမာန်ခေါ်ခိုင်းလိုက်သယောင် ညာ၍ ခေါ်ခိုင်းခဲ့ခြင်းဖြစ်သည်။ စိုးရိမ်စိတ်ဖြင့် ရွှေရည်က တစ်ယောက်တည်း ချက်ချင်းထလိုက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင် ရောက်နေသော စိုးကြီးက ရွှေရည်ကိုမြင်သည်နှင့် နောက်မှသိုင်း၍ ရွှေရည့်လည်ပင်းကို တတောင်ဆစ်ဖြင့် ညှပ်ထား ရဲမာန်အား အကြပ်ကိုင်တော့သည်။

"ဟေ့ကောင် ... မင်းလက်ထဲက ဓားချလိုက်စမ်း ... မချရင် မင်းကောင်မ ရွှေရည်ကို သတ်ပစ်မယ်"

"ဟေ့ကောင် မဆိုင်တဲ့လူကို ဆွဲမထည့်နဲ့ ... မင်းယောက်ျား မဟုတ်ဘူးလား ..."

"အပိုတွေပြောမနေနဲ့ ... ဟေ့ကောင် ... ငါတစ်ကနေ ... တစ်ဆယ်အထိရေမယ် ... တစ်ဆယ်ပြည့်လို့မှ မင်းလက်ကဓားကို မချရင် ရွှေရည် သေပြီသာမှတ်တော့ ..."

"တစ် ..."

"နှစ် ..."

"သုံး ..."

"အစ်ကိုရဲမာန် ... ဓားကိုမချနဲ့ ... ရွှေရည်သေချင်သေပစေ ဒီလူယုတ်မာကို အညံ့မခံနဲ့ ..."

"လေး ..."

"ငါး ..."

"ခြောက် ..."

"ခုနစ် ..."

"ရှစ် ..."

"ကိုး ..."





ရဲမာန်က တောက်တစ်ချက်ခေါက်ကာ လက်ထဲက ဓားကို လွှတ်ချလိုက်၏။

"အေး ဟုတ်ပြီ ... အဲဒီလိုလိမ္မာမှပေါ့ ... ဒီလိုဆိုတော့လည်း ... နင့်ကောင်က နင့်ကိုချစ်သားပဲဟဲ့ ... ရွှေရည် ... ကဲဓားကို ဓားဦးဘက်ကိုင်ပြီး ... ငါ့ရှေ့ပစ်လိုက်စမ်း ..."

"ကောင်းပြီ ... မင်းအဲဒီကုလားထိုင်ပေါ်မှာ ငါ့ကိုကျောပေးပြီးထိုင် ..."

ရဲမာန်က ချီတုံချတုံဖြစ်နေပြီးမှ ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ ဝင်ထိုင်၏။

"သိပ်လည်းမကြောက်ပါနဲ့ကွ ... ကျောပေးထားတဲ့ သူကို ငါက ဓားနဲ့မခုတ်ပါဘူး ... ကဲရော့ ... ကြိုး ... ရွှေရည် ... ဒီကြိုးနဲ့ နင့်ကောင်ကို သေသေချာချာ ကုလားထိုင်မှာတုပ်လိုက်စမ်း ... နိုင်နိုင်ချုပ်ချုပ်နော် ... ယီးတီးယားတားလုပ်တာနဲ့ နောက်ကခုတ်ထည့်လိုက်မယ် ..."

ရွှေရည်က မျက်ရည်စက်လက်ဖြင့် ရဲမာန်ကို ကြိုးဖြင့်တုပ်ရလေ၏။

"ကဲ ... ဟုတ်ပြီ ... အခုနေ တယောဆရာကြီးရဲ့ တဲကို မီးရှို့လိုက်ရင်တော့ ဘယ်သူကမှ ငါ့လက်ချက်လို့ ထင်မှာမဟုတ်ဘူး ပေါ့ဆမီးကြောင့် တယောဆရာကြီး နတ်ပြည်ကိုရောက်သွားပြီလို့ အားလုံးက ထင်ကြမှာပေါ့ ..."

"စိုးကြီး ... နင်ယုတ်မာလှချေလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ယုတ်မာတယ် ... မြသက်ကို ငါပဲသတ်ပစ်လိုက်တာ ... နင်လည်း မကြာခင် ငါ့မယားဖြစ်မှာပဲ ... ဒီနေရာမှာ ငြိမ်ငြိမ်နေ ... ထွက်မပြေးနဲ့ ထွက်ပြေးရင် နင့်ကောင်ကို ဓားနဲ့မွှန်းပြီး သတ်ပစ်မယ် ကြားလား ..."

လူစိတ်ပျောက်၍ တိရစ္ဆာန်စိတ်ပေါက်နေသော စိုးကြီးသည် လှေထဲတွင် အသင့်ယူလာသော ဓာတ်ဆီပုံးတစ်ပုံးကို သွား၍ယူလေသည်။ စိုးကြီးထွက်သွားသည်နှင့် ရွှေရည်သည် အကြံတစ်ခုရကာ အိမ်ရှေ့တွင် ချိတ်ထားသော အချက်ပေးသံ သံချောင်းအား ဆက်တိုက်တရစပ်ခေါက်လိုက်သည်။

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင် ... လာကြပါဦးဗျို့ ... ရွာသားတွေ ... လာကြပါဦးဗျို့ ..."

"ဟေ့ ရွှေရည် ... နင်ဒါဘာလုပ်တာလဲ ... ရပ်စမ်း ..."

"ဖျန်း ..."

ခပ်လှမ်းလှမ်းမှ ဓာတ်ဆီပုံးကိုဆွဲ၍ ပြန်ရောက်လာသော စိုးကြီးက ဓာတ်ဆီပုံးကိုချကာ ကပျာကယာ ပြေးလာပြီး သံချောင်းခေါက်နေသော ရွှေရည်၏ပါးကို လက်ပြန်ရိုက်ချလိုက်သဖြင့် ရွှေရည်မှာ ခွေလဲကျသွားတော့သည်။

သို့သော် ရွှေရည်၏ သံချောင်းသံကြောင့် ဖိုးလုံး၊ အေးမောင်ကြီး၊ မမြခက်တို့ အပါအဝင် ရွာသားများသည် ချက်ချင်းပင်စုရုံးကာ ရဲမာန်၏ တဲရှိရာသို့ ညာသံပေး၍ အပြေးချီတက်လာကြတော့သည်။ ထိုအခါ စိုးကြီးသည် ကြံရာမရဖြစ်လျက် အချိန်မရတော့သဖြင့် အိမ်ကလေးကို ကပျာကယာ ဓာတ်ဆီဖြင့်ပက်၍ ဓာတ်ဆီကို ခပ်ဝေးဝေး





အထိလမ်းကြောင်းချပြီးမှ ရွှေရည်ကို လှေပေါ်သို့ ဆွဲတင်ကာ မီးခြစ်ခြစ်၍ ဓာတ်ဆီကိုမီးတို့ကာ လှေကို ကမ်းမှခွာခဲ့လေ၏။

"မလုပ်ပါနဲ့ ကိုစိုးကြီးရယ် ... ကျွန်မ တောင်းပန်ပါတယ်"

ဟု ရွှေရည်က သနားစဖွယ် တောင်းပန်သေး၏။ သို့သော် မရတော့ပြီ။ စိုးကြီးသည် လူစိတ်ပျောက်ကာ မကောင်းဆိုးဝါးတစ်ကောင်နှယ် ဖြစ်နေခဲ့ပြီတည်။

"ငါ့အချစ်လမ်းခရီးကို အမြဲနှောင့်ယှက်တဲ့ကောင် သေပေတော့ ... ဟား ဟား ဟား ဟား ..."

ဓာတ်ဆီမီးတောက်ကလေးသည် တဖြည်းဖြည်းလမ်းကြောင်းအတိုင်း တဲဆီသို့ ရောက်သွားကာ နောက်ဆုံး၌ ဟုန်းခနဲ မီးထလောင်တော့၏။

လှေထဲမှ ရုန်းအော်ဟစ်နေသော ရွှေရည်ကို ချုပ်ကိုင်ထားရင်း စိုးကြီးက ခတ်တက်ကို သွက်သွက်နှင်ကာ ကမ်းစပ်မှခွာလာခဲ့သည်။

ထိုအချိန်တွင် ရွာသားများသည် မီးလောင်နေသော တဲအနီးသို့ ရောက်လာပြီး အော်ဟစ်ဆူညံနေကြကာ တချို့က ချောင်းထဲမှ ရေများကို ပြေးခပ်ကြပြီး တဲကိုဝိုင်း၍ ရေဖြင့်ပက်ကြ၏။

ထူးဆန်းသော အဖြစ်မှာ ထိုအချိန်တွင် မိုးကောင်းကင်သည် ရုတ်တရက်ချက်ချင်း မည်းမှောင်လာပြီး လျှပ်စီးတစ်ချက်လက်လိုက်၏။ ဆက်တိုက်ပင် မိုးခြိမ်းသံကိုလည်း ကြားရပြန်သည်။ ယင်းအခိုက်၌ပင် ထူးဆန်းစွာ မိုးကြီးသည် သည်းထန်စွာရွာချလေတော့သည်။ ပတ်ဝန်းကျင်ကား မှောင်စပျိုးလာခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်းထန်စွာရွာချလိုက်သော မိုးသည်းထဲဝယ် တဇယာထိုးသံတချို့ကို ကြားလိုက်ရသလိုရှိပြီး တချို့က မကြားရပာဟုဆိုကြသည်။ မည်သို့ရှိစေ ရုတ်တရက် ရွာချလာခဲ့သော မိုးကြောင့် မီးစွဲလောင်နေသော တဲမှာ ချက်ချင်းမီးငြိမ်းသွားတော့၏။ ထိုအခါ ရွာသားများ အိမ်ထဲသို့ အတင်းပြေးဝင်ကယ်ထုတ်လိုက်သောအခါ ကုလားထိုင်ပေါ်တွင် ကြိုးတုပ်ခံရလျက် အပူရှိန်ကြောင့် သတိလစ်မေ့မြောနေသော ရဲမှာန်ကို တွေ့ရလေသည်။ အိမ်အပြင်ထုတ်၍ ပြုစုလိုက်သောအခါ မကြာမီပင် ရဲမှာန်သည် သတိရလာလျက် မီးလောင်ဒဏ်ရာအချို့မှအပ လူကောင်းပကတိပမာရှိတော့၏။

တစ်ချိန်တည်း၌ မြို့မှ ခရီးပြင်းနှင်လာကြသော ရဲတပ်ဖွဲ့ဝင်များသည် ရွာအဝင်မှပင် မီးတောက်မီးလျှံများကို မြင်သဖြင့် အပြေးအလွှားလာရောက်ကြကာ။ လှေဖြင့်လှော်ထွက်ပြေးသော စိုးကြီးအား ကမ်းစပ်မှအော်ဟစ်၍ သတိပေးတားမြစ်လိုက်၏။

"ဟေ့ကောင် စိုးကြီး … မင်းလုပ်ရပ်တွေအားလုံး ငါတို့သိပြီးပြီ … မင်းအေးအေးဆေးဆေး အဖမ်းခံပါ …"

စိုးကြီးသည် ရဲများကိုတွေ့လိုက်ရသဖြင့် ကြောက်ရွံ့တုန်လှုပ်သွားကာ သူချုပ်ကိုင်ထားသော ရွှေရည်ကို လွှတ်၍ လှေကိုချောင်းတစ်ဖက်ကမ်း လမုတောထဲသို့ လှော်ပြေးတော့သည်။

သို့သော် လွှတ်လမ်းကိုချောင်းနေသော ရွှေရည်က စိုးကြီးသူ့ကို ချုပ်ထားရာမှ လွှတ်လိုက်သည်နှင့် ရေထဲသို့ဝုန်းခနဲ ခုန်ချကာ ရွာသားများရှိရာ ကမ်းဘက်သို့ ပြန်ကူးလာခဲ့၏။





ဤအခြေအနေ၌ စိုးကြီးသည် ရွှေရည်များစွာဂရုမစိုက်ဘဲ ချောင်းတက်ဖက်ကမ်းသို့သာ လှော်၍ ကမ်းစပ်သို့ လှေကပ်လိုက်သည်နှင့် လမုဝေမှခုန်ထွက်လိုက်တော့သည်။ ဤအချိန်မှာ ဒီရေကျချိန်နေပေသည်။ ချောင်းတက်ဖက်နှင့်တစ်ဖက်သည် ပေ(၄၀)ခန့်သာဖြင့် သည်ဘက်ကမ်းမှ ရွာသားများသည် မီးတုတ်များ၊ ဓာတ်မီးများဖြင့် ကြည့်နေသဖြင့် ဟိုဘက်ကမ်းမှ စိုးကြီးကို ကောင်းစွာမြင်ရလေသည်။

စိုးကြီးသည် ရွံ့နွံ့စပ်စပ်ထဲ၌ ဓနိပင်များထူထပ်စွာ ပေါက်ရောက်နေသော ဒီရေတောအုပ်ထဲသို့ ဝင်ပြေးသွားသည်ကိုမြင်ရ၏။

"ဟေ့ကောင်စိုးကြီး … ပြန်လာခဲ့ … တရားဥပဒေအတိုင်းဖြစ်စေရမယ် … မပြေးနဲ့"

အားလုံးက ဝိုင်းအော်သော်လည်း လက်မခံချေ။ ရဲများနှင့် ရွာသားလေးငါးယောက်က စိုးကြီးနောက်သို့လိုက်ရန် ချောင်းကိုဖြတ်ကူးရန်ပြင်လိုက်ကြသော်လည်း ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် ထိတ်လန့်ကာ ရှေ့ဆက်မတိုးရဲဘဲ ကမ်းစပ်သို့ အမြန်ပြန်တက်ကာ ရပ်ကြည့်နေရလေသည်။

သူတို့မြင်ရသောမြင်ကွင်းကား စိုးကြီးရှိရာ တစ်ဖက်ကမ်းစပ် လမုပင်များကြားမှ ဘွားခနဲထွက်လာသော ဧရာမမိကျောင်းကြီးတစ်ကောင်ကိုတွေ့လိုက်ရခြင်းပေတည်း။ ပင်လယ်ပြင်နှင့်နီးသောဒေသဖြစ်၍ တစ်ခါတရံ သူတို့ဒေသတွင် မိကျောင်းများတွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်းထန် နှိုနှင့် လုံးထွေးသတ်ပုတ်စခဲ့ကရခဲ့သော ဓားအဏ်
သံတချို့ကို ကြား ဒသွေးစက်များကြောင့် အသံားစားရေသတ္တဝါကြီး
မည်သို့ရှိစေ ရုတ် နသလိုရှိတော့၏။
သော တဲ ချောင်းကြီးကို အားလုံးက ဝိုင်းဝန်းခြောက်လှန့်ပစ်ခဲ့ကြ
သည်း နောက်ကြောင်းပြန်လှည့်ကာ ချောင်းထဲဆင်းမပြေးဘဲ
လမုပင်များကြားထဲသို့သာ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ခဏကြာသောအခါ စိုးကြီး၏ အထိတ်တလန့်အော်သံများ
လမုတောထဲမှပေါ်ထွက်လာ၏။ ရုန်းရင်းဆန်ခတ်ဖြစ်သံများ၊ တော
တိုးသံများကြားရပြီး ပတ်ဝန်းကျင်သည် ပကတိပြန်လည်တိတ်ဆိတ်
သွားတော့၏။

ဤနေ့သည်ကား စိုးကြီးကို အသက်ရှင်လျက် နောက်ဆုံး
တွေ့လိုက်ရသောနေ့ဖြစ်တော့သည်။



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်လခန့်ကြာသော
နေ့တွင် ရွှေရည်နှင့်ရဲမာန်ကို လူကြီးမိဘများ၏သဘောတူခွင့်ပြု
ချက်အရ ကျေးလက်ထုံးစံအတိုင်း လက်ထပ်ပေးစားလိုက်ကြသည်။
ရဲမာန်နေသော ချောင်းကွေ့မှတဲအိမ်လေးကိုလည်း အပြီးတိုင်စွန့်
လွှတ်လိုက်၍ ရွာထဲမှာပင် တစ်အိုးတစ်အိမ်တည်ထောင်လိုက်ကြ
သည်။

မင်္ဂလာဦးညတွင် ရဲမာန်နှင့်ရွှေရည်နှစ်ဦးစလုံး ထူးဆန်းသော
အိပ်မက်တစ်ခုကို မြင်မက်ကြ၏။ အိပ်မက်ထဲတွင် မြသက်သည်
ရွှင်ပြုံးသောမျက်နှာ၊ တောက်ပသောအဝတ်အစားများဖြင့် သူတို့ကို
လာရောက်ကိုယ်ထင်ပြပြီး စကားပြော၏။

"ငါ့အတွက် အလှူတွေလုပ်ပေးတာ ကျေးဇူးတင်ပါတယ်၊
နင်တို့ပေးတဲ့ ကုသိုလ်အဖို့ဘာဂကြောင့် မြင့်မြတ်တဲ့ဘုံကို ငါသွားရ
တော့မယ် ... ငါသွားရမှာ ဘယ်ဘုံလဲ နင်တို့သိလား"



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး ပြောခဲ့ပါဦး"

"အေး ... ငါသွားရမှာကတော့ မနုဿတ္တလို့ခေါ်တဲ့ ဒါန သီလ၊ ဘာဝနာကို စိတ်ရှိတိုင်းပွားများအားထုတ်နိုင်တဲ့ လှူဘုံလှူဘက်ကိုပဲ။ ငါ နင်တို့ဆီကိုလာခဲ့မယ် ... ငါ့ကိုလက်ခံပါလား ... ငါအေး အေးချမ်းချမ်းပဲလာမှာပါ ... ငါ့မှာ အရင်ကလို လောဘ၊ ဒေါသ၊ မောဟတွေ မရှိတော့ပါဘူး"

"လာချင်ရင်လာခဲ့လေ ..."

ဟု ရွှေရည်က ပြောလိုက်သည်နှင့် မြသက်သည် ရုတ်တရက် ပျောက်ကွယ်သွားကာ အိပ်မက်မှလန့်နိုးလေသည်။

ရဲမာန်လည်း အိပ်ရာမှနိုးလာသည်နှင့် သူတို့လင်မယားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကြည်ကြည်နူးနူး ပြုံးလိုက်ကြပါသတည်း။

ကျန်းမာချမ်းသာကြပါစေ ...

**နေမင်းဆောင်ခြည်**

၁၁-၂-၂၀၀၉



www.burmeseclassic.com